ကြေးမုံ
The Mirror
၁၃၆၅ခုနှစ်၊ ဝါခေါင်လဆန်း ၉ရက်၊ ဗုဒ္ဓဟူးနေ့၊ (6-8-2003) (၃၉၅၄)

ပူဇာစ ပူဇနေယျာနံ တေံ မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

သတင်း
ဆောင်းပါးနှင့်
ဓာတ်ပုံ–
ကျော်မြင့်သန်း
(လမ်းမတော်)

ထုံးဘိုမြို့ အနီး အကောက်တောင်နံရံမှ ထူးခြားဆန်းကြယ် ဗုဒ္ဓရုပ်ပွားတော်များ သွားရောက်ဖူးမြော် ကုသိုလ်ယူနိုင်



ပဲခူးတိုင်းအနောက်ပိုင်း ထုံးဘိုမြို့အနီး ဧရာဝတီမြစ်ကမ်းမှ အကောက်တောင်နံရံထက်တွင် ဆန်းကြယ်စွာ စံပယ်လျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဤသို့ ဖူးမြော်ခဲ့ရသည်မှာ–––––။

ဓာတ်ပုံ–ကျော်မြင့်သန်း(လမ်းမတော်)

ရန်ကုန် ဩဂုတ် ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် နေ့မအား ညမနား ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် ပြည်နယ်၊ တိုင်း ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် နည်းနိုင်သမျှ နည်းစေရန် ကဏ္ဍအလိုက် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

ဆယ်စုနှစ်တစ်ခု စွန်းရုံမျှနှင့် မြစ်ချောင်းများပေါ်တွင် တံတားသစ်ကြီးများ ပေါ်ပေါက်လာခဲ့ပြီး လမ်းသစ်များလည်း မိုင်ထောင်ချီ၍ ဖောက်လုပ်ပေးနိုင်ခဲ့ရာ နိုင်ငံတစ်ဝန်းတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခဲ့ခြင်းကြောင့် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်းများ တိုးတက်ကောင်းမွန်မှုကို အထောက်အကူပြုလျက် ရှိနေပေပြီ။

မကြာသေးမီက စာရေးသူတို့အဖွဲ့သည် ရန်ကုန်မှ ပြည်သို့ ကားလမ်းခရီးဖြင့် ထွက်ခွာခဲ့ကြသည်။ ပြည်မှ တစ်ဆင့် တစ်ဖက်ကမ်းသို့ နဝဒေးတံတားကြီးကို ဖြတ်သန်း၍လာကြပြီး ပန်းတောင်းဘက်ကမ်းမှ ရွှေဘုံသာ မုနိဘုရားကြီးကို တံတားဖြတ်သန်းစဉ် ကားပေါ်မှသာ ဦးခိုက်ပူဇော် ကန်တော့ခဲ့ရသည်။ ဆက်လက်၍ ကတ္တရာလမ်းအတိုင်း မိုင် ၂၀ခန့်မောင်းရုံမျှနှင့် ဥသျှစ်ပင်မြို့သစ်သို့ ရောက်ရှိကြသည်။

မြို့မှာ စည်ကားလှသည်။ ဈေး၊ ကျောင်း၊ တည်းခိုခန်းများနှင့် လူအများ စည်ကားစွာ ရောင်းဝယ်နေသည်။ ဥသျှစ်ပင်မှ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❐

မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲ ရှားပါးတူရိယာနှင့် တိုင်းရင်းသားတူရိယာများ သရုပ်ပြတီးမှုတ် ခင်းကျင်းပြသမည်

ရန်ကုန် ဩဂုတ် ၅

မြန်မာ့တူရိယာများသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ခန့်မှ စတင်၍ မြန်မာ့ယဉ်ကျေးမှုသက်တမ်းတစ်လျှောက်ဖြစ်သော ပျူ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်အဆက်ဆက်တွင် များပြားစုံလင်စွာ ထွန်းကားခဲ့သည်။

ပျူခေတ်မှစတင်၍ ကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက်၌ တူရိယာအမျိုးမျိုး ပေါ်ပေါက်ခဲ့ရာတွင် အချို့သော တူရိယာများမှာ လုံးဝပျောက်ကွယ်ခဲ့၍ အချို့မှာ အမည်အားဖြင့်သာလျှင် ကျန်ခဲ့တော့သည်။

ပုဂံခေတ် (အေဒီ ၁၀၄၄–၁၂၉၈ ထိ)တွင် ခရုသင်း၊ ခရာ၊ ငြင်း၊ တံပိုး၊ ပလွေ၊ ခေါင်းလောင်း၊ ခြူ၊ ချပ်၊ ခွက်ခွင်း၊ စည်းစုပ်၊ ဆည်းလည်း၊ နဂါးကြည်း၊ နရည်းစရာ၊ နောင်းနင်း၊ စည်၊ စည်ကြီး၊ ပတ်သာ၊ ပဟိုရ်စောင်း၊ စန္ဒရားနှင့် တယော စသော တူရိယာများ ပေါ်ပေါက်ခဲ့ကြောင်း ပုဂံခေတ်ထိုး ကျောက်စာများနှင့် လက်မှုအနုပညာ **ပန်း** အတတ်ပညာ လက်ရာများမှ ဖော်ထုတ်တွေ့ရှိရသည်။

အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ် (အေဒီ ၁၃၆၄–၁၈၈၅)များတွင် ဆက်လက်တီထွင်ပေါ်ပေါက်သော တူရိယာများမှာမား မိကျောင်း၊ အောင်းကလေး၊ လက်ခုပ်၊ ပတ္တလား၊ စည်ပတ်၊ စည်ပန်းတောင်း၊ မုရိုးစည်၊ စည်အိမ်ရှင်၊ မြှောက်စည်၊ စည်ဖြော၊ စည်ပတ်၊ စည်ဝန်း၊ အိုးစည်၊ သံလွင်(စည်)၊ သံလွင် (စည်း)၊ ဒုံမင်း(စည်)၊ ဒုံမင်း(လေ)၊ ဒိုးပတ်၊ သံကောက်၊ လင်းကွင်း၊ ကြေးပတ်၊ တံရှည်၊ တံမြွှာ၊ ဗုံရှည်၊ ဗုံကြီး၊ ပတ်ဆိုင်း (ပတ်စိုင်း၊ ဆိုင်း၊ ဆိုင်းဝိုင်း)၊ ဆိုင်းစိုင်းပါတူရိယာများ၊ ဖက်လိပ်၊ သပြေသာ၊ ထုလောင်၊ နရည်း၊ သနဲ၊ နှဲ စသည်တို့ ဖြစ်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၆ သို့ ❀



မြန်မာနှဲ

မြန်မာနှဲတွင် အဓိကအားဖြင့် ခုနစ်မျိုးရှိသော်လည်း နောက်ပိုင်းတွင် တီထွင်လာခဲ့ကြရာ ယခုအခါ ၁၄မျိုးအထိ ရှိနေပြီဖြစ်သည်။ ယင်း ၁၄မျိုးမှာ ဝံသာနုနှဲ၊ နှဲကြီး၊ လေးဆစ်တံနှဲ၊ သုံးဆစ်တံနှဲ၊ နှစ်ဆစ်တံနှဲ၊ သံလတ်တံနှဲ၊ သံထီးတံနှဲ၊ သံကပ်တံနှဲ၊ သံချပ်တံနှဲ၊ ရှစ်ပေါက်နှဲ၊ အင်းဝနှဲ(ခေါ်) ခြောက်ပေါက်နှဲ၊ ဝမ်းပူနှဲ(ခေါ်)ခြောက်ပေါက်နှဲ၊ ကြေးနှဲ၊ ဆယ်လက်မနှဲဟူ၍ ဖြစ်သည်။

ဓာတ်ပုံ–သွင်အေး(ကြေးမုံ)

ဝါးစောင်းနှင့် အုန်းမှုတ်တယော

ဝါးစောင်းကို ကရင်၊ ကယား၊ ချင်းနှင့် ရှမ်းတိုင်းရင်းသားတို့ အသုံးပြုကြသည်။ ကျေးလက်လုပ်ငန်းခွင်သုံး တူရိယာဖြစ်ပြီး ဝါးပိုးဝါးတစ်မျိုးတည်းနှင့်သာ လုပ်လေ့လုပ်ထရှိသည်ဟု ဆိုသည်။

အုန်းမှုတ်တယောကိုမူ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးတို့ အသုံးပြုကြသည်။ တောင်ပေါ် တိုင်းရင်းသားများက အုန်းမှုတ်တွင် သစ်သားအရိုးတတ်ပြီး တီးခတ်လေ့ရှိသော်လည်း မွန်နှင့် ရခိုင်တိုင်းရင်းသားများတို့ကမူ သစ်သားအရိုးတွင် ကနုတ်ပန်းများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ ထွင်းထုကာ တန်ဆာဆင်ထားတတ်ကြသည်။ (အောက်ပုံ)

ဓာတ်ပုံ–သွင်အေး(ကြေးမုံ)

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(6-8)KM.P65 1 8/6/03, 12:30 AM

ကြေးမုံ The Mirror

၆-၈-၂၀၀၃
(ဗုဒ္ဓဟူးနေ့)

မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင် မြန်မာမှုများ ပီပြင်စွာ ဖော်ထုတ်ယှဉ်ပြိုင်

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် ထုံးတမ်းစဉ်လာများ ထိန်းသိမ်းစောင့်ရှောက်ရေးသည် အရေးကြီးသည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၏ကိုယ်ပိုင်အမျိုးသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှုမရှိပါက အမျိုးဂုဏ်၊ ဇာတိဂုဏ်လျော့ပါးပြီး နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ယနေ့နိုင်ငံတကာတွင် သိပ္ပံနှင့်နည်းပညာရပ်များ၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာရပ်များ တိုးတက်ပြောင်းလဲလာမှုနှင့်အတူ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများက လွန်ကဲစွာ လွှမ်းမိုးလာလျက်ရှိသည်။ ဓနအင်အားနှင့် နည်းပညာသာလွန်သည့် နိုင်ငံကြီးအချို့က မီဒီယာစွမ်းအားဖြင့် တစ်ကမ္ဘာလုံးကိုလွှမ်းခြုံပြီး ၎င်းတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ လူနေမှုတန်ဖိုးများကို ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ထိုးဖောက်လွှမ်းမိုးနိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း တွေ့မြင်နေရသည်။

ထို့ကြောင့်ပင် အရှေ့တိုင်းနိုင်ငံများအပါအဝင် ယဉ်ကျေးမှု အစဉ်အလာကြီးမားသည့် နိုင်ငံအများစုမှာ မိမိနိုင်ငံသူ၊ နိုင်ငံသားများအကြား မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ် ပြန်လည်ထွန်းကားပြန့်ပွားစေရန် ဆောင်ရွက်လျက်ရှိကြသည်။ နိုင်ငံအလိုက် ရိုးရာယဉ်ကျေးမှု ပြန်လည်ဖော်ထုတ်ထိန်းသိမ်းမှုများကို အလေးထားဆောင်ရွက်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံသည် သမိုင်းအစဉ်အဆက်ကပင် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မှု၊ ရိုးရာယဉ်ကျေးမှု ပွားစီး စည်ပင်စေရန် ပြုစုပျိုးထောင်မြှင့်တင်နိုင်မှုတို့တွင် အစဉ်အလာကောင်းများရှိခဲ့သည့်နိုင်ငံဖြစ်သည်။ ယနေ့ကာလတွင် အမျိုးသားရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးကို အစဉ်တစိုက်ဆောင်ရွက်လာခဲ့သည့် မြန်မာနိုင်ငံအဖို့ အမျိုးသားရေးစိတ်ဓာတ် မြင့်မားခိုင်ကျည်မှုနှင့် ရိုးရာယဉ်ကျေးမှု မြတ်နိုးလေးစားစောင့်ထိန်းမှုအပိုင်းတွင် များစွာတိုးတက်ဖြစ်ထွန်းလျက်ရှိပေသည်။

သို့သော်လည်း ပြည်ပကိုအားကျမျှော်ကိုးပြီး အနောက်နိုင်ငံကြီးများပေါ် ယဉ်ကျေးမှုဓလေ့စရိုက်နှင့် လူ့တန်ဖိုးများကို မြတ်နိုးကာ အနောက်တိုင်းအစဉ်အလာအတိုင်း လိုက်ပါကျင့်ကြံလုပ်ဆောင်နေကြသည့် အစိတ်အပိုင်းများလည်း ရှိနေသည်ကို တွေ့ရသည်။

ထို့ကြောင့် နိုင်ငံတော်က အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများကို ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ယင်းသို့ အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက်များ ထိန်းသိမ်းမြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၂ ရက်နေ့က ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ကျင်းပရာ ကောဒသမအကြိမ်(၁၁)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ပြိုင်ပွဲဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာတွင်- **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ နှစ်စဉ်အောင်မြင်ဖြစ်ထွန်းမှုကြောင့် လူငယ်များ စိတ်ဓာတ်ရေးရာ တိုးတက်မြင့်မားလာမှုများ၊ နိုင်ငံတော်နှင့် လူမျိုး၏ဂုဏ်သိက္ခာ ပိုမိုမြင့်မားဂုဏ်တင့်စေမှုများ စသည့် အကျိုးရလဒ်ကောင်းများ ထင်ထင်ရှားရှား ပေါ်ထွန်းနေပြီဖြစ်သည့် အခြေအနေအချိန်အခါကောင်းတွင် ကောဒသမအကြိမ် (၁၁)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး မျှော်မှန်းသည်ထက် ပိုမိုအောင်မြင် ဖြစ်ထွန်းရေးအတွက် အားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်** ပြောကြားခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် အရေအတွက်အရရော၊ အရည်အသွေးအရပါ တဖြည်းဖြည်းမြှင့်တင်ဆောင်ရွက်လျက်ရှိရာ (၁၁)ကြိမ်မြောက်ပြိုင်ပွဲသို့တိုင်ရောက်ရှိလာပြီဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ပီပြင်စွာထင်ဟပ်ဖော်ထုတ်ပြသနိုင်သည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်သည့် အစီအမံများတွင် အရေးပါလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ ပီပြင်စွာဖော်ထုတ်ယှဉ်ပြိုင်နိုင်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများ ဖော်ညွှန်းပြသနိုင်ရေးတို့အတွက် အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ရောဝတီတိုင်းအတွင်းဆေးရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၅

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမောင်မောင်ဝင့်နှင့် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းအောင်တို့ လိုက်ပါလျက် ဩဂုတ် ၃ရက် နံနက်ပိုင်းတွင် ရောဝတီတိုင်း ညောင်တုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်၍ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးပစ္စည်းသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရောဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျန်းမာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြား၍ လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ဓနုဖြူဆေးရုံ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဓနုဖြူမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာပေါ်ထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် အစည်းအဝေးခန်းမဆောင်၌ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေး ပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှင်းလင်းမှာကြားသည်။

ဇလွန်ဆေးရုံ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဇလွန်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံအတွင်း လူနာများအား ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကြည်ဆွေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသသည်။ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှု၊ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၏ ဦးဆောင် ဆောင်ရွက်မှုကြောင့် အောင်မြင်ခြင်းဖြစ်၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဟင်္သာတဆေးရုံ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတမြို့နယ် ခုတင်-၂၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ပြုံး၊ ဆေးရုံအုပ်ကြီး ဒေါက်တာဝင့်ဝင့်တို့နှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လူနာများ ကျန်းမာရေး စောင့်ရှောက်ပေးမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများအား နွေးထွေးစွာကြိုဆို၍ စေတနာ၊ မေတ္တာထား ပြုစုကုသပေးရန်နှင့် ပြည်သူများအား ကွင်းဆင်းကုသပေးရန်၊ ပြည်သူများ အားကိုးသော ဆေးရုံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတမြို့နယ် သူနာပြုသင်တန်းကျောင်းသို့သွားရောက်၍ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းသူများနှင့်တွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကျုံပျော်ဆေးရုံ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကျုံပျော်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံ၌ တက်ရောက်ကုသနေသော လူနာများအား ကျန်းမာရေး စောင့်ရှောက်ပေးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ အခြေခံ ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ စဉ်ဆက်မပြတ်လေ့ကျင့် သင်ကြားရေးများကို ဆက်လက် တိုးမြှင့်ဆောင်ရွက်ရန် မှာကြားသည်။

ရေကြည်ဆေးရုံ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံအတွင်း လူနာဆောင်များရှိ လူနာများအား ကုသမှု အခြေအနေများကို စစ်ဆေးပြီး အားပေးစကားပြောကြား၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ ဝန်ကြီးသည် ဆေးရုံအစည်းအဝေးခန်းမ၌ ကျန်းမာရေး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာမှတ်တမ်းများ၊ စာရင်းဇယားများ၊ ကွန်ပျူတာစနစ်ဖြင့် စနစ်တကျ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ရန် မှာကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရောဝတီတိုင်း ကန်ကြီးထောင့် မြို့နယ်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေးစဉ်။ (ကျန်းမာရေး)

အသုတ်တိုက်နယ်ဆေးရုံ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အသုတ်တိုက်နယ်ဆေးရုံသို့သွားရောက်၍ ဆေးရုံအတွင်း ဆေးဝါးကုသမှုခံယူနေသော လူနာများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုက်နယ်ဆရာဝန် ဒေါက်တာကျော်မျိုးလှိုင်က လိုက်လံရှင်းလင်းပြသသည်။ ဝန်ကြီးက လူနာများအား အားပေးစကားပြောကြား၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ ဝန်ကြီးက ဆေးရုံအစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအားကိုးသော ဆေးရုံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ပုသိမ်ဆေးရုံ

ဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ လူနာများအား ကျန်းမာရေး စောင့်ရှောက်ပေးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီးသည် အစည်းအဝေးခန်းမဆောင်၌ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျန်းမာရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုအခြေအနေ၊ မူဝါဒ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားပြီး လူနာများအား နွေးထွေးစွာကြိုဆို၍ စေတနာမေတ္တာဖြင့် ပြုစုစောင့်ရှောက်ကုသမှုပေးရန်၊ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးကိစ္စရပ်များကို ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သူနာပြု သားဖွားသင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးကာ သင်တန်းသူများနှင့် တွေ့ဆုံ၍ ပြည်သူများအားကိုးသော ကျန်းမာရေး ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်အတွက် သင်တန်းကို ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ကန်ကြီးထောင့်တိုက်နယ်ဆေးရုံ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကန်ကြီးထောင့် တိုက်နယ်ဆေးရုံသို့ သွားရောက်၍ လူနာများအား ပြုစုစောင့်ရှောက် ကုသမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များဖြည့်ဆည်းပေးသည်။ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

အင်းမတိုက်နယ်ဆေးရုံ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် အင်းမတိုက်နယ်ဆေးရုံသို့သွားရောက်၍ ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ပန်းတနော်ဆေးရုံ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ပြင်ပလူနာခန်း၊ လူနာကုသခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်းနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

မြောက်တိုင်းလည်း မမြောက်နဲ့

အီရတ်နိုင်ငံကို အီရတ်လူမျိုးတို့ အုပ်ချုပ်နိုင်ရေး လုပ်ဆောင်သင့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်သစ် လိုအပ်ဟု အီဂျစ်ဝန်ကြီး ပြောဆို

ကိုင်ရို ဩဂုတ် ၄

အီရတ်နိုင်ငံအား အီရတ်လူမျိုးတို့က အုပ်ချုပ်နိုင်မည့်အခွင့်အရေးကို အီရတ်ပြည်သူလူထုအား ပြန်လည်အပ်နှင်းနိုင်စေရန် အမြန်ဆုံးလုပ်ဆောင်သင့်ကြောင်း အီဂျစ်နိုင်ငံခြားဝန်ကြီးအာမက်မာဟာက တနင်္ဂနွေနေ့တွင်ပြောကြားလိုက်သည်။

ဆုံးဖြတ်ချက်သစ်ချမှတ်

ကုလသမဂ္ဂသည် အီရတ်နိုင်ငံ၏အာဏာကို ပြည်သူလူထုထံသို့ ပြန်လည်အပ်နှင်းရေး၌ အဓိကအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားသင့်ကြောင်း မာဟာက သတင်းထောက်များကိုပြောကြားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အီရတ်နိုင်ငံနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်သစ်တစ်ရပ်ကို ချမှတ်ခြင်းဖြင့် ယင်းနိုင်ငံနှင့်ပတ်သက်၍ တိုးတက်မှုများ ပိုမိုဖြစ်ပေါ်လာနိုင်သည်ဟု အီဂျစ်နှင့် အခြားသောနိုင်ငံများက ယုံကြည်ယူဆကြကြောင်း ၎င်းကပြောကြားသည်။

အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရိုတွင် အင်္ဂါနေ့၌ကျင်းပသည့် အာရပ်အဖွဲ့ချုပ်ကော်မတီအစည်းအဝေးတွင် အီရတ်နိုင်ငံ၌ အာရပ်လုံခြုံရေးတပ်ဖွဲ့တစ်ဖွဲ့ ဖြန့်ကြက်ရေးကိစ္စရပ်ကို ဆွေးနွေးမည်မဟုတ်ကြောင်း ပြောကြားသည်။ သို့ရာတွင် အီရတ်နိုင်ငံပြန်လည်ထူထောင်ရေး၌ အီရတ်ပြည်သူများ ပါဝင်လှုပ်ရှားနိုင်စေမည့် နည်းလမ်းများကိုမူ ဆွေးနွေးမည်ဖြစ်ကြောင်း အီဂျစ် နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဖွဲ့စည်းနိုင်ခွင့်ရှိ

အီရတ်နိုင်ငံတွင် ကြားဖြတ်အုပ်ချုပ်ရေးကောင်စီတစ်ရပ် ဖွဲ့စည်းထူထောင်နိုင်မှုကို အာရပ်နိုင်ငံများက ကြိုဆိုကြသည်။ အဆိုပါ အုပ်ချုပ်ရေးကောင်စီသည် ရေနံကြွယ်ဝသော ပင်လယ်ကွေ့နိုင်ငံတစ်နိုင်ငံဖြစ်သည့် အီရတ်နိုင်ငံ၌ အမေရိကန်ကျူးကျော်သိမ်းပိုက်မှု အဆုံးသတ်စေမည့် နည်းလမ်းအဖြစ် ရှုမြင်ကြသည်။ အီရတ် ကြားဖြတ်အုပ်ချုပ်ရေးကောင်စီသည် စစ်ပြီးကာလ၌ ပေါ်ပေါက်လာသော ပထမဆုံး အမျိုးသားစီမံအုပ်ချုပ်ရေး အဖွဲ့အစည်းတစ်ရပ်ပင်ဖြစ်သည်။ အဖွဲ့ဝင် ၂၅ ဦးပါ အုပ်ချုပ်ရေးကောင်စီသည် ဝန်ကြီးများအား ခန့်အပ်နိုင်ခွင့်၊ နိုင်ငံတော်ဘတ်ဂျက် အတည်ပြုနိုင်ခွင့်၊ ဖွဲ့စည်းပုံဥပဒေသစ်ရေးဆွဲမည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်ခွင့်ရှိမည်ဖြစ်သည်။ သို့ရာတွင် အဆိုပါကောင်စီ၏ အပြီးသတ် ဆုံးဖြတ်ချက်များတွင် အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာ၏ သဘောတူညီမှုရယူရန် လိုအပ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ တီကရစ်မြို့တွင် အသင့်အနေအထားဖြင့် လမ်းများပေါ်၌ ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်သားများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး အမေရိကန်မပါဘဲ လုပ်ဆောင်လို

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးကို အမေရိကန်မပါရှိဘဲ မိမိတို့ဘာသာမိမိတို့ လုပ်ဆောင်လိုသူများ ရှိနေကြသည်။

မြို့တော်ဘဂ္ဂဒက် မြို့လယ်ဒေသတွင် ဖွင့်လှစ်ထားသော အလေးမအားကစားကလပ်အသင်းတွင် အီရတ်အမျိုးသား လူငယ်လူရွယ်များသည် အင်အားကြွံခိုင်ကြီးမားသည့် ကြွက်သားပိုင်ရှင်များဖြစ်လာကာ အနာဂတ်အတွက် နိုင်ငံတော်က အလေးထားရသည့် လူငယ်များဖြစ်အောင် ကြိုးပမ်းလျက်ရှိကြသည်။

ကိုယ်ကာယအလှရှင်များ

"ကိုယ်ကာယအလှရှင်များ"ဟူ၍ အမည်ပေးထားသော အဆိုပါ အလေးမကလပ်အသင်းတွင် လူတန်းစားအလွှာအသီးသီးမှ လူငယ်လူရွယ်များအဖွဲ့ဝင်အဖြစ် ပါဝင်ကြပြီး ၎င်းတို့သည် ကျန်းမာကြံ့ခိုင်ကာ နိုင်ငံပြန်လည် ထူထောင်ရေးလုပ်ငန်း၌ လုပ်ကိုင်ရန်အားခဲမှုရှိပုံကို ထုတ်ဖော်ပြောကြားကြသည်။

အဆိုပါ အလေးမအသင်းကို ထူထောင်သူမှာ အီရတ်လူမျိုးတစ်ဦးဖြစ်သူ ဆာဘားတယ်လစ်ဆိုသူဖြစ်သည်။ ၎င်းသည် ၁၉၇၀ ပြည့်နှစ်ကာလက အလေးမအားကစားချန်ပီယံတစ်ဦး ဖြစ်ခဲ့သူဖြစ်သည်။

ပိုမိုတိုးပွားလာ

တယ်လစ်ထူထောင်ခဲ့သော အလေးမ ကလပ်အသင်းတွင် ယခုအခါ အဖွဲ့ဝင် ၅၀၀ ခန့်ရှိသည်။ မိမိတို့၏ ကလပ်အသင်းတွင် အီရတ်စစ်ပွဲပြီးဆုံးချိန် ကာလမှစ၍ အဖွဲ့ဝင်ဦးရေ ပိုမိုတိုးပွားလာခဲ့ကြောင်း၊ မိမိတို့ လူငယ်လူရွယ်များသည် အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး၌ ပါဝင်လုပ်ကိုင်ရန် ရည်မှန်းထားကြကြောင်း တယ်လစ်၏ သားဖြစ်သူ အလီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပေါ်တူဂီတောမီး ငြိမ်းသတ်ရေးကူညီရန် အီးယူကို မေတ္တာရပ်ခံ

လစ္စဘွန်း ဩဂုတ် ၄

ပေါ်တူဂီနိုင်ငံတွင် တောမီးများလောင်ကျွမ်းမှု ငြိမ်းသတ်ရာတွင် အကူအညီပေးပါရန် ပေါ်တူဂီနိုင်ငံက ဥရောပသမဂ္ဂ(အီးယူ)သို့ စနေနေ့တွင် မေတ္တာရပ်ခံလိုက်သည်။

ပေါ်တူဂီပြည်ထဲရေးဝန်ကြီး အန်တိုနီယိုဖီဂူဟာရီဒိုလိုပက်စ်က ယင်းသို့ မေတ္တာရပ်ခံလိုက်ခြင်းဖြစ်ပြီး အီတလီနိုင်ငံက ပေါ်တူဂီသို့ လေယာဉ်များစေလွှတ်ခြင်းဖြင့် တုံ့ပြန်ထားကြောင်း ပေါ်တူဂီမီဒီယာက ဖော်ပြသည်။

သောကြာနေ့မှ စတင်ကာ လေပြင်းများ တိုက်ခတ်မှုကြောင့် ပေါ်တာလီဂရီဒေသတွင် တောမီးလောင်ကျွမ်းမှုကို အခြေအနေ ပိုမိုဆိုးရွားသွားစေကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ် ရေနံထုတ်လုပ်မှု တိုးတက်ရန် ကြိုးပမ်း ကမ္ဘာ့ဈေးကွက်သို့ အီရတ်ရေနံ ရောက်ဦးမည်မဟုတ်

မော်စကို ဩဂုတ် ၄

အီရတ်နိုင်ငံသည် စစ်ပွဲကြောင့် ပျက်စီးသွားသော ရေနံလုပ်ငန်းကို တိုးတက်အောင်ဆောင်ရွက်ပြီး ရေနံထုတ်လုပ်မှုမြှင့်တင်ရန် ကြိုးပမ်းနေသည်။ သို့သော် တိုးတက်မှုမှာ နှေးကွေးနေသဖြင့် ယခုနှစ်ကုန်ပိုင်း အထိ သိသိသာသာ အခြေအနေများ ပြောင်းလဲလာစရာမရှိကြောင်း မော်စကိုမြို့သို့ ရောက်ရှိနေသော ဗင်နီဇွဲလားနိုင်ငံ ရေနံဝန်ကြီး ရာဖာရာမီရာဇ်က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

အဖျက်လုပ်ရပ်

အီရတ်ရေနံလုပ်ငန်းသည် ယခုအခါ အဖျက်လုပ်ရပ်များ၏ ဒဏ်ကိုခံနေရသည်။ လက်ရှိထုတ်လုပ်မှု အခြေအနေမှာ အီရတ်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော တပ်များ ဝင်ရောက်မတိုက်ခိုက်မီ ဆက်ဒမ်လက်ထက်က ထုတ်လုပ်မှုအဆင့်၏ သုံးပုံတစ်ပုံခန့်ကိုသာ ထုတ်လုပ်နိုင်သည်ဟု ဆိုသည်။

အီရတ်ရေနံလုပ်ငန်းမှ ထုတ်လုပ်မှုအခြေအနေသည် မျှော်မှန်းထားသကဲ့သို့ တိုးတက်လာခြင်းမရှိသေးပေ။ စစ်ပြီးသွားသောအခါ အီရတ်ရေနံများ အထွက်တိုးလာပြီး ကမ္ဘာ့ဈေးကွက်တွင် ရေနံများအလျှံပယ် ထွက်လာမည်ဟု မျှော်မှန်းထားခဲ့သည်။ သို့သော် ထိုမျှော်မှန်းချက်မှာ လက်တွေ့ဖြစ်မလာပေ။ အီရတ်ရေနံ ထုတ်လုပ်မှုသည် ၂၀၀၃ ခုနှစ် အကုန်ပိုင်းအထိ သိသိသာသာတိုးတက်လာဦးမည်မဟုတ်ဟု ဗင်နီဇွဲလား ရေနံဝန်ကြီးက ပြောကြားသည်။

ယခုအခါ အီရတ်သည် နေ့စဉ် ရေနံစိမ်းစည် ၁ ဒသမ ၂ သန်းထုတ်လုပ်လျက်ရှိပြီး ၎င်းအနက် သုံးပုံနှစ်ပုံကို ပြည်ပသို့ ပို့နိုင်ခြေရှိသည်။ ဩဂုတ်လလောက်တွင် အီရတ်တောင်ပိုင်းရေနံမြေမှ ရေနံစိမ်းစည် တစ်နေ့လျှင် ၆၅၀၀၀၀ ခန့် တင်ပို့နိုင်စရာရှိသည်ဟု ဘဂ္ဂဒက်မှ အမေရိကန် အုပ်ချုပ်ရေးအရာရှိများက ဆိုသည်။ စစ်မဖြစ်မီက အီရတ်နိုင်ငံသည် နေ့စဉ် ရေနံစိမ်းစည် ၂ ဒသမ ၈ သန်းထုတ်လုပ်ခဲ့ပြီး ပြည်ပသို့ နေ့စဉ် ရေနံစိမ်း စည် ၂ ဒသမ ၂ သန်း တင်ပို့ရောင်းချနိုင်စွမ်းရှိသည်။

လာမည့်နှစ်တွင် အီရတ်ရေနံများ ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်လာနိုင်စရာရှိ၍ ၂၀၀၄ ခုနှစ်တွင် ရေနံလုပ်ငန်း အကျပ်အတည်း တွေ့စရာရှိသည်။ ***အင်တာနက်။***

ဥရောပ ဖလားဘောလုံးပြိုင်ပွဲ

အီတလီ ဥရောပဖလားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၃ ရက်က အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် အရှေ့ရူသာဖို့ဒ် အားကစားကွင်း၌ကျင်းပရာ ဂျူဗင်းတပ်စ်အသင်းမှ ပါဗက်နက်ဗက် (ယာ)က အေစီမီလန်အသင်းမှ ဒါလီယိုဆီမစ်ကို ကျော်၍ ခေါင်းတိုက်ရန်ကြိုးစားစဉ်။

(ထိုပွဲ၌ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။)

(ဓာတ်ပုံ-အင်တာနက်)

မူးယစ်ဆေးဝါး ထုတ်လုပ်သည့် ဓာတ်ခွဲခန်း စပိန်ရဲတပ်ဖွဲ့က စီးနင်းဖျက်ဆီး

မဒရစ် ဩဂုတ် ၄

စပိန်ရဲတပ်ဖွဲ့သည် မြေအောက်မူးယစ်ဆေးဝါးထုတ်လုပ်ရာ ဓာတ်ခွဲခန်းတစ်ခန်းကို ရှင်းလင်းဖယ်ရှားပစ်လိုက်ပြီး ကိုလံဘီယာနိုင်ငံသားအပါအဝင် လူသုံးဦးကို ဖမ်းဆီးမိခဲ့ကြောင်း စပိန်ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

စပိန်ရဲတပ်ဖွဲ့ဝင်များသည် စပိန်နိုင်ငံအလယ်ပိုင်း ဆာလာမန်ကာဒေသအနီး ကျေးလက်နေအိမ်အတွင်းရှိ အဆိုပါ ဓာတ်ခွဲခန်းအား စီးနင်းဝင်ရောက် တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း ဒေသန္တရ ရဲတပ်ဖွဲ့အကြီးအကဲ မာတီနက်စ်က ပြောကြားသည်။

ယင်းသို့ စီးနင်းတိုက်ခိုက်ရာတွင် မူးယစ်ဆေးပြား ၂၀၀၀၀၊ မူးယစ်ဆေးဝါးထုတ်လုပ်သည့် ပစ္စည်း ကိရိယာအချို့နှင့် ယူရိုငွေ ၇၇၀၀ (အမေရိကန်ဒေါ်လာ ၇၆၀၀)တို့ကိုလည်း သိမ်းဆည်းမိကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ မြေအောက်မူးယစ်ဆေးဝါး ဓာတ်ခွဲခန်းသည် စပိန်နိုင်ငံနှင့် ဥရောပဒေသအနီး မူးယစ်ဆေးဝါးများရောင်းဝယ်သည့် ဂိုဏ်းတစ်ဂိုဏ်းမှပိုင်ဆိုင်သည့် ဓာတ်ခွဲခန်းဖြစ်ကြောင်း မာတီနက်ဇ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အပြည်ပြည်ဆိုင်ရာစနစ်၏ အကျပ်အတည်းတစ်ခုအတွင်း ကုလသမဂ္ဂ ဖြတ်သန်းနေ သမားရိုးကျ အဖွဲ့အစည်းနှင့် နည်းလမ်းများ ပြုပြင်ပြောင်းလဲရန် လိုအပ်ဟု ကိုဖီအာနန် ပြောကြား

ကုလသမဂ္ဂ ဩဂုတ် ၄

ကုလသမဂ္ဂ အဖွဲ့ကြီးအနေဖြင့် အပြည်ပြည်ဆိုင်ရာစနစ်၏ အကျပ်အတည်းတစ်ခုကို ဖြတ်သန်းနေရပြီး အကြီးအကျယ် ပြုပြင်ပြောင်းလဲပစ်ရန် လိုအပ်ကောင်း လိုအပ်မည်ဟူ၍ ကမ္ဘာ့ပြည်သူအများအပြားက သတိပြုမိနေကြပြီဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားလိုက်သည်။

ဘဂ္ဂဒက်မြို့နှင့် လေဆိပ် ဆက်သွယ်ထားသည့် လမ်းမပေါ်၌ အရပ်ဘက်ကားတစ်စီး ပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွားရာ အမေရိကန်တပ်သားများ မီးငြိမ်းသတ်နေစဉ်။ (ယင်းပေါက်ကွဲမှုတွင် အီရတ်နိုင်ငံသား ယာဉ်မောင်း ဒဏ်ရာရရှိခဲ့သည်။) *(ဓာတ်ပုံ–အင်တာနက်)*

နိုင်ငံပေါင်းစုံ ပါဝင်ရေး အယူအဆတွင် အလားအလာ ရှိ၊ မရှိ မိမိကိုယ်မိမိ ဝေဖန်မှုကို ကုလသမဂ္ဂအဖွဲ့ကြီးတွင် စတင်ခဲ့ပြီဖြစ်သည်။

အမြင်ချင်းဖလှယ်

ကုလသမဂ္ဂ ပဋိညဉ်စာတမ်းနှင့်တကွ နိုင်ငံတကာတပ် အသုံးပြုရေး တရားဝင်ဖြစ်စေမည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အခန်းကဏ္ဍတို့နှင့် စပ်လျဉ်း၍ အမြင်ချင်း အလေးအနက် ဖလှယ်ခဲ့ကြကြောင်းဖြင့် နယူးယောက်မြို့၌ နှစ်ရက်ကြာ ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ဒေသအဖွဲ့အစည်းများ၏ ခေါင်းဆောင်များ အစည်းအဝေးအပြီးတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားလိုက်သည်။

အီရတ်စစ်ပွဲ၊ လိုင်ဘေးရီးယား အကျပ်အတည်း၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံပြဿနာ စသော မကြာမီက အကျပ်အတည်းများ၏ သဘောသဘာဝနှင့် အနက်အဓိပ္ပာယ်တို့ကြောင့် ယင်းကဲ့သို့ ပြန်လည်သုံးသပ်မှုများ ပြုလုပ်ကြရကြောင်းဖြင့်လည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပြောဆိုသည်။

မေးခွန်းထုတ်

အီရတ်စစ်ပွဲ၊ လိုင်ဘေးရီးယားနှင့် ကွန်ဂိုအကျပ်အတည်းများက နှစ်နှစ်အတွင်း ကြုံတွေ့ရသော ဖိစီးမှုသောကများကို ကိုင်တွယ်ဖြေရှင်းရာတွင် သမားရိုးကျ အဖွဲ့အစည်းများနှင့် နည်းလမ်းများက ပြည့်စုံလုံလောက်ခြင်း ရှိ၊ မရှိ သို့မဟုတ် ပြုပြင်ပြောင်းလဲပစ်ရန် အမှန်တကယ်လိုအပ်နေပြီလောဟူ၍ မိမိတို့က ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်နေရခြင်း ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ထုတ်ဖော်ပြောကြားလိုက်သည်။

အင်တာနက်။

အီရတ်စစ်ပွဲအတွင်း ဒဏ်ရာရ အမေရိကန်စစ်သား အနည်းဆုံး ၈၂၇ ဦးရှိသွားပြီဟု သိရ

ဝါရှင်တန် ဩဂုတ် ၄

အီရတ်နိုင်ငံအား သိမ်းပိုက်စခန်းချထားသည့် အမေရိကန်စစ်သား အသေအပျောက်မှာ အမေရိကန်ပြည်သူအများစုက မျှော်လင့်ထားသည့် အရေအတွက်ထက် နှစ်ဆကျော်သည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်စစ်သားများ ထိခိုက်သေဆုံးမှု၊ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မှုနှင့် အခြားသော အကြောင်းများကြောင့် သာမန်ထက် ထူးကဲစွာ သေဆုံးရမှုများကို စာနယ်ဇင်းများတွင် ဖော်ပြ၍ဖြစ်ကြောင်း သိရသည်။

မေလ ၁ ရက်တွင် သမ္မတဘုရှ်က အကြီးအကျယ် တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဟု ကြေညာပြီးသည့် နောက်ပိုင်းတွင် ရန်သူ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သား သေဆုံးသူ ၅၃ ဦး ရှိသွားပြီဟု အမေရိကန်စစ်ဌာနချုပ်၏ ကြေညာချက်ကို ကိုးကားပြီး စစ်သတင်းများတွင် ဖော်ပြခဲ့သည်။ သို့သော် သေဆုံးသည့် အမေရိကန်စစ်သားဦးရေမှာ ၁၁၂ ဦးရှိသည်။

အမေရိကန်နိုင်ငံအဖို့ အီရတ်စစ်ပွဲအတွက် အခြားသော လူမသိ သူမသိ ဆုံးရှုံးနစ်နာမှုတစ်ရပ်မှာ အီရတ်စစ်ပွဲ စတင်သည့် အချိန်မှစ၍ ဒဏ်ရာရ အမေရိကန်စစ်သားဦးရေ ၈၂၇ ဦး ရှိမှုပင်ဖြစ်သည်။ ဒဏ်ရာရသူ အများအပြားမှာ ခြေလက်အင်္ဂါများ ဆုံးရှုံးခဲ့ကြရသည်။ သေဆုံး၊ ထိခိုက်ဒဏ်ရာရ စစ်သားများ၏ စာရင်းမှာ နိုင်ငံရေးအရ အတိမ်းအစောင်း မခံနိုင်အောင် အရေးကြီးသည်။ အီရတ်စစ်ပွဲ စတင်ချိန်မှစ၍ ယနေ့အထိ တိုက်ပွဲ၌သေဆုံးသူ အမေရိကန်စစ်သားဦးရေမှာ ၁၆၆ ဦးရှိသွားပြီဖြစ်သည်။ ယင်းအရေအတွက်မှာ ၁၉၉၁ ခုနှစ် ပထမ ပင်လယ်ကွေ့စစ်ပွဲအတွင်းက သေဆုံးသူဦးရေထက် ၁၉ ဦးပင် ပိုနေသည်။

အမှန်စင်စစ် ယခုအခါ၌ မတော်တဆသေဆုံးမှု၊ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်မှု အပါအဝင် သေဆုံးသည့် အမေရိကန်စစ်သားဦးရေမှာ ၂၄၈ ဦးရှိသွားပြီဖြစ်သည်။ *အင်တာနက်။*

ဘေဂျင်း အိုလံပစ်ပွဲတော် သင်္ကေတဖွင့်ပွဲ ကျင်းပ

ဘေဂျင်း ဩဂုတ် ၄

(၂၉)ကြိမ်မြောက် နွေရာသီအိုလံပစ်အားကစားပွဲတော်ကို ၂၀၀၈ခုနှစ်တွင် တရုတ်နိုင်ငံ ဘေဂျင်းတွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါပွဲတော်အတွက် အထိမ်းအမှတ်သင်္ကေတဖွင့်ပွဲအခမ်းအနားကို ဘေဂျင်းမြို့ ကောင်းကင်ဘုံဘုရားကျောင်းတွင် ကျင်းပခဲ့သည်။

တရုတ် တင်းနစ်ဂုဏ်ထူးဆောင် အားကစားသမားနှင့် ဟောင်ကောင်မှ ကမ္ဘာကျော်ရုပ်ရှင်မင်းသား ဂျက်ကီချန်းတို့ သယ်ဆောင်လာသည့် အထိမ်းအမှတ်သင်္ကေတတံဆိပ်ကို တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌနှင့် နိုင်ငံတကာအိုလံပစ်ကော်မတီ၏ ညှိနှိုင်းရေးကော်မရှင်ဥက္ကဋ္ဌတို့က ပူးတွဲဖွင့်လှစ်ပေးခဲ့ကြသည်။ ***စီစီတီဗွီ။***

အီရတ်ကလေးငယ်များ အကူအညီလိုအပ် ပညာရေးရန်ပုံငွေ ဂျီပီအမ် ကောက်ခံ

ကွာလာလမ်ပူ ဩဂုတ် ၄

ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးအဖွဲ့ (ဂျီပီအမ်)က ရှေ့လ ကျောင်းဖွင့်အမီ အီရတ်ကလေးငယ်များအတွက် စာရေးကိရိယာများဝေငှရန် ရန်ပုံငွေများကောက်ခံလျက်ရှိကြောင်း အဖွဲ့ဒုတိယဥက္ကဋ္ဌ မီးစ်ရှာရီဖာအမီနာက အီရတ်ခရီးမှအပြန် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ၏ ကျန်းမာရေး၊ ဆေးဝါးနှင့် အခြေခံအဆောက်အအုံ နယ်ပယ်များတွင် အခြားသော အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးသကဲ့သို့ ဂျီပီအမ်အနေဖြင့် ကလေးသူငယ်များ၏ ပညာရေးလိုအပ်ချက်များကို ချက်ချင်းကူညီရန် လိုအပ်သည်ဟု သဘောရကြောင်း မီးစ်ရှာရီဖာအမီနာက ပြောကြားသည်။

— အကောင်အထည်ဖော် —

အီရတ်အား အကူအညီပေးရေးဆိုင်ရာ အဖွဲ့၏ ဒုတိယဆင့်လုပ်ငန်းကို အီရတ်တွင် ဇူလိုင် ၁၄ ရက်မှ ၃၀ ရက်အထိ မိဘမဲ့ကလေးများနှင့် မိဘမဲ့ဂေဟာများသို့ သွားရောက်ပြီး အစားအစာများ၊ အခြေခံလိုအပ်ချက်များနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ကာ အကောင်အထည်ဖော်ခဲ့သည်။

အီရတ်ကလေးများမှာ အကူအညီများစွာ လိုအပ်နေကြကြောင်း၊ ကျောင်းသားကလေး သုံးဦးလျှင် ခဲတံတစ်ချောင်းကို မျှဝေသုံးစွဲနေရကြောင်း ၎င်းက ပြောဆိုသည်။

ရက်အတိအကျ မသတ်မှတ်ရသေးသော်လည်း တတိယဆင့် ကူညီရေးလုပ်ငန်းကို မကြာမီ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု မိမိတို့ မျှော်လင့်ထားသည်။ ***အင်တာနက်။***

ဂျပန်နိုင်ငံ မြို့တော်တိုကျိုတွင် ဩဂုတ် ၃ ရက်က ရီးယဲလ်မဒရစ် ဘောလုံးအသင်း လေ့ကျင့်ရေးပြုလုပ်ရာ ဂျပန်လူမျိုး ဘောလုံးဝါသနာအိုး ၄၆ ၀၀၀ ခန့်က အားပေးကြည့်ရှုခဲ့ကြသည်။ ရီးယဲလ်မဒရစ်အသင်းသည် ဂျပန်ဆုကြေးစား ဘောလုံးအသင်းဖြစ်သည့် အက်ဖ်စီတိုကျွန်း ဘောလုံးအသင်းနှင့် ဘောလုံးရာသီအကြို ချစ်ကြည်ရေးပွဲ ကစားမည်ဖြစ်သည်။ (ပုံတွင် ရီးယဲလ်မဒရစ်အသင်းမှ ဒေးဗစ်ဘက်ဟမ်းအား လေ့ကျင့်ရေးမဆင်းမီ ကလေးများက ပန်းစည်းများ လက်ဆောင်ပေး၍ နှုတ်ဆက်နေစဉ်။) *(ဓာတ်ပုံ–ဆင်ဟွာ)*

ဆယ်ကျော်သက်အရွယ် စာရေးဆရာများ တိုးလာမည် စာပေအရေးအသားပြိုင်ပွဲ တရုတ်ပြည်၌ ကျင်းပ

ဆီယန် ဩဂုတ် ၄

အလယ်တန်း ကျောင်းသားများအတွက် စာပေအရေးအသားပြိုင်ပွဲ ကျင်းပခြင်းသည် တရုတ်ပြည်၏ အလားအလာကောင်း ဆယ်ကျော်သက်အရွယ် စာရေးဆရာများစာရင်းကို တိုးပွားစေကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပါဝင်ယှဉ်ပြိုင်

ကမ္ဘာတစ်ဝန်းရှိ တရုတ်လူငယ်များအတွက် စာပေအရေးအသားပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆယ်ကျော်သက်အရွယ် တရုတ်လူငယ် တစ်သိန်းကျော် ပါဝင်ယှဉ်ပြိုင်ရာ ယင်းအနက် ၄၀ ကျော်မှာ နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ စာပေအရေးအသားပြိုင်ပွဲသည် တရုတ်ပြည် အနောက်မြောက်ပိုင်းမှ နာမည်ကျော်စာရေးဆရာ ဂျီဟာပင်ဂါက ရန်ပုံငွေထူထောင်ပေးထားသည့် စာပေမဂ္ဂဇင်းတစ်ခုက ဒုတိယအကြိမ်မြောက်ကျင်းပသည့်ပြိုင်ပွဲဖြစ်သည်။

ပထမအကြိမ်ပြိုင်ပွဲကို ယမန်နှစ်က ကျင်းပခဲ့ရာ စာပေအရေးအသားလက်ရာ ငါးပုဒ်ကို တရုတ်ပြည်တစ်ဝန်း အလယ်တန်းကျောင်းသားများက အသုံးပြုသည့် တရုတ်ကျောင်းသုံးစာအုပ်များထဲတွင် ထည့်သွင်းပုံနှိပ်ဖော်ပြခြင်းဖြင့် တရုတ်ပြည်ကို အံ့သြစေခဲ့သည်။

မကြာသေးမီ နှစ်များအတွင်း ဆယ်ကျော်သက်အရွယ် စာရေးဆရာငယ်များသည် ၎င်းတို့၏ စာပေလက်ရာများကို ရေးသားထုတ်ဝေကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်လေဆိပ်အသွား အရပ်ဘက်ကားတစ်စီးပေါက်ကွဲ အီရတ်နိုင်ငံသား ယာဉ်မောင်းတစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၄

အရပ်ဘက်ကားတစ်စီးသည် ဘဂ္ဂဒက်နိုင်ငံတကာ လေဆိပ်ရှိ အမေရိကန် စစ်အခြေစိုက်စခန်း သွားရာလမ်းတွင် မြေမြှုပ်မိုင်းဟု သံသယမကင်းဖြစ်သည့်အရာကို တနင်္ဂနွေနေ့က တက်နင်းမိ၍ ပေါက်ကွဲသွားပြီး အီရတ်နိုင်ငံသား မော်တော်ယာဉ်မောင်းတစ်ဦး ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း အခင်းဖြစ်ပွားရာနေရာရှိအမေရိကန်တပ်သား များက ရိုက်တာသတင်းဌာနသို့ ပြောကြားလိုက်သည်။

အလားအလာရှိ

ပေါက်ကွဲစေရာ ပစ္စည်းသည် အဆိုပါလမ်းကို အသုံးပြုနေကျဖြစ်သည့်အမေရိကန်မော်တော်ယာဉ်တန်းအား ရည်ရွယ်၍ ထောင်ထားခြင်း ဟုတ်၊ မဟုတ် မေးမြန်းရာ အမှတ်(၁) သံချပ်ကာကားတပ်မှ တပ်ကြပ်ကြီး ဘရင့်ဝီလျံက ယင်းကိစ္စမှာ ဖြစ်နိုင်သည့် အလားအလာရှိကြောင်း ပြောကြားသည်။

ပိတ်ပင်ထား

အမေရိကန်တပ်သားများက ယင်းအခင်းဖြစ်ပွားရာ လမ်းအသွားအလာကို ပိတ်ဆို့လိုက်သောကြောင့် ယာဉ်တန်းရှည် ယာဉ်ပိတ်ဆို့မှု ဖြစ်ပွားသည်။ ဒါဇင်ပေါင်းများစွာရှိသည့်ကလေးများ ယင်းနေရာသို့ စုပြုံရောက်ရှိလာပြီး ရာထူးမှ ဖယ်ရှားခံရသည့် ဆက်ဒမ်ဟူစိန် ထောက်ခံသော ကြွေးကြော်သံများ အော်ဟစ်ကာ စစ်သားများအား ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြရာ ယင်းနေရာသို့ သတင်းစာဆရာများ မလာရောက်ရန် ပိတ်ပင်ထားသည်။

အမေရိကန်စစ်သားများ၏ လေဆိပ်သွားရာလမ်းတွင် အီရတ်အရပ်ဘက် မော်တော်ယာဉ်တစ်စီး မြေမြှုပ်မိုင်း တက်နင်းမိသဖြင့် အမေရိကန်တစ်ဦး ကြာသပတေးနေ့က သေဆုံးပြီး အခြားသုံးဦးတို့ ထိခိုက်ဒဏ်ရာ ရရှိသွားသည်။

အမေရိကန်အစိုးရက မေလ ၁ ရက်တွင် အီရတ်နိုင်ငံ၌ အဓိက တိုက်ပွဲကြီးများ အဆုံးသတ်သွားကြောင်း ကြေညာပြီးခဲ့သည့်နောက် အီရတ်တို့၏ ပြောက်ကျားပုံစံတိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သား ၅၃ ဦးသေဆုံးခဲ့ရပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။



အီရတ်နိုင်ငံမြောက်ပိုင်း တီကရစ်မြို့တွင် ဖြတ်သွားသည့်ကားတစ်စီးမှ ပစ်ခဲ့သည့် လက်ပစ်ဗုံးကျရာနေရာ ဩဂုတ် ၃ ရက်က အမေရိကန်တပ်သားတစ်ဦး အမှတ်အသားပြုလုပ်ရန် ပြင်ဆင်နေစဉ်။ (အမေရိကန် တပ်သားများသည် ဆက်ဒမ်၏မွေးရာဇာတိ တီကရစ်မြို့တွင် ဆက်ဒမ်အားလိုက်လံရှာဖွေလျက်ရှိသည်။)

(ဓာတ်ပုံ–အင်တာနက်)

သမ္မတဘုရှ် ကျဆုံးချိန်ရောက်

ဝါရှင်တန် ဩဂုတ် ၄

အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့များက ထိုးစစ်ဆင် တိုက်ခိုက်မှုအပေါ် နိုင်ငံတကာ ရုပ်မြင်ပရိသတ်များထံမှ သဘောထား ထင်မြင်ချက်များကို စီအင်န်အင်န်သတင်းဌာနနှင့် အိုးပင်းဖိုရမ် အစီအစဉ်သို့ ရေးသားပေးပို့လျက်ရှိကြရာ ဒိန်းမတ်နိုင်ငံမှရုပ်မြင်ပရိသတ်တစ်ဦး၏ သဘောထားမှာ သမ္မတဘုရှ်၏ ကျဆုံးချိန် ရောက်တော့မည် ဖြစ်ကြောင်း၊ အီရတ်တွင် တပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များ နေ့စဉ်နှင့်အမျှ အသတ်ခံနေသည့်အတွက် သမ္မတဘုရှ် ရာထူးမှ ပြုတ်ကျတော့မည့် နောက်ဆုံးအချိန် နီးကပ်လာပြီဖြစ်ကြောင်း၊နွားကျောင်းသား ကောင်းဘွိုင် သမ္မတဘုရှ်ကို ရွေးကောက်ပွဲတွင် ပြည်သူတွေက ဆန္ဒမဲမပေးဘဲနေပြီး သမ္မတရာထူးမှပြုတ်ကျသွားအောင် ဆောင်ရွက်သင့်ကြောင်း ရေးသားဖော်ပြထားသည်။

စီအင်န်အင်န်။

မျိုးသုဉ်းမည့်အန္တရာယ် ဝေလငါးများ ရင်ဆိုင်နေရ

နယူးယောက် ဩဂုတ် ၄

ကမ္ဘာတွင် မျိုးသုဉ်း ပျောက်ကွယ်တော့မည့် အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် ဇီဝမျိုးစိတ်များအနက် ဝေလငါးများလည်း ပါဝင်ကြောင်း သိရသည်။ ယခုလက်ရှိ သမုဒ္ဒရာများ၌ ကျက်စားနေသည့် ဝေလငါးကောင်ရေသည် ခန့်မှန်းထားသည်ထက် ပိုမိုလျော့နည်းနေပြီး၊ စီးပွားဖြစ် ဝေလငါးဖမ်းဆီးမှုကြောင့် ကောင်ရေအလွန်အမင်းကျဆင်းသွားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သုတေသီများက ဝေလငါး၏ ဒီအင်အေကို ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ရာ ထူးခြားမှုများကို တွေ့ရှိရသည်။ အတ္တလန္တိတ်သမုဒ္ဒရာ၌ ကျက်စားသည့် ကျောခုံးဝေလငါးကောင်ရေသည် တစ်သောင်းခန့်သာ ကျန်ရှိပြီး ဆူးတောင်ပါ ဝေလငါးများသည် ငါးသောင်းသာကျန်ရှိတော့သည်။ စီးပွားဖြစ်ဝေလငါးဖမ်းဆီးမှုကြောင့် ဝေလငါးကောင်ရေယခင်တိုင်းရောက်ရှိရန် ဆယ်စုနှစ်ပေါင်းများစွာ အချိန်ယူရမည်ဖြစ်ကြောင်း သိရသည်။

ပင်လယ်ကမ်းခြေအနီးတွင် တွေ့ရသည့် ဝေလငါးဖြူကြီးများသည် ယခုအခါ ကောင်ရေ ၃၅၀ ခန့်သာ ကျန်ရှိပြီး ပြန်လည်မွေးမြူရန် မဖြစ်နိုင်ကြောင်း သိရသည်။

စီအင်န်အင်န်။

အီရတ်မှကလေးများနှင့် အမျိုးသမီးများအတွက် အခြေခံကုန်ပစ္စည်းများ ယူနီဆက်ဖ်ပေးပို့မည်

တီဟီရန် ဩဂုတ် ၄

အီရတ်နိုင်ငံမှ ကလေးငယ်များနှင့် အမျိုးသမီးများအား စာနာထောက်ထားသည့်အနေဖြင့် ကုန်တင်ထရပ်ကား သုံးစီးတိုက်စာရှိ အခြေခံကုန်ပစ္စည်းများကို အီရန်နိုင်ငံမှတစ်ဆင့် အီရတ်နိုင်ငံသို့ ပို့ပေးမည်ဖြစ်ကြောင်း တီဟီရန်ရှိ ကုလသမဂ္ဂ ကလေးသူငယ်များရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က တနင်္ဂနွေနေ့က ကြေညာလိုက်သည်။

အီရတ်ပြည်သူလူထု၏ အခြေခံလိုအပ်ချက်နှင့်အညီ ကယ်ဆယ်ရေးပစ္စည်းများကို မော်တော်ယာဉ်တန်းနှစ်ခုဖြင့် သီးခြားစီ အီရတ်နိုင်ငံသို့ တနင်္လာနေ့တွင် ပို့ပေးမည်ဖြစ်ကြောင်း အဆိုပါရုံး၏ သတင်းလွှာတွင် ဖော်ပြထားသည်။

ပထမမော်တော်ယာဉ်တန်းတွင် အလူမီနီယမ်ဆာလ်ဖိတ် ၂၆၄ တန် သယ်ဆောင်လာမည့် ကုန်တင်ထရပ်ကား ၁၂ စီးနှင့် အဝတ်အစား၊ နို့မှုန့်နှင့်ပညာရေးဆိုင်ရာပစ္စည်း တန် ၈၀သယ်ဆောင်မည့် အခြား ကုန်တင်ထရပ်ကား လေးစီးပါဝင်မည် ဖြစ်သည်။

ဘဂ္ဂဒက်မြို့တော်တွင် အလွယ်တကူယူဆောင်ရသည့် ရေသန့်ဘူးများ လူသုံးများလျက်ရှိရာ ၎င်းကို ဖြည့်ဆည်းသောအားဖြင့် အီရတ်ပြည်သူများ သန့်ရှင်းသည့် သောက်ရေသောက်သုံးနိုင်ရေးအတွက် ရေသန့်စင်ရန် အလူမီနီယမ်ဆာလ်ဖိတ်ကို ထည့်သွင်းအသုံးပြုမည်ဖြစ်သည်ဟု ဖော်ပြပါသတင်းလွှာတွင်ပါရှိသည်။

ဒုတိယမော်တော်ယာဉ်တန်းတွင် ကျန်းမာရေးဆိုင်ရာပစ္စည်းများ၊ ရေနှင့် သဘာဝပတ်ဝန်းကျင် သန့်စင်ရေးပစ္စည်းကိရိယာတန် ၈၀ သယ်ဆောင်မည့် ကုန်တင်ထရပ်ကားငါးစင်းနှင့် အိမ်သုံးပစ္စည်းတန်ချိန် ၄၀ သယ်ဆောင်မည့် ကုန်တင်ထရပ်ကားနှစ်စီးတို့ ပါဝင်မည်ဖြစ်ပြီး ၎င်းယာဉ်တန်းသည် ဘာဆရာသို့ အင်္ဂါနေ့တွင် ထွက်ခွာကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။



တရုတ်ပြည်တောင်ပိုင်း ဂွမ်ဒေါင်ပြည်နယ် ကွမ်ကျိုးမြို့ရှိ ဇီယန်ကျင်း တောရိုင်းတိရစ္ဆာန်ဥယျာဉ်တွင် ဩဂုတ် ၄ရက်က အာဖရိက လူဝံငယ်နှစ်ကောင်က ဥယျာဉ်သို့ အလည်အပတ်လာရောက်သူပြည်သူလူထုကို ပျော်ရွှင်စရာ ပြကွက်များဖြင့် ဧည့်ခံဖျော်ဖြေနေစဉ်။ (မကြာသေးမီရက်များအတွင်း ရာသီဥတုပူပြင်းမှု ဖြစ်ပေါ်စဉ် ဥယျာဉ်ဝန်ထမ်းများက တိရစ္ဆာန်များ သက်သောင့်သက်သာ နေထိုင်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။)

(ဓာတ်ပုံ–ဆင်ဟွာ)

တရုတ်အစိုးရက ထောက်ပံ့ပေးအပ်သည့်ဆေးရုံ ပြုပြင်မွမ်းမံရေးစီမံချက် အာဖဂန်တွင် စတင်

ကဘူး ဩဂုတ် ၄

တရုတ်အစိုးရက ထောက်ပံ့ပေးအပ်သည့်ဆေးရုံ ပြန်လည် ပြင်ဆင်ရေး စီမံချက်တစ်ရပ်ကို စနေနေ့က စတင်လိုက်ပြီး ယင်းလုပ်ရပ်သည် တရုတ်ပြည်နှင့် ၎င်း၏ အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံတို့အကြား ရှိခဲ့သည့်သက်တမ်းရှည်ကြာသောချစ်ကြည်ရေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းဖော်ဆောင်မှု လက္ခဏာအဖြစ် တာဝန်ရှိပုဂ္ဂိုလ်များက ချီးကျူးဂုဏ်ပြုလိုက်သည်။

အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၅ သန်းကုန်ကျမည့် အဆိုပါ စီမံကိန်းကို အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးတွင် ပြန်လည် တိုးချဲ့တည်ဆောက်မည်ဖြစ်သည်။ အာဖဂန်နစ္စတန်တွင်ရှိသည့် အကြီးဆုံးဆေးရုံများတွင် ၎င်းဆေးရုံသည်လည်း အပါအဝင်ဖြစ်ပြီး တစ်နှစ်အတွင်း ခေတ်မီ ဆေးပစ္စည်းအပြည့်အစုံ တပ်ဆင်ပေးမည်ဖြစ်သည်။

အဆိုပါဆေးရုံသည် ၁၉၉၀ ပြည့်နှစ်က အာဖဂန်နစ္စတန်နိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်ပွားစဉ်က ဂိုဏ်းတစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မသင့်မမြတ်ဖြစ်၍ တိုက်ခိုက်ကြရာဆိုးဆိုးရွားရွား ဖျက်ဆီးခံခဲ့ရသည့် ခုတင် ၂၅၀ ဆံ့ ဆေးရုံဖြစ်သည်။ အဆိုပါ ဆေးရုံစီမံကိန်းသည် အာဖဂန်နစ္စတန်စစ်ပွဲလွန်ခေတ်တွင် ကျန်းမာရေးကဏ္ဍအတွက်ကြီးမားသည့် စီမံကိန်းဖြစ်ပြီး တရုတ်နှင့် အာဖဂန် နစ္စတန်နိုင်ငံအကြား တည်ရှိခဲ့သည့် ရင်းနှီးချစ်ကြည်သော ဆက်ဆံရေးသည် ပိုးလမ်းမကြီး ပေါ်ပေါက်ခဲ့စဉ်ကတည်းက တည်ရှိခဲ့ခြင်း ဖြစ်ကြောင်းအာဖဂန်နစ္စတန်ဒုတိယသမ္မတ ရှာရန်နီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘီဟာပြည်နယ်ရေဘေး သေဆုံးသူ ၄၀ခန့်ရှိ

နယူးဒေလီ ဩဂုတ် ၄

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဘီဟာ ပြည်နယ်တွင် မကြာမီက ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့မှုကြောင့် လူ ၄၀ထက် မနည်း သေဆုံးပြီး အဓိကမြစ်များစိုးရိမ်ရေမှတ်ကို ကျော်လွန်ကာ နောက်ထပ်ဆိုးဆိုးရွားရွား အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

ရေလွှမ်းမိုးမှုကြောင့် ဂိုပါဂါနီဒေသမှ သေဆုံးသူသုံးဦးနှင့် ရှီအိုဟာဒေသမှ နှစ်ဦးတို့သေဆုံးကြသည်။ မကြာမီကရေလွှမ်းမိုးမှုကြောင့် သေဆုံးသူ အရေအတွက်မှာ လူ ၄၀အထိ ရောက်ရှိနေပြီဖြစ်ကြောင်း ဘီဟာပြည်နယ်မြို့တော် ပတ်တနာရှိ ပြည်နယ် ကယ်ဆယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက စနေနေ့တွင်ပြောကြားသည်။

ဘီဟာ ပြည်နယ်ရှိ ခရိုင် ၁၆ခုသည် ရေလွှမ်းမိုးမှုကြောင့် လူ သန်း ၂၀ နီးပါး အတိဒုက္ခရောက်ခဲ့ရကြောင်း ပီတီအိုင်အိန္ဒိယသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ရေလွှမ်းမိုးမှုကြောင့် အမေရိကန်ဒေါ်လာ သန်း၄ဒသမ ၃၀တန်ဖိုးရှိ စည်းစိမ်ဥစ္စာများ ဆုံးရှုံးခဲ့ပြီး ၎င်းတို့ အထဲတွင် ပုဂ္ဂလိက အိုးအိမ်များနှင့် သီးနှံများလည်း ပါဝင်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝိပဿနာရှုပွားနည်း ပို့ချမည်

ရန်ကုန် ဩဂုတ် ၅

အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (ဒလ-အုံကြီး)က ဩဂုတ် ၈ရက်မှ ၁၄ရက်အထိ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေဝသာဂရသိမ်ကုန်း ရဟန္တာသိမ်တော်ကြီးနှင့် ဩဂုတ် ၁၆ရက်မှ ၂၂ရက်အထိ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာဓုကာရီဓမ္မာရုံကြီးတွင် ညနေ ၆နာရီခွဲမှ ၈နာရီအထိ ဝိပဿနာရှုပွားနည်းများကို ပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပြိုးခြံချေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ကာမ်းမမြင် လမ်းမမြင် (၆)

ခင်ညို

ထိုစဉ်ထိုကာလ ကျင်းပဆဲ အမျိုးသားညီလာခံကို **ဒေါ်စုကြည်** အနေဖြင့် ဝေဖန်ပုတ်ခတ်မှုအမျိုးမျိုး လုပ်ကာ အသရေဖျက်ခဲ့ပြီးနောက် **ဒေါ်စုကြည်** နှင့် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် Mrs. Medeleine K Albright တို့ စက်တင်ဘာလ ၉ ရက်နေ့ နှစ်ကိုယ်ချင်းတွေ့ဆုံပြီးချိန်မှစ၍ **ဒေါ်စုကြည်** သည် အမျိုးသားညီလာခံအပေါ် ပိုမိုတင်းမာသည့်သဘောထား ကျင့်သုံးလာခဲ့ပေသည်။

Albright ကိုယ်တိုင်ကလည်း ဗန်ကောက်မြို့သို့ ပြန်အရောက် သတင်းထောက်များကို ပြောကြားရာတွင် သူမအနေဖြင့် မြန်မာအစိုးရကို အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် ဖိအားပေးခဲ့ကြောင်း၊ အောင်ဆန်းစုကြည် အနေဖြင့်လည်း အမျိုးသားညီလာခံကို အသိအမှတ်မပြုသည့်အပြင် နိုင်ငံရေးအကျိုးသက်ရောက်မှု မရှိဟု ယူဆထားသည်ကို အောင်ဆန်းစုကြည်ထံမှ သိခဲ့ရကြောင်း စသည်ဖြင့် ထုတ်ဖော်သွားခဲ့သည်။

ဤသို့နှင့် ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် NLD က အမျိုးသားညီလာခံအပေါ်ထားရှိသည့် သဘောထားကို ထုတ်ပြန်ကြေညာရာတွင် ညီလာခံကိုယ်စားလှယ်များပါဝင်မှု၊ လုပ်ထုံးလုပ်နည်းများနှင့် ဆွေးနွေးမှုတို့ကို အပြစ်တင်ဖော်ပြခဲ့ပြီး အမျိုးသားညီလာခံအား ယခုအတိုင်း ဆက်လက်စခန်းသွားနေခဲ့ပါမူ ညီလာခံမှနေ၍ အမျိုးသား ပြန်လည်စည်းလုံးရေးကို မရယူနိုင်ကြောင်း၊ စစ်မှန်သော ဒီမိုကရေစီစနစ် မပေါ်ပေါက်နိုင်ကြောင်းတို့ ပါရှိလာသည်။

ဖော်ပြပါကဲ့သို့ **ဒေါ်စုကြည်** နှင့် NLD ပါတီတို့၏ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်မှုများကို ဆန်းစစ်ကြည့်လိုက်လျှင် အမျိုးသားညီလာခံက ချမှတ်ရရှိထားသော အခြေခံရမည့်မူများသည် ၎င်းတို့ပါတီ၏ သဘောဆန္ဒနှင့် (ဒေါ်စုကြည် လွတ်လာပြီးမှ) မကိုက်ညီသည့်အတွက် ထိုမူများကိုပယ်ဖျက်ပစ်ရေး၊ ၎င်းတို့ပါတီ၏ စိတ်ကြိုက်မူများ ချမှတ်နိုင်ရန် ကိုယ်စားလှယ်များကို ၎င်းတို့အလိုကျ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ဖွဲ့စည်းနိုင်ရေး၊ ညီလာခံတွင် လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းသစ်များချမှတ်၍ ယင်းတို့အလိုကျဆောင်ရွက်နိုင်ရေးနှင့် ထိုကိစ္စများဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရေးကို အလေးထားဆောင်ရွက်ရန် တောင်းဆိုလာချက်များသည် အမျိုးသားညီလာခံ၏ စနစ်တကျ ဆွေးနွေးရရှိထားသော အောင်မြင်မှုများကို ပျက်ပြားစေရန် မကောင်းသော တင်ကူးကြံစည်ချက်များဖြင့် လုပ်ဆောင်ခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

NLD အနေဖြင့် ၎င်းတို့ခေါင်းဆောင်ဆိုသူလိုလားသည့် တွေ့ဆုံဆွေးနွေးရေးကိစ္စ မရရှိသည့်အခါ အမျိုးသားညီလာခံ ပျက်ပြားသွားစေရန် တစ်ဆင့်လှမ်းတက်၍ NLDကိုယ်စားလှယ်များ အမျိုးသားညီလာခံသို့ တက်ရောက်ခြင်းမပြုသည့် နည်းလမ်းကို အကောင်အထည်ဖော်ခဲ့ပြန်သည်။ NLD ၏ ထိုသို့သော သဘောထားနှင့် လုပ်ရပ်သည် နိုင်ငံတော်၏ အကျိုးကိုရှေးရှုခြင်း၊ ထောက်ထားခြင်းမပြုဘဲ ၎င်းတို့ပါတီအဖွဲ့အစည်း၏ အကျိုးသက်သက်ကိုသာ ရည်ရွယ်ဆောင်ရွက်လိုက်ခြင်းဖြစ်၍ အမျိုးသားအကျိုးစီးပွားကို လုံးလုံးလျားလျား ပစ်ပယ် ဆန့်ကျင်လိုက်ခြင်းဟုလည်း ဆိုနိုင်ပေသည်။ NLDမှ အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံသို့ တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်မှုကြောင့် ညီလာခံကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခြင်း ခံရမှုသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အမျိုးသားညီလာခံတွင် ချမှတ်နေသည့် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ၎င်းတို့ပါတီ၏ ဆန္ဒသဘောထားများကို လွတ်လွတ်လပ်လပ် စိတ်တိုင်းကျ ဆွေးနွေးတင်ပြနိုင်သည့် တန်ဖိုးမဖြတ်နိုင်သော ဒီမိုကရေစီအခွင့်အရေးကြီး ဆုံးရှုံးမှုပင်ဖြစ်သည်။

ဒေါ်စုကြည် အနေဖြင့် နေအိမ်တားဆီးမိန့်ရုပ်သိမ်းပြီး တစ်နှစ်တာကာလအတွင်း ၎င်း၏ နေအိမ်သို့ နိုင်ငံခြားသံတမန်များက အကြိမ် ၉၀ ကျော် ဝင်ရောက်ခဲ့ပြီး ၎င်းက သံတမန်အသီးသီးထံသို့ အကြိမ် ၄၀ ကျော် သွားရောက်ခဲ့သည့်အပြင် ပြည်ပသတင်းထောက် ပေါင်းစုံနှင့်လည်း အကြိမ် ၁၇၀ ကျော် တွေ့ဆုံခဲ့ရာ ထိုတွေ့ဆုံမှုများသည် ၎င်း၏ရပ်တည်ချက်နှင့် ဆုံးဖြတ်ချက်များကို မည်သည့် အတိုင်းအတာအထိ လွှမ်းမိုးခဲ့သနည်းဆိုသည်ကိုတော့ ကာယကံရှင်သာလျှင် အသိဆုံးဖြစ်ပေလိမ့်မည်။

ဤနေရာတွင် ထိုကာလအတွင်းက အဖြစ်သနစ်များကို ရည်ညွှန်းရေးသားခဲ့သော (Asia Pacific New World Disorder)စာအုပ်ရေးခဲ့သူ Merrill Lynch ကုမ္ပဏီ၏ အာရှပစိဖိတ် ဥက္ကဋ္ဌဟောင်း "မိုက်ကယ်ဒေါ့ဟစ်ဂင်ဆင်"၏ "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဘာသဘောနှင့် လုပ်ဆောင်တာလဲ" ဆောင်းပါးထဲမှ အချက်အလက်အချို့ကို ထုတ်နုတ်ဖော်ပြလိုပေသည်။ ဆောင်းပါးတွင်-

> "... လက်ရှိ မြန်မာနိုင်ငံအစိုးရ၏ အားကြိုးမာန်တက် ဆောင်ရွက်မှုနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု အသိုင်းအဝိုင်း၏ တရုတ်ပြည်နှင့် ဗီယက်နမ်နိုင်ငံအခြေအနေများအပေါ် ကျေနပ်မှုမရှိသောကြောင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် မြန်မာနိုင်ငံအပေါ် ပိုမိုအာရုံစိုက်လာသည်ကို ထင်ထင်ရှားရှား တွေ့မြင်ရပါသည်။ ထို့ကြောင့် ကိုယ်ပိုင်ရည်မှန်းချက်အမျိုးမျိုးဖြင့် အချင်းချင်း အငြင်းပွားနေသည့် အုပ်စုဝင်အများအပြား ပေါင်းစုဖွဲ့စည်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ယခုအတိုင်း တာဝန်မဲ့ပြီး တစ်ကိုယ်ကောင်း ဆန်ဆန် ဆက်လက်ကျင့်ကြံပြုမူနေပါက ၎င်း၏ လှုပ်ရှားဆောင်ရွက်မှုဆိုးကျိုးကို ခံစားရမည့်သူမှာ တပ်မတော်အစိုးရ မဟုတ်ပေ။ သာမန် မြန်မာပြည်သူပြည်သားများသာ ဖြစ်လိမ့်မည်။
>
> အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လုပ်ဆောင်ချက်များကြောင့် နိုင်ငံခြားအစိုးရများက ကူညီထောက်ပံ့မှုများ ကမ်းလှမ်းခြင်းမပြုတော့ဘဲ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများလည်း မရှိတော့ပါက သာမန်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံ ဝန်ဆောင်မှုလုပ်ငန်းဖြစ်ကြသော လျှပ်စစ်ဓာတ်အား၊ ရေဖြန့်ဖြူးမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု စသည်တို့ကို ထိခိုက်နိုင်ရုံသာမက ပြည်သူများ၏ လူနေမှုဘဝ မြင့်တင်မှုကိုလည်း များစွာ ထိခိုက်နိုင်မည်ဖြစ်သည်။
>
> နိုင်ငံတကာသတင်းဌာနများက အမျိုးမျိုးလှုံ့ဆော်ရေးသားလျက်ရှိသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လုပ်ဆောင်ချက်များကြောင့် နိုင်ငံအတွင်း ဆူပူမှုအသစ်များ ပေါ်ပေါက်လာနိုင်သည်ဟု နိုင်ငံခြားအစိုးရများနှင့် ရင်းနှီးမြှုပ်နှံလာလိုသူများအနေဖြင့် ထင်မြင်လာနိုင်ပါသည်။ ထို့ကြောင့် ဗမာလူမျိုးတစ်ဦးအနေနှင့် သာမက မြန်မာနိုင်ငံသားများအနေနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အကျိုးယုတ်စေမည့် တစ်ကိုယ်ကောင်းဆန်သော လုပ်ဆောင်ချက်များကို ပိုမိုသဘောပေါက်နားလည်လာရန် အချိန်တန်ပြီ ဖြစ်ပေသည်။
>
> အခြေအနေမှန်များကို ပိုမိုသဘောပေါက်လာသည်နှင့်အမျှ ပြည်သူတို့၏ လက်ရှိအစိုးရအပေါ် ထောက်ခံမှုသည်လည်း ပိုမိုနိုးကြားတက်ကြွလာမည်မှာ အမှန်ပင်ဖြစ်သည်။ လက်ရှိအစိုးရ တာဝန်ယူသည့် လက်ထက်တွင် နိုင်ငံ၏ ကောင်းမွန်သော အနာဂတ်အနေအထားသည် ပိုမိုပုံပေါ်လာလျက်ရှိပြီး နိုင်ငံတွင်လည်း တိုးတက်မှုများ အမှန်တကယ် ရရှိလျက်ရှိသည်ကို ပြည်သူများ သဘောပေါက်နားလည်ပြီး ဖြစ်ပါသည်။
>
> နိုင်ငံခြားမှ ကူညီထောက်ပံ့မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ တစ်နေ့တခြား ပိုမိုများပြားလာလျက်ရှိသည်ဆိုသည့် အချက်ကလည်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဖြင့် သက်သေခံလျက်ရှိပါသည်။ ယခုအချိန်ကာလတွင် အုပ်စုအချင်းချင်း ကွဲနေပြီး အခြေအနေ အနေအထားကိုလည်းမသိ၊ အတွေ့အကြုံလည်း လုံ့ဝမရှိသည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံကိုအုပ်စိုးရန် ကြိုးပမ်းနေခြင်းသည် ကျွန်တော့်အတွက် လွန်စွာပင် စိတ်တုန်လှုပ်ချောက်ချားစေသည့် ကြောက်မက်ဖွယ်ရာကောင်းသော ဖြစ်ရပ်တစ်ခုဖြစ်ပါသည်။

ဟု ဖော်ပြခဲ့သည်။ ကျင်းပဆဲအမျိုးသားညီလာခံမှ NLDကိုယ်စားလှယ်များကို **ဒေါ်စုကြည်** က တစ်ချက်လွှတ်အမိန့်ဖြင့် ဝိစီမှုတ်ဆွဲထုတ်ခဲ့ပြီးနောက်တွင် NLD ၏ နိုင်ငံရေးတိုက်ကွက်သည် အရှိန်ကုန်သွားခဲ့ပြီး ထင်သလောက် ခရီးမပေါက်ခဲ့ပေ။

သို့သော်လည်း ဖော်ပြပါကဲ့သို့ **ဒေါ်စုကြည်**က NLD ပါတီကို ဦးတည်ချက်မှန်ကန်နေသော အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်မှ ဆွဲချကာ နိုင်ငံအတွင်း နိုင်ငံရေးတည်ငြိမ်မှုကို ဂယက်ထလှုပ်ခတ်စေခဲ့ ချိန်တွင် အမေရိကန်အစိုးရက ၎င်းတို့လိုရာဆွဲ အကြောင်းပြချက်ဖြင့် မြန်မာနိုင်ငံအပေါ် "စီးပွားရေးဆိုင်ရာ ပိတ်ပင်ကန့်သတ်မှု" (Economic Sanction)အစိုးရအဖွဲ့ တာဝန်ရှိသူများအပေါ် ပြည်ဝင်ခွင့်ဗီဇာ ပိတ်ပင်ကန့်သတ်မှု ချမှတ်လာသည့်နည်းတူ **ဒေါ်စုကြည်** ကိုလိုလားသူ ပြည်ပြေးအမျိုးအမည် အစုံအလင်နှင့် အမေရိကန်၊ အင်္ဂလိပ်လူတွင်ကျယ်များ၊ အကြံအဖန်သမားများ ပူးပေါင်း၍လည်း "Visit Myanmar Year(1996)"အစီအစဉ် အလားအလာကောင်းများ ပျက်စီးအောင် Boycott Tourism on Burmaအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ကာ တည်ဆဲအစိုးရ၏ ဂုဏ်သိက္ခာ ထိခိုက်အောင်၊နိုင်ငံတကာအလယ်တွင် မျက်နှာငယ်ရအောင် ကြံဆောင်ခဲ့ကြသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။

NLD အနေဖြင့်မူ ထိုသို့သော ပြည်ပအင်အားစုများ၏ ပိတ်ဆို့ဟန့်တားနှောင့်ယှက်မှု ပေါင်းစုံအပေါ် နှစ်လိုအားရစွာ လက်ခုပ်လက်ဝါးတီး အောင်ပွဲခံပြီး ရေစုန်မျောနေရာမှ ၁၉၉၈ ခုနှစ်သို့ အရောက်တွင် တစ်စခန်းပြန်ထကာ တစ်ပွဲတစ်လမ်း အကဲစမ်းဖို့ ကြံဆောင်လာခဲ့ပြန်သည်။

၁၉၉၈ ခုနှစ် ဧပြီလ ၁၃ ရက်နေ့ သင်္ကြန်အကြိုနေ့တွင် အမေရိကန် ဆီးနိတ်အမတ် Dana Rohrabacher မြန်မာနိုင်ငံသို့ နေ့ချင်းပြန်ရောက်လာပြီး **ဒေါ်စုကြည်** နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ နှစ်ဆန်းတစ်ရက်နေ့တွင် NLD က ကြေညာချက်တစ်စောင် ထွက်လာသည်။ ထိုကြေညာချက်တွင် လွှတ်တော်ခေါ်ယူပေးရေး တောင်းဆိုချက် အစပျိုးလာခဲ့သည်။

မေလ ၂၇ ရက်နေ့ ရွေးကောက်ပွဲ(၈)နှစ်မြောက် နှစ်ပတ်လည်နေ့တွင်မူ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးရန် လိုအပ်နေကြောင်း၊ ထိုရလဒ်ကို ပြည်သူလူထုဆန္ဒနှင့်အညီ အကောင်အထည်ဖော်ပေးရန် အာဏာပိုင်များကို ထပ်ခါတလဲလဲ တိုက်တွန်းနေခြင်းဖြစ်ကြောင်း၊ ပထမခြေလှမ်းအနေဖြင့် လွှတ်တော်ခေါ်ပေးရမည်ဖြစ်ကြောင်း **ဒေါ်စုကြည်** မှ ထုတ်ဖော်ပြောဆိုလာတော့သည်။

ဇွန်လ ၂၃ ရက်နေ့အရောက်တွင် ရက်ပေါင်း ၆၀ အတွင်း(ဩဂုတ်လ ၂၁ ရက်မတိုင်မီ) လွှတ်တော်ခေါ်ပေးရန် တောင်းဆိုသည့်စာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံ ပေးပို့ပြီး ပြည်တွင်းပြည်ပသတင်းဌာနများနှင့် သံတမန်များကို ဖြန့်ဝေခဲ့သည်။ ထို့နောက်တွင် ပဲခူးတိုင်းသို့ သွားရောက်ရန် အကြောင်းပြချက်ဖြင့် ရန်ကုန်မှ ထွက်ခွာသွားခဲ့သည့်အတွက် တိုက်ကြီးမြို့နယ် ရွှေမြဲယာတွင် တားမြစ်ရခြင်း၊ ဧရာဝတီတိုင်းသို့သွားရန် ထွက်ခွာသွားသည့်အတွက် ထန်းတပင်မြို့နယ် အညာစုတွင် နှစ်ကြိမ်တားမြစ်ရခြင်း စသည့် ဖြစ်စဉ်များ ပေါ်ပေါက်လာခဲ့သည်။ ဤသည်တို့မှာ ဒေါ်စုကြည်၏ ထိပ်တိုက်ရင်ဆိုင်မှု နည်းနာများပင်ဖြစ်သည်။ ထိုလုပ်ရပ်များကို ကမ္ဘာကသိအောင် လုပ်ဆောင်ရင်း ဩဂုတ်လ ၂၁ ရက်နေ့တွင် NLDက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကြေညာချက်တွင် အစိုးရက လွှတ်တော်ခေါ်ပေးမည် မဟုတ်သည့်အတွက် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ ပါဝင်သည့် ပြည်သူ့လွှတ်တော်တစ်ရပ်ကို မကြာမီရက်အတွင်း ခေါ်ယူဖွဲ့စည်းမည်ဖြစ်ကြောင်း ဖော်ပြလာသည့်အတွက် သက်ဆိုင်ရာက ထိုကိစ္စကို အကျယ်ကျယ် မဖြစ်စေရန် အညင်သာဆုံး နည်းလမ်းသုံး၍ အထမမြောက်အောင် ဟန့်တားခဲ့ရပြန်သည်။ ဤတွင် ပြည်တွင်းပြည်ပ ဖိအားပေးမှုများ အရှိန်အဟုန်ဖြင့် ပေါ်ထွက်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် BBC နှင့် DVB အသံလွှင့်ဌာနများက ရှစ်လေးလုံး ဆယ်နှစ်မြောက် အထူးအစီအစဉ်အဖြစ် သွေးထိုးလှုံ့ဆော်မှုများ မပြတ်ထုတ်လွှင့်လာခဲ့သည်။ ထို့ပြင် ရှစ်လေးလုံး ဆယ်နှစ်မြောက် နှစ်ပတ်လည်နေ့တွင် လှုံ့ဆော်လှုပ်ရှားနိုင်အောင် ရည်ရွယ်ပြီး ရန်ကုန်သို့ နိုင်ငံခြားသား ၁၈ ဦး ဝင်ရောက်လာခဲ့ကာ လူစည်ကားသည့် နေရာများတွင် လှုံ့ဆော်စာများ ဖြန့်ဝေခဲ့ကြသည်။ ထို ၁၈ ဦးအဖွဲ့တွင်-

အမေရိကန်	(၆) ဦး
ထိုင်း	(၃) ဦး
မလေးရှား	(၃) ဦး
အင်ဒိုနီးရှား	(၃) ဦး
ဖိလစ်ပိုင်	(၂) ဦး
ဩစတြေးလျ	(၁) ဦး

ပါဝင်ခဲ့သည်။ ၎င်းတို့အဖွဲ့ကို ထိုင်းနိုင်ငံအခြေစိုက် Alternative Asean Network on Burma အဖွဲ့၊ Union For Civil Liberty အဖွဲ့၊ အမေရိကန်ပြည်ထောင်စုရှိ Internation Organization for Democracy in Burma အဖွဲ့၊ ဖိလစ်ပိုင်နိုင်ငံရှိ Initiative International Dialogue အဖွဲ့များနှင့် အမေရိကန်ရောက် မြန်မာပြည်ပြေးများက စည်းရုံးသိမ်းသွင်း စေလွှတ်လိုက်ခြင်းဖြစ်သည်။ ကုန်ကျစရိတ်များကို လန်ဒန်အခြေစိုက် International Organization for Democracy in Burma အဖွဲ့က ကုန်ကျခံခဲ့သည်။

ထိုအတောအတွင်း **ဒေါ်စုကြည်**၏ ပြည်သူလူထုသို့ ပန်းကြားချက်၊ တပ်မတော်သားများသို့ မေတ္တာရပ်ခံချက် ခေါင်းစဉ်တပ် သွေးထိုးလှုံ့ဆော်ချက်များကို VOA အသံလွှင့်ဌာနက ထုတ်လွှင့် ပေးခဲ့ရသေးသည်။ ထိုပန်းကြားချက်၊ မေတ္တာရပ်ခံချက်များတွင် အဓိအားဖြင့်လွှတ်တော်ခေါ်ပေးရန် တောင်းဆိုထားပြီး ထိုတောင်းဆိုချက်ကို ပြည်သူလူထုနှင့် တပ်မတော်က ထောက်ခံလာစေရန် စည်းရုံးမှုသာဖြစ်သည်။ တစ်ချိန်တည်းမှာပင် ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာသံရုံးများရှေ့တွင် ဆန္ဒပြမှုအမျိုးမျိုးလည်း ပေါ်ပေါက်ခဲ့သည်။

ထိုစဉ်က လှုံ့ဆော်သွေးထိုးစည်းရုံးမှုများကို လေ့လာကြည့်လျှင် တပ်မတော်ပြိုကွဲအောင်၊ အလုပ်သမား၊ လယ်သမား၊ ပြည်သူလူထုနှင့် ကျောင်းသားလူငယ်များ ဆူပူမှုဖြစ်လာအောင် ရှစ်လေးလုံးနှစ်ပတ်လည်နေ့နှင့် NLDက လွှတ်တော်ခေါ်ပေးဖို့ တောင်းဆိုထားသည်။ ဩဂုတ် ၂၁ ရက်နေ့ မတိုင်မီ အချိန်ကိုက်ဆူပူလှုပ်ရှားမှုများဖြစ်လာအောင် ဖန်တီးထားကြောင်း တွေ့ရှိရမည်ဖြစ်သည်။

သို့သော် **ဒေါ်စုကြည်** မျှော်လင့်ထားသလို ပြည်တွင်း၌ဆူပူလှုပ်ရှားမှု ကြီးကြီးမားမား မပေါ်ပေါက်ခဲ့ပေ။ ထို့ကြောင့်လည်း မှန်းချက်နှင့် နှမ်းထွက် မကိုက်ခဲ့သော ရှစ်လေးလုံး (၁၀)နှစ်မြောက် နှစ်ပတ်လည် လှုပ်ရှားမှုအပြင် နောက်ထပ် လှုပ်ရှားမှုတစ်ခု ဖန်တီးရန် ၉-၉-၉၉ရက်နေ့ ကိုးလေးလုံးနေ့ကို ပစ်မှတ်လုပ်ခဲ့ကြပြန်၏။ ။ **(ဆက်လက်ဖော်ပြပါမည်)**

တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲ အခြေခံပညာအဆင့် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

၂၀၀၃ ခုနှစ် (၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက အခြေခံပညာအလယ်တန်းအဆင့်နှင့် အခြေခံပညာ အထက်တန်းအဆင့် တပ်မတော်ဆိုင်ရာ အထွေထွေ ဗဟုသုတ ဉာဏ်စမ်းဖြေဆိုပြိုင်ပွဲများကို စက်တင်ဘာ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံကျောင်းများ၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဉာဏ်စမ်းဖြေဆိုပွဲအတွက် ပြဋ္ဌာန်းထားသော စာအုပ်များမှာ အလယ်တန်းအဆင့်အတွက် တပ်မတော်သမိုင်း ပထမတွဲမှ ဆဋ္ဌမတွဲအထိနှင့် အထက်တန်းအဆင့်အတွက် ပထမတွဲမှ အဋ္ဌမတွဲအထိဖြစ်သည်။ ဖြေဆိုလိုသူ ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာ ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆက်သွယ်ဆောင်ရွက်သွားကြရန်ဖြစ်သည်။ (သတင်းစဉ်)

နို့ချိုတိုက်ကျွေး ကမ္ဘာ့ရင်သွေး၊ ငြိမ်းအေးမျှတ ကလေးသူငယ်ဘဝ

ဒေါက်တာ လှကြည်

၂၀၀၃ခုနှစ် ဩဂုတ်လ ပထမပတ်တွင် ကျရောက်သည့် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်၏ ဆောင်ပုဒ်မှာ "နို့ချိုတိုက်ကျွေး ကမ္ဘာ့ရင်သွေး၊ ငြိမ်းအေးမျှတ ကလေးသူငယ်ဘဝ"ဟူ၍ ဖြစ်သည်။

မှန်ပေသည်။ မည်သည့် လူ့အဖွဲ့အစည်း၌မဆို ချမ်းသာသည့် မိသားစုမှ ပေါက်ဖွားသည်ဖြစ်စေ၊ ဆင်းရဲသည့်မိသားစုမှ ပေါက်ဖွားသည်ဖြစ်စေ ငယ်ရွယ်နုနယ်လှသည့် ရင်သွေးငယ်များအတွက် အလုံခြုံဆုံးနေရာ၊ အငြိမ်းအေးဆုံးနေရာမှာ မိခင်၏ရင်ခွင်သာ ဖြစ်ပါ၏။ လူသတ္တဝါမဆိုထားနှင့် ခွေးကလေး၊ ကြောင်ကလေးများမှအစ အဟိတ် တိရစ္ဆာန်များပင် မိခင်၏ ရင်ခွင်၌ ခိုလှုံပျော်မွေ့လိုသည်မှာ လောကဓမ္မတာ ဖြစ်ပါသည်။ ထို့ကြောင့် လူ့လောကထဲသို့ စတင်ဝင်ရောက်လာသည့် ရင်သွေးငယ်တိုင်းအား မိခင်၏နွေးထွေးသည့် ရင်ခွင်တွင် ခိုလှုံစေပြီး၊ နို့ချိုကိုသောက်စို့ခွင့်ပေးမှသာ တရားမျှတပေလိမ့်မည်။ သို့မှသာ ရင်သွေးငယ်သည် ငြိမ်းအေးသည့် ကလေးသူငယ်ဘဝကို ရရှိပေလိမ့်မည်။

မိခင်နို့၏ အာဟာရ

အာဟာရရှုထောင့်မှကြည့်လျှင် မွေးစရင်သွေးငယ်ကို မိခင်၏နို့ချိုတိုက်ကျွေးခြင်းသည် အကောင်းဆုံးအစားအစာကို ကျွေးခြင်းပင်ဖြစ်၏။ ရင်သွေးငယ်တိုင်းအတွက် လုံခြုံငြိမ်းအေးသည့်ဘဝ၊ လုံလောက်သည့်အာဟာရကိုရရှိစေရန် မိခင်နို့ကို မဖြစ်မနေ တိုက်ကျွေးသင့်သည်။ မွေးစရင်သွေးငယ်အတွက် မိခင်၏ နို့ရည်သည် အကောင်းဆုံးအစားအစာ ဖြစ်သည်ဆိုသောအချက်ကို ရှင်းပြလိုပါသည်။

ဤကမ္ဘာတွင် မိခင်နို့ကိုသောက်စို့၍ အသက်ရှင်ရသည့် သတ္တဝါအမျိုးပေါင်း တစ်နည်းအားဖြင့် နို့တိုက်သတ္တဝါအမျိုးအစားပေါင်း ၄၀၀၀ ကျော်ရှိသည်ဟု လေ့လာမှတ်သားမိပါသည်။ သတ္တဝါတစ်မျိုးစီ၏ မိခင်နို့သည် သက်ဆိုင်ရာသတ္တဝါ ရင်သွေးငယ်အတွက် အကောင်းဆုံးဖြစ်အောင် သဘာဝတရားက ဖန်တီးထားခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ နွားနို့သည် နွားပေါက်စကလေးအတွက် အကောင်းဆုံးအစာဖြစ်၏။ ကျွဲနို့သည်လည်း ကျွဲပေါက်စကလေးအတွက် အကောင်းဆုံး အစာဖြစ်၏။ သို့သော် နွားနို့သည် ကျွဲပေါက်စ ကလေးအတွက် အကောင်းဆုံးအစာ မဟုတ်သကဲ့သို့ ကျွဲနို့သည်လည်း နွားပေါက်စကလေးအတွက် အကောင်းဆုံးအစာ မဟုတ်ပေ။ ထိုနည်းတူ နွားနို့နှင့် နွားနို့မှ ထုတ်လုပ်ထားသည့် နို့မှုန့်အမျိုးမျိုးသည် လူသတ္တဝါ ရင်သွေးငယ်အတွက် အကောင်းဆုံးအစားအစာ မဟုတ်ပေ။ လူသတ္တဝါ ရင်သွေးငယ်အတွက် အကောင်းဆုံးအစာမှာ သူ့မိခင်၏ နို့ချိုသာဖြစ်ပါသည်။

ဤအချက်ကို အာဟာရရှုထောင့်မှ ရှင်းပြလိုပါသည်။ နို့၌ ပရိတင်း အာဟာရဓာတ်ပါဝင်မှုသည် သတ္တဝါ တစ်မျိုးနှင့် တစ်မျိုးမတူပေ။ နွားနို့တွင်ပါဝင်သည့် ပရိတင်းပမာဏသည် နွားကလေး၏ ခန္ဓာကိုယ်ကြီးထွားနှုန်းနှင့် လိုက်လျောညီထွေရှိသကဲ့သို့ လူမိခင်၏ နို့တွင်ပါဝင်သည့် ပရိတင်းပမာဏသည်လည်း လူရင်သွေးငယ်၏ ကြီးထွားနှုန်းနှင့် လိုက်လျောညီထွေရှိအောင် သဘာဝက ဖန်တီးပေးထားခြင်းဖြစ်ပါသည်။ သတ္တဝါ၏ကြီးထွားနှုန်းမြန်လေ နို့တွင်ပရိတင်းအာဟာရ ပို၍များလေဖြစ်သည်ကို တွေ့ရ၏။ နွားပေါက်စကလေးများ၏ ကြီးထွားနှုန်းသည် မွေးစလူသတ္တဝါရင်သွေးငယ်၏ ကြီးထွားနှုန်းထက် ပို၍မြန်ပါသည်။ နွားနို့တွင် လူမိခင်၏ နို့ထက်ပရိတင်းဓာတ်ပို၍ များပါသည်။ သို့သော် မွေးစအရွယ် လူသတ္တဝါရင်သွေးငယ်ကို နွားနို့တိုက်ခြင်းဖြင့် ကလေးသည် ပို၍လျင်မြန်စွာ မကြီးထွားနိုင်ပါ။ ကလေး၏ ကျောက်ကပ် အလုပ်ပိုလုပ်ရသဖြင့် မနိုင်မနင်းဖြစ်ပြီး အန္တရာယ်သာကြုံတွေ့နိုင်ပါ၏။

နို့၌အဆီဓာတ်ပါဝင်မှုသည်လည်း သတ္တဝါ တစ်မျိုးနှင့်တစ်မျိုး မတူပေ။ နို့တွင်အဆီဓာတ် ပါဝင်မှုသည် သတ္တဝါ၏ နေထိုင်ကျက်စားရာ ပတ်ဝန်းကျင်အပူချိန်နှင့် ဆက်စပ်မှုရှိကြောင်း တွေ့ရသည်။ အေးမြသည့် ရေတွင်ကျင်လည်ကျက်စားကြသော ဖျံ၊ ဝေလငါး အစ ရှိသည့် သတ္တဝါများ၏ နို့သည် ဆင်၊ မြင်း အစရှိသည့် ကုန်းသတ္တဝါများ၏ နို့ထက်အဆီဓာတ် သိသိသာသာ ပိုများသည်ကို တွေ့ရ၏။ ကျွဲနို့နှင့် နွားနို့ပင် မတူပေ။ ရေ၌ပျော်ပါးတတ်ကြသည့် ကျွဲသတ္တဝါ၏နို့တွင် အဆီဓာတ်ပို၍များသည်ကို တွေ့ရသည်။ လူသတ္တဝါ ရင်သွေးငယ်သည် ကျွဲနို့ကဲ့သို့ အဆီများသည့် နို့ကိုအစာမချက်နိုင်ပါ။

အခြားအာဟာရဓာတ်များ ပါဝင်နေပုံကို ကြည့်လျှင်လည်း ကွဲပြားခြားနားမှုများရှိနေသည်ကို တွေ့ရပြန်ပါသည်။ သံဓာတ်သည် ကလေး၏သွေးများ တည်ဆောက်ရာတွင် အရေးပါသော အာဟာရဓာတ်ဖြစ်၏။ မိခင်နို့တွင်ပါဝင်သည့် သံဓာတ်ကို ကလေးငယ်၏ အူကအလွယ်တကူ စုပ်ယူနိုင်သော်လည်း နွားနို့တွင်ပါသည့်သံဓာတ်၊ နို့မှုန့်တွင်ပါသည့် သံဓာတ်တို့ကိုမူ အလွယ်တကူ စုပ်မယူနိုင်ပေ။ ခြုံ၍ပြောရလျှင် မိခင်နို့တွင်ပါဝင်သည့် အာဟာရဓာတ်တစ်ခုချင်း၏ ပမာဏ၊ အရည်အသွေး၊ အမျိုးအစားတို့သည် ရင်သွေးငယ်အတွက် အကောင်းဆုံး အနေအထားတွင် ရှိနေပါသည်ဟု ဆိုလိုပါ၏။

လမစေ့မီမွေးသော ကလေး

လမစေ့မီမွေးသော ကလေးငယ်များအား မည်သည့်နို့တိုက်သင့်သည် ဆိုသည်ကိုလည်း ရှင်းပြလိုပါသည်။ သဘာဝတရားသည် အလွန်ဆန်းကြယ်၏။ လမစေ့မီ မီးဖွားသည့် မိခင်၏နို့သည် လစေ့ပြီးမှမီးဖွားသည့် မိခင်၏ နို့နှင့်အာဟာရဓာတ်များ ပါဝင်နေပုံချင်း မတူပေ။ လမစေ့မီ မီးဖွားသည့် မိခင်၏နို့သည် လမစေ့သေးသည့် ကလေးနှင့် အသင့်လျော်ဆုံး အာဟာရဓာတ်များ ပါဝင်အောင် သဘာဝတရားက ဖန်တီးထားပြီး ဖြစ်နေပါသည်။ လမစေ့မီမွေးသော ကလေးအတော်များများသည် မိခင်နို့ကို စို့နိုင်စွမ်းရှိကြ၏။ ထို့ကြောင့် လမစေ့သည့်ကလေးအား သူ့မိခင်၏နို့ကိုပင် တိုက်ကျွေးသင့်ပါသည်။ မိခင်နို့ကို စို့နိုင်စွမ်းမရှိလျှင်မူ ကျန်းမာရေးဝန်ထမ်းများ၏ အကြံဉာဏ်နှင့်အကူအညီကို ရယူဖို့လိုအပ်ပါမည်။

ပိန်သောမိခင်

မိခင်ကိုယ်တိုင်က ပိန်နေလျှင် ရင်သွေးကိုနို့တိုက်လို့ဖြစ်ပါ့မလား။ ထိုမိခင်၏နို့တွင် အာဟာရဓာတ်များ ကြွယ်ဝနိုင်ပါ့မလားဟူ၍ စိုးရိမ်သူတွေရှိပါသည်။ အထူးစိုးရိမ်စရာမလိုပါ။ မိခင်ကိုယ်တိုင်က အတော်အတန်ပိန်နေသည့်တိုင် နို့ထွက်ပမာဏ အနည်းငယ်လျော့နိုင်သည်မှအပ မိခင်၏နို့တွင် ပရိုးတင်းဓာတ်၊ သကြားဓာတ် အစရှိသည့် အဓိကကျသော အာဟာရဓာတ်များ လုံလုံလောက်လောက် ပါဝင်နေသည်ကိုတွေ့ရ၏။ မိခင်သည် အစားအသောက်စားရာတွင် အမျိုးအစားစုံလျှင် စုံသလောက် နို့ထဲ၌ ဗီတာမင်များ စုံစုံလင်လင် ပါလာနိုင်ပါသည်။ နို့တိုက်မိခင်အနေနှင့် မိမိအတွက်ရော ရင်သွေးငယ်အတွက်ပါ အာဟာရဖြစ်အောင် နဂိုထက်ပို၍ စားဖို့သာလိုအပ်ပါသည်။

အစာအုပ်စု စုံအောင်စားပါ

နို့တိုက်မိခင်တွေ အာဟာရဖြစ်အောင် မည်သို့စားသောက်သင့်သည် ဆိုသည်ကို ပြောပြလိုပါသည်။ ပထမဆုံးပြောချင်သည့်အချက်မှာ သားငါးသီးနှံ စုံအောင်စားပါဟူ၍ ဖြစ်ပါသည်။ တိတိကျကျ ပြောရလျှင် ကောက်နှံ၊ သစ်ဥသစ်ဖု၊ ဆီ စသည့် အင်အားဖြစ်စေသည့် အစာအုပ်စုမှ အစာတစ်မျိုးမျိုး၊ အသား၊ ငါး၊ နို့၊ ဥ၊ ပဲအမျိုးမျိုးစသည့် ခန္ဓာကိုယ်ကြီးထွား ဖွံ့ဖြိုးစေသည့် အစာအုပ်စုမှ အစာတစ်မျိုးမျိုး၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများ အပါအဝင် ရောဂါကာကွယ်သည့် အစာအုပ်စုမှ အစာတစ်မျိုးမျိုးကို နေ့စဉ်စုံလင် မျှတအောင် စားသုံးရပါမည်။

နို့တိုက်မိခင်အချို့သည် ကလေး ဗိုက်နာမှာစိုးလို့၊ ကလေးဝမ်းသွားမှာစိုးလို့ အစရှိသည့် အကြောင်းပြချက်အမျိုးမျိုးဖြင့် အစားရှောင်တတ်ကြပါသည်။ မမှန်ကန်သည့် စိုးရိမ်စိတ်များဖြင့် အစားရှောင်လွန်းသည့်အတွက် မိခင်မှာ ဗီတာမင်ဘီဝမ်း ချို့တဲ့ပြီး ထုံနာကျဉ်နာဖြစ်၊ ကလေးက နှစ်လ၊ သုံးလအရွယ်မှာ သူငယ်နာနှင့် သေ။ ထိုအဖြစ်မျိုးတွေ တွေ့ရကြုံရတိုင်း ရင်ထုမနာ ဖြစ်မိပါသည်။ နို့တိုက်မိခင်များသည် သာမန်အမျိုးသမီးများထက်ပို၍ အသား၊ ငါး၊ ပဲ၊ ဥအမျိုးမျိုးနှင့် အသီးအရွက်များ စားရပါမည်။ လတ်လတ်ဆတ်ဆတ် သန့်သန့်ရှင်းရှင်းစားလျှင် ကလေးရော မိခင်ပါကျန်းမာမည်မှာ အမှန်ပါပဲဟု ပြောချင်ပါသည်။

မိခင်နို့နှင့် ရောဂါခုခံစွမ်းအား

မိခင်နို့သည် ရင်သွေးငယ်အတွက် ကိုယ်ခံစွမ်းအားဓာတ်များကိုလည်း ပေးနိုင်စွမ်းရှိပေသည်။ အထူးသဖြင့် နို့ဦးရည်ဟုပြောလေ့ရှိသည့် မီးဖွားပြီးစ ပထမတစ်ရက်၊ နှစ်ရက်အတွင်းထွက်သော မိခင်နို့သည် ရောဂါခုခံစွမ်းအားဓာတ်များ ကြွယ်ဝလှ၏။ နို့ရည်ပမာဏမများလှသော်လည်း နို့ဦးရည်မှရရှိနိုင်သည့် ကိုယ်ခံစွမ်းအားဓာတ်များ၏ အကျိုးပြုပုံမှာ တိုင်းတာ၍မရအောင် ကြီးမားလှပေသည်။ မည်မျှအစွမ်းထက်သနည်းဟူမူ နို့ဦးရည်သည် ကလေးအတွက် ပထမဆုံး ကာကွယ်ဆေးဖြစ်သည်ဟူ၍ပင် တင်စားပြီး ပြောလေ့ရှိပါသည်။ ထို့ကြောင့် ကလေးအား မီးဖွားပြီး တစ်နာရီ အတွင်းစောနိုင်သမျှစောစွာ မိခင်နို့ကို စတင်တိုက်ကျွေးသင့်ပါသည်။ မီးဖွားပြီး ပထမတစ်ရက် နှစ်ရက်အတွင်း မိခင်၏နို့ဦးရည်ကို မစို့လိုက်ရသည့်ကလေး၊ အနည်းဆုံး ခြောက်လလောက်မှ မိခင်နို့ သောက်စို့ခွင့်မရလိုက်သည့် ကလေးငယ်၏ဘဝသည် ကျန်းမာရေးရှုထောင့်မှကြည့်လျှင် အပြည့်အဝ မလုံခြုံ မချမ်းမြေ့နိုင်တော့ပါ။ မိခင်နို့သောက်စို့ခွင့်မရသည့်ကလေးများတွင် ဝမ်းပျက် ဝမ်းလျှော၊ နမိုးနီးယား အဆုတ်ရောင်ဂါများကြောင့် သေဆုံးမှုနှုန်းသည် မိခင်နို့စို့ရသည့် ကလေးများမှာထက် **ငါးဆထိပို၍များနိုင်ကြောင်းသိရပါသည်။**

ကလေး၏အသက် ခြောက်လထိ မိခင်နို့တစ်မျိုးတည်းတိုက်ပါ

မိခင်နို့သည် ကလေး၏အသက် ခြောက်လခန့်အထိ လိုအပ်သည့် အာဟာရဓာတ်များကို ဖြည့်ဆည်းပေးနိုင်သော အစားအစာဖြစ်၏။ ကလေးအား အသက်ခြောက်လထိ မိခင်နို့အပြင် မည်သည့်အရည်အဖတ်မျှ ဖြည့်စွက်တိုက်ကျွေး စရာမလိုဟု ဆိုလိုပါသည်။ အနည်းဆုံး ကလေးများ အသက်လေးလမတိုင်မီ ထမင်း၊ အာဟာရမှုန့်စသည့် အဖတ်များ မကျွေးသင့်ဟု ကလေးဆရာဝန်ကြီးများ၊ အာဟာရ ဆရာဝန်ကြီးများက သဘောတူကြပါသည်။ အသက်ခြောက်လမတိုင်မီ ထမင်းခွံ့ခြင်းသည် မိခင်နို့ရှိလျက်နှင့် မိခင်နို့လောက် မကောင်းသည့် အစာကိုအစားထိုး၍ကျွေးသည့် သဘောသက်ရောက်ပါသည်။ ကျွေးသည့်အစာ၊ အသုံးပြုသည့်ဇွန်း၊ ပန်းကန်နှင့်ရေမသန့်လျှင် ကလေးကို ဝမ်းပျက် ဝမ်းလျှောရောဂါရအောင် လုပ်သကဲ့သို့ ဖြစ်နိုင်ပါသည်။ အသက်ခြောက်လမတိုင်မီ မိခင်နို့အပြင် ထမင်း၊ နို့မှုန့်၊ အာဟာရမှုန့်စသည့် အရည်၊ အဖတ်တစ်မျိုးမျိုး စားသုံးရသော ကလေးများသည် အသက်ခြောက်လထိ မိခင်နို့ တစ်မျိုးတည်း သောက်စို့ရသော ကလေးများထက် ရောဂါပိုထူပြီး၊ အသေအပျောက်လည်း နှစ်ဆခန့် ပို၍များကြောင်း လေ့လာတွေ့ရှိရပါသည်။

မိခင်အတွက်လည်း အကျိုးရှိ

မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကလေးရောမိခင်ပါ နှစ်ဦးနှစ်ဝအကျိုးရှိနိုင်ပါသည်။ ရင်သွေးငယ်အတွက် အကျိုးထူးပုံများကို တင်ပြခဲ့ပါပြီ။ မိခင်အတွက် အကျိုးရှိပုံကို ဆက်လက် တင်ပြပါမည်။ ကလေးငယ် မိခင်၏ဝမ်းမှ ကျွတ်လျှင်ကျွတ်ခြင်း မိခင်နို့တိုက်ကျွေးခြင်းကြောင့် မိခင်၏ သားအိမ်ကျုံ့အားကောင်းစေသည့်အတွက် မီးဖွားပြီး သွေးသွန်ခြင်းမှ ကာကွယ်ပေးပါသည်။ ဤသည်မှာ လတ်တလောရရှိသည့် အကျိုးကျေးဇူးဖြစ်၏။ မိခင်နို့တစ်မျိုးတည်းကို အချိန်ပြည့်တိုက်ကျွေးခြင်းဖြင့် သားဆက်ခြားစေသည့် အကျိုးကျေးဇူးကိုလည်း ရရှိခံစားနိုင်ပါသည်။ မိခင်နို့တိုက်ခြင်းသည် နို့မှုန့်တိုက်သကဲ့သို့ ကုန်ကျစရိတ်မများသည့်အတွက် မိသားစု၏ စီးပွားရေးကို အထောက်အကူပြုပါသည်။ မိခင်နို့တိုက်ကျွေးသည့် အမျိုးသမီးများသည် မတိုက်ကျွေးသည့် အမျိုးသမီးများထက် ရင်သားကင်ဆာဖြစ်ပွားမှု အန္တရာယ်ပို၍နည်းပါသည်။ ယင်းတို့မှာ ရေရှည်အကျိုးကျေးဇူးများဖြစ်ပါ၏။

မည်သို့မျှ တုနှိုင်း၍မရသည့် အကျိုးကျေးဇူးမှာ မိခင်နို့သောက်စို့သော ရင်သွေးနှင့် တိုက်ကျွေးသည့် မိခင်တို့ နှစ်ဦးကြားတွင် ဖြစ်ပေါ်လာသော ချစ်ခြင်းမေတ္တာသံယောဇဉ်ပင်ဖြစ်ပေသည်။ ထို့ကြောင့် လူ့လောကထဲသို့ ရောက်လာသော ရင်သွေးငယ်များအား သူတို့ဘဝ၏ အစောဆုံး၊ အနုနယ်ဆုံးအပိုင်းဖြစ်သည့် ကလေးသူငယ်ဘဝတွင် လုံခြုံမှု၊ ငြိမ်းအေးမှု၊ မျှတမှုတို့ကို အပြည့်အဝရရှိခံစားစေလိုသည်ဆိုပါလျှင် မိခင်နို့ချိုတိုက်ကျွေးကြပါဟု တိုက်တွန်းလိုပါသည်။ ။

အသေးစားနှင့် အလတ်စားလုပ်ငန်း စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၅

သမဝါယမဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်နှင့်တို့ ပူးပေါင်းဖွင့်လှစ်သော အသေးစားနှင့် အလတ်စားလုပ်ငန်း စီးပွားရေး စီမံခန့်ခွဲမှု သင်တန်းဖွင့် ပွဲအခမ်းအနားကို ဩဂုတ်၄ရက် နံနက် ၉ နာရီက သန်လျင်မြို့ရှိ ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး တင်ငွေ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဂျပန်ပင်လယ်ရပ်ခြားနည်းပညာ အကူအညီပေးရေးအဖွဲ့မှ ကျွမ်းကျင်သူ Mr. Tsugio Mogiကအမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သမဝါယမ ဒီဂရီကောလိပ်မှဆရာ၊ ဆရာမ ၁၅ဦးနှင့် ဌာနဆိုင်ရာအရာရှိငါးဦး စုစုပေါင်း သင်တန်းသား ၂၀ဦးတို့ တက်ရောက် ကြပြီး သင်တန်းကာလမှာ ငါးလဖြစ်သည်။ **(သတင်းစဉ်)**

အားကစားပစ္စည်းများ ပေးအပ်ပွဲနှင့် အားကစားသရုပ်ပြပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၅

စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်ပွဲနှင့် အားကစားသရုပ်ပြပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီ တွင် စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစား ကလောင်ရှင်များ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးနှင့် အမှုဆောင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်နှင့် ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အားကစားပစ္စည်းပေးအပ်

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားပြီး အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်အား ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အားကစား ကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက နှုတ်ခွန်းဆက် စကားပြောကြားပြီး အားကစားနှင့်ကျန်းမာရေး မဂ္ဂဇင်းများကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

မိတ်ဆက်

ထို့နောက် နိုင်ငံ့ဂုဏ်ဆောင် အားကစား မောင်မယ်များအား မိတ်ဆက်ပေးပြီး နိုင်ငံ့ဂုဏ်ဆောင် မောင်မယ်များဖြစ်ကြသော ဝင်းချို ဆန်း(သေနတ်ပစ်)၊ ခိုင်ခိုင်မော်(ဂူရှူး)၊ ထွန်းထွန်းဝင်း (ဘောလုံး) တို့က အားကစား အတွေ့အကြုံ များကို ရှင်းလင်းပြောကြားသည်။

သရုပ်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လက်ရွေးစင်များနှင့် ဂူရှူးလက်ရွေးစင်များက အားကစားသရုပ်ပြသကြပြီး၊ ၂၀၀၃ ခုနှစ် အာဆီယံလူငယ် အသက် (၁၈) နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ် ဘောလုံး အသင်း၏ ချန်ပီယံ ရွှေဂိုးများကို ဗီဒီယိုဖြင့် ပြသကြသည်။

ထို့နောက် ကျောင်းအုပ် ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ ကြက်၊ ဝက် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပုသိမ်မြို့ Ayar Hi- Speed Double Cab ထုတ်လုပ်မှု ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့မှမော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ည ၈နာရီ မိနစ်၅၀တွင် ဧရာဝတီတိုင်း ပုသိမ်မြို့သို့ရောက်ရှိကြသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဧရာဝတီတိုင်း ကျောင်းကုန်း–ပန်းတနော် ကားလမ်းအနီး၌ ပန်းတနော်မြို့နယ်မှ ဒေသခံတောင်သူများ စမ်းသပ်ယှဉ်ပြိုင်စိုက်ပျိုးထားသည့် စပါးခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒေသမျိုးကြက်ခြံ

ဧရာဝတီတိုင်း ပုသိမ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဩဂုတ်၂ရက် နံနက်၇နာရီခွဲတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ထန်းတစ်ရာ ဒေသမျိုးကြက်မွေးမြူရေးခြံသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့အား မွေးမြူရေးခြံ၌ တာဝန်ခံ ဒုတိယဗိုလ်မှူးကြီးတင်မျိုးတင့်က မွေးမြူရေးခြံအတွင်း၌ ဒေသကြက်တစ်ယူနစ်လျှင် ကြက်ဖလေးကောင်၊ ကြက်မ ၁၆ကောင်နှုန်း သတ်မှတ်မွေးမြူထားရှိပြီး ယူနစ်အလိုက် မျိုးပွားပေါက်ဖွားလာမည့် ကြက်ကောင်ရေများအခြေအနေ၊ ဒေသမျိုးကြက်များ ဥ ဥနှုန်း အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တပ်ရင်းတပ်ဖွဲ့အလိုက် ယူနစ်များသတ်မှတ်၍ ကျယ်ကျယ်ပြန့်ပြန့် မွေးမြူသွားရေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် ဝက်မွေးမြူရေးခြံများအတွင်း တစ်ယူနစ်လျှင် အသားတိုးဝက်ထီးတစ်ကောင်နှင့် ဝက်မကိုးကောင်သတ်မှတ်၍ တစ်နှစ် ဝက်ကောင်ရေ၁၅၀နှုန်း တိုးပွားရေး စံနှုန်းသတ်မှတ်မွေးမြူထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြက်သားပေါက်ထုတ်လုပ်ရေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးနှင့်အဖွဲ့သည် ပုသိမ်–ရန်ကုန် ကားလမ်းနံဘေးရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ အပင်နှစ်ဆယ် မျိုးကြက်ခြံနှင့် ကြက်သားပေါက်ထုတ်လုပ်ဖြန့်ဖြူးရေးစခန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်မှူးကြီးတင်မျိုးတင့်က စခန်း၏အကွက်ချပုံစံနှင့်မွေးမြူထားရှိသော ကြက်များအခြေအနေ၊ ကြက်ဥဖောက်စက် တည်ဆောက်ထားရှိမှုအခြေအနေ၊ တစ်လလျှင် ကြက်သားပေါက်ကောင်ရေ ၁၀၀၀၀နှုန်းဖြင့် တစ်နှစ်ကြက်သားပေါက် တစ်သိန်းနှစ်သောင်း ထုတ်လုပ်ရန်စီစဉ်ထားမှုအခြေအနေ၊ ကြက်သားဖောက်စက်မှထွက်ရှိလာသော ရက်သားကြက်ငယ်များအားတိုင်းစစ်ဌာနချုပ် ကြက်ခြံများနှင့် တိုင်းအတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များအား ဖြန့်ဖြူးသွားမည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ထုတ်လုပ်မှု အရည်အသွေး ကောင်းမွန်သော မျိုးသန့်ဥစားမိဘမျိုးကြက်များ စီမံချက်ချမွေးမြူထုတ်လုပ်သွားရေး၊ ဥ ဥနှုန်း ကောင်းမွန်အောင်ဆောင်ရွက်ရေး၊ ကြက်များ အသေအပျောက်မှုနှုန်းနည်းအောင် ဂရုပြုဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့သည် စခန်းအတွင်းရှိ ကြက်ခြံ၌ Babcock Parent Stock ကြက်ထီးကောင်ရေ ၁၅၀နှင့် ကြက်မကောင်ရေ ၁၀၂၀မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကြက်ဥအလုံး ၁၈၀၀၀ဆံ့ ကြက်ဥဝပ်စက် နှင့် ကြက်ဥ ၃၀၀၀ဆံ့ ကြက်သားဖောက်စက်ကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လုပ်ငန်းများကို စနစ်တကျဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မျိုးစပ်ငါးခူမွေးမြူရေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့သည် စခန်းအတွင်းရှိ မျိုးစပ်ငါးခူမွေးမြူရေးကန်၌ ခေတ်မီသိပ္ပံနည်းဖြင့် ငါးခူပေါက်ငယ်များမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အနောက်တောင်တိုင်း စစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များ၌ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ တိုင်းရင်းဒေသမျိုး ကြက်များကို တစ်ယူနစ်လျှင် ကြက်ဖလေးကောင်၊ ကြက်မ ၁၆ကောင်နှုန်းဖြင့် တပ်ရင်းတစ်ရင်းလျှင် သုံးယူနစ်စီ အနည်းဆုံးမွေးမြူရန် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ တပ်ရင်းတပ်ဖွဲ့များ၌ ယခုအခါ ၁၁၅ယူနစ်တွင် ဒေသမျိုး ကြက်ကောင်ရေ ၂၃၀၀စတင်မွေးမြူဆောင်ရွက်မည်ဖြစ်ပြီး တစ်နှစ်လျှင် ကြက်ကောင်ရေ၆၉၀၀၀အထိတိုးပွားရန် သတ်မှတ်လျာထားဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အိမ်ထောင်စုတစ်စုလျှင် မိသားစုတစ်ပိုင်တစ်နိုင်အနေဖြင့် ဒေသမျိုးကြက်တစ်ယူနစ်လျှင် ကြက်ဖတစ်ကောင်၊ ကြက်မကိုးကောင်နှုန်းဖြင့် စုစုပေါင်း ကြက်ကောင်ရေ ၆၀၀၀၀မွေးမြူမည်ဖြစ်ပြီး တစ်နှစ်အတွင်း ဒေသမျိုး ကြက်တစ်သိန်းရှစ်သောင်းခန့်တိုးပွားရန် လျာထားသတ်မှတ်ဆောင်ရွက်မည်ဖြစ်သည်။

စီမံချက်ချမှတ်

အလားတူ မျိုးကောင်းမျိုးသန့် အသားတိုးဝက်များကိုလည်း တစ်ယူနစ်လျှင် ဝက်ထီးတစ်ကောင်၊ ဝက်မ ကိုးကောင်နှုန်းဖြင့် တပ်ရင်းတစ်ရင်းလျှင် သုံးယူနစ်မွေးမြူရန်သတ်မှတ်ထားရာ ယခုအခါ တပ်ရင်းတပ်ဖွဲ့များ၌ ၄၃ယူနစ်ဖြစ်သည့် ကောင်ရေ၄၃၀ စတင်မွေးမြူလျက်ရှိသည်။ တစ်ယူနစ်လျှင် တစ်နှစ်အတွင်းကောင်ရေ ၁၅၀တိုးပွားရန် ဆောင်ရွက်မည်ဖြစ်ရာ ကောင်ရေ ၆၄၅၀အထိ တိုးပွားရေး စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၌ မွေးမြူရေးကြက်အကောင် ၂၃၈၉၃၀၊ ဒေသကြက် ၄၅၅၂ကောင် စုစုပေါင်း ၂၄၃၄၈၂ကောင်နှင့် ဝက်ကောင်ရေ ၃၃၇၇ကောင် မွေးမြူလျက်ရှိပြီး တပ်ရင်းတပ်ဖွဲ့မိသားစုတစ်ပိုင်တစ်နိုင်အနေဖြင့် မွေးမြူရေးကြက်အကောင် ၆၂၅၀၊ ဒေသကြက် ၁၁၈၀၁၂ကောင် စုစုပေါင်း ၁၂၄၂၆၂ကောင်နှင့် ဝက်အကောင် ၂၅၉၀ မွေးမြူလျက်ရှိကြောင်းသိရသည်။

ရေယာဉ်ကားထုတ်လုပ်မှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့သည် ပုသိမ်စက်မှုဇုန်ရှိ ဧရာမော်တော်ကား တပ်ဆင်ထုတ်လုပ်ရေး ပင်မအလုပ်ရုံသို့ ရောက်ရှိကြပြီး Ayar Hi-Speed Double Cab နမူနာကားကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့အား ဧရာကား ထုတ်လုပ်ရေးကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး ဦးအောင်မျိုးခိုင်က Ayar Hi-Speed Double Cab များ တည်ဆောက်ပုံ အဆင့်ဆင့်နှင့် ထုတ်လုပ်နိုင်မှုအခြေအနေတို့ကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တိုင်းအတွင်း၌ လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်လာသည့်အလျောက် အချိန်ကုန်သက်သာစွာဖြင့်သွားလာနိုင်ရန်၊ ဒေသနေပြည်သူများဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်သည်အထိ တိုးတက်ထုတ်လုပ်ရေးကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးနှင့် အဖွဲ့သည် ကားတပ်ဆင်ထုတ်လုပ်ရေး ပင်မအလုပ်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

Ayar Hi-Speed Double Cab သည် 2L (Turbo) Diesel အင်ဂျင်ဖြစ်ပြီး Power Steering နှင့် Servo Brake စနစ်ဖြစ်သည်။ တစ်ဂါလန်လျှင်၃၅မိုင်နှုန်းဖြင့် တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ မောင်းနှင်နိုင်သည်။ အဆိုပါကားတပ်ဆင်ထုတ်လုပ်ရေး ပင်မအလုပ်ရုံမှ ယခုနှစ်၌ Two Wheel Drive စီးရေ ၂၀နှင့် Four Wheel Drive စီးရေ ၂၀ ထုတ်လုပ်ရန် လျာထားသတ်မှတ်ထားရာ ယခုအခါ မော်တော်ယာဉ်ခုနစ်စီး ထုတ်လုပ်ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

ရတနာတန်းဝင်စိုက်ခင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့သည် အနောက်တောင်တိုင်းစစ်ဌာနချုပ်ဝင်းအတွင်း ရတနာတန်းဝင်စိုက်ခင်း၌ မဟော်ဂနီပင် ၃၆၀စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ငရုတ်ကောင်း စိုက်ခင်းလေး ဧက၌ ငရုတ်ကောင်းပင် ၃၆၀၀ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်အတွင်း တိုးချဲ့စိုက်ပျိုးရန်အတွက် ငရုတ်ကောင်းပင်များ ပြုစုပျိုးထောင်ထားရှိမှုနှင့် ပျိုးပင်ငယ်နမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့သည် ပုသိမ်မြို့နယ်မြေခံတပ်ရင်းသို့ သွားရောက်ပြီး ငရုတ်ကောင်းခြံ၌ တပ်ရင်းအလိုက် တစ်ပိုင်တစ်နိုင် ငရုတ်ကောင်းပင် ၃၆၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စိုက်ဧကများ တိုးချဲ့စိုက်ပျိုးသွားရေးမှာကြားသည်။

ပြောင်းစိုက်ခင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့သည် နယ်မြေခံတပ်ရင်းပြောင်းစိုက်ခင်းသို့ သွားရောက်ကြပြီး Baby Corn သကြားပြောင်းနှင့် စီပီပြောင်းမျိုးများခုနစ်ဧကခန့်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပဲအမျိုးမျိုးကိုပါကြားညှပ်၍ တိုးချဲ့စိုက်ပျိုးသွားရန်တို့ကို မှာကြားသည်။ အဆိုပါ နယ်မြေခံတပ်ရင်း၌ ပြောင်းစိုက်ဧက ၁၂ဧကအထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အနောက်တောင်တိုင်း စစ်ဌာနချုပ်တပ်ရင်းတပ်ဖွဲ့များ၌ ငရုတ်ကောင်းစိုက်ပျိုးရေးတွင် ၂၀၀၂ ခုနှစ် မိုးရာသီအထိ ၄၈ ဒသမ ၂၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ၁၈၇ ဒသမ ၅ ဧကစိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ၁၂၃ဒသမ ၂၈ဧက စိုက်ပျိုးပြီးကြောင်းသိရသည်။

ဇီဝမြေဩဇာ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးနှင့်အဖွဲ့သည် ပုသိမ်မြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲ၁၂နာရီခွဲတွင် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာရှိ ဧရာရွှေဝါ ကုမ္ပဏီလီမိတက်၏ ရွှေမေတ္တာဇီဝမြေဩဇာစက်ရုံသို့ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ စက်ရုံတာဝန်ခံဒေါက်တာညွန့်ဖေက ဇီဝသဘာဝ မြေဩဇာ ထုတ်လုပ်မှုအဆင့်ဆင့်၊ မြေဩဇာတွင်ပါဝင်သော အဏုဇီဝသက်ရှိ ပိုးများအကြောင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အကျိုးအာနိသင်သက်ရောက်မှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဈေးနှုန်းချိုသာစွာဖြင့် ဒေသခံတောင်သူများအား ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးရောင်းချနိုင်သည်အထိ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့သည် ဇီဝသဘာဝမြေဩဇာထုတ်လုပ်မှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးသည်။

ရွှေမေတ္တာဇီဝမြေဩဇာကို ဆန်စပါးစိုက်ပျိုးသော လယ်ယာမြေများ၊ ပြောင်း၊ နှမ်း၊ ဝါ၊ နေကြာ၊ ပဲမျိုးစုံ စိုက်ပျိုးမြေများ၊ မြေပဲ၊ အာလူး၊ ကြက်သွန်၊ ကန်စွန်း၊မုန်လာစသော ဥစားသီးနှံ စိုက်ပျိုးမြေများနှင့် ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်ခြံမြေသီးနှံများ စိုက်ပျိုးမြေတို့အတွက် အမျိုးအစား လေးမျိုးခွဲခြား၍ အဆင့်မြင့်ဇီဝနည်းပညာများဖြင့် ထုတ်လုပ်ထားသည့် စွမ်းအားပြည့်မြေဩဇာဖြစ်သည်။ မည်သည့်ရေဖြင့်မဆို ရောစပ်အသုံးပြုနိုင်ပြီး တစ်ဧကတွင် ခြောက်ထုပ်နှုန်းသာအသုံးပြုရသည်။ တစ်နေ့လျှင် တစ်ကီလိုဝင် အိတ်ပေါင်း ၁၅၀၀၀ထုတ်လုပ်လျက်ရှိပြီး တိုးချဲ့ထုတ်လုပ်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဧရာဝတီတိုင်းဓမ္မာရုံစောင့်ရှောက်ရေးအဖွဲ့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန်   ဩဂုတ်   ၅

ဧရာဝတီတိုင်း ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးဆောင်အဖွဲ့နှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်းများ(ရန်ကုန်) စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ဗဟန်း ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်အသင်းများအနေဖြင့် မိမိတို့မြို့နယ်မှ ရန်ကုန်မြို့တွင် သီတင်းသုံးကျောင်းထိုင်လျက်ရှိသော ဆရာတော်ကြီးတစ်ပါးအား ပင့်ဆောင်၍ ဝါဆိုသင်္ကန်း ဆက်ကပ်မည်ဖြစ်ရာ တက်ရောက်ကြရန်နှင့် ဆရာတော်ကြီး၏ ဘွဲ့၊ ကျောင်းအမည်တို့ကို ဩဂုတ် ၁၂ရက်မတိုင်မီ ဧရာဝတီတိုင်းဓမ္မာရုံ ဖုန်း-၃၇၀၅၇၉ နှင့် ၃၈၁၃၆၀ တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးနှင့် အဖွဲ့သည် မွန်းလွဲ ၁နာရီခွဲတွင် ကျောင်းကုန်းမြို့သို့ ရောက်ရှိကြပြီး ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျောင်းကုန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို တွေ့ဆုံမှာကြားသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းနိုင်က ကျောင်းကုန်းမြို့နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အခြေအနေ၊ မိုးစပါး စိုက်ပျိုးနိုင်မှုနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကျောင်းကုန်းမြို့နယ်အတွင်း လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍတိုးတက်ရေးအတွက် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ရေး၊ မိမိဒေသတွင် ဖြစ်ထွန်းသည့် အခြားစီးပွားရေးကဏ္ဍများ တိုးတက်ရေးအတွက် နည်းလမ်းရှာကြံ ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသနေပြည်သူများ အပိုဝင်ငွေများ ရရှိရေးအတွက် ဒေသကြက်များ မွေးမြူရေးနှင့် စားဖိုဆောင်သီးနှံများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မြို့ကို မြို့အင်္ဂါနှင့်အညီ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ပြီး တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် လျင်မြန်စွာအောင်မြင်ဖြစ်ထွန်းရေးအတွက် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ရေးနှင့် မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအနေဖြင့် ဌာနဆိုင်ရာ လုပ်ငန်းတာဝန်များအပြင် မိမိတို့ဒေသအကျိုးဖြစ်ထွန်းမည့် လုပ်ငန်းကိစ္စရပ်များကို ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး စေတနာထားကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် ကျောင်းကုန်း-ပန်းတနော်ကားလမ်း လမ်းဘေးဝဲယာ၌ ရေတော်မိုးတော် မိုးစပါး စိုက်ပျိုးပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ ၃နာရီခွဲတွင် ကျောင်းကုန်း-ပန်းတနော် ကားလမ်းနံဘေး ကျုံတုံးကလေး ကျေးရွာအုပ်စုရှိ လယ်သမား ၄၃ဦး၏ ပန်းတနော်မြို့နယ် မိုးစပါးစံပြကွက်ဧက ၄၀၀ စိုက်ပျိုးရေးစခန်းသို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်က လယ်ကွက်တစ်ကွက်ချင်းအလိုက် စပါးမျိုးများ ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးမှု၊ အကျိုးပြုအဏုဇီဝ မြေဩဇာများ စမ်းသပ်ကျွေးမွေးမှု၊ အာဟာရဖြည့်တင်းမှု၊ ယှဉ်ပြိုင်စမ်းသပ်မှု၊ မျိုးသက်နုစမ်းသပ်ကွက်တို့ကို ရှင်းလင်းတင်ပြရာ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ မှာကြား၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တက်ရောက်လာကြသော ဒေသခံတောင်သူဦးကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး လယ်ယာစိုက်ပျိုးရေးတွင် နည်းလမ်းလေးသွယ်ဖြစ်သည့် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက် မြေဩဇာ ပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက် ရေတော်မိုးတော်စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေးတို့ကို ဆောင်ရွက်ကြရန်လိုကြောင်း၊ အိမ်ထောင်စုတိုင်း စိုက်ပျိုးရေးနှင့်အတူ ဒေသကြက်နှင့်ဘဲများ တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မအထိ တိုးတက်မွေးမြူရေး၊ မိမိတို့ဒေသ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။

ယှဉ်ပြိုင်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် စမ်းသပ်စိုက်ကွင်းအတွင်း၌ စပါးများ ယှဉ်ပြိုင်စမ်းသပ် စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးနှင့် အဖွဲ့သည် ညနေ ၄နာရီတွင် ပန်းတနော်မြို့သို့ ရောက်ရှိကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပန်းတနော်မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

လုပ်ငန်းစဉ်ငါးရပ်

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်က မြို့နယ်အတွင်း မြေယာအသုံးချမှုအခြေအနေ၊ မိုးစပါးအပါအဝင် မိုးသီးနှံများ စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ရေမြေ၊ သဘာဝ အခြေအနေများစွာရှိသည့် ဒေသဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးနှင့် သားငါးမွေးမြူရေး လုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ရေးနှင့် ဒေသနှင့် ကိုက်ညီသည့် အခြားကုန်ထုတ်လုပ်မှုကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ရေး၊ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုတွင် နေထိုင်ကြသူများအနေဖြင့် အိမ်ထောင်စုအလိုက် ဒေသကြက်များ တစ်ပိုင်တစ်နိုင်မှတစ်အုပ်တစ်မအထိ တိုးချဲ့မွေးမြူရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် လျင်မြန်စွာ တိုးတက်အောင်မြင်ရေးအတွက် တာဝန်ရှိသူများက အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ရေး၊ မြို့နှင့်ကျေးလက်ဒေသများ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရေး၊ မိမိတို့ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရေး အကျယ်တဝင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် (၁၆)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ ကျင်းပ

ရန်ကုန်   ဩဂုတ်   ၅

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၆)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၃)ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင် တက်ရောက်ကြည့်ရှု အားပေးသည်။ (အောက်ယာပုံ)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်သည် ယနေ့နံနက် ၉နာရီခွဲ တွင် မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမသို့ ရောက်ရှိလာရာ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ဗိုလ်ချုပ်ဝင်းလှိုင်သည် မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ မြေညီထပ် ဘေးဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းတုံးများကိုလည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမ အပေါ်ဆုံးထပ်ရှိ ကျောက်မျက်အတွဲများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဗိုလ်ချုပ်ဝင်းလှိုင်က ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်၏ (၁၆)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၂၆၈တွဲ၊ ကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ ၁၉၂၁၀၄၂ ဖြင့် လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၂၅၄တွဲအနက် အတွဲပေါင်း ၁၇၆တွဲ၊ ကြမ်းခင်းဈေး မြန်မာကျပ်ငွေသန်း ၃၉၀ကျော်ဖြင့်လည်းကောင်း၊ အတွဲပေါင်း ၇၈တွဲ၊ ကြမ်းခင်းဈေး အမေရိကန် ဒေါ်လာ ၆၅၂၀၀၀ ကျော်ဖြင့်လည်းကောင်း တင်ဒါစနစ်/ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများကို ရတနာကုန်သည်များက ယနေ့မှ ဩဂုတ် ၇ရက်အထိ နေ့စဉ်နံနက် ၉နာရီမှညနေ ၅နာရီအထိ ကြည့်ရှုစစ်ဆေးကြမည်ဖြစ်ပြီး ဩဂုတ် ၈ရက် နံနက် ၉နာရီတွင် ကျောက်စိမ်းအတွဲများကို Bargain စနစ်၊ Auction စနစ်တို့ဖြင့် အမေရိကန် ဒေါ်လာဖြင့်လည်းကောင်း၊ ကျောက်မျက်အတွဲများကို မြန်မာကျပ်ငွေဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

အဆိုပါကျောက်စိမ်းနှင့် ကျောက်မျက်ရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၃၀၅ဦးနှင့် ပြည်ပရတနာကုန်သည် ၄၉ဦး စုစုပေါင်း ၃၅၄ဦး ရောက်ရှိနေကြပြီး ရတနာများအား ကြည့်ရှုစစ်ဆေးနေကြသည်။

(သတင်းစဉ်)

အီလက်ထရောနစ် စက်ပြင်မှု လုပ်ငန်းခွင်သင်တန်း ဖွင့်မည်

ရန်ကုန်   ဩဂုတ် ၅

TV Video စက်များကို အခြေခံ၍ မည်သည့် အီလက်ထရောနစ် စက်များကိုမဆို ပြုပြင်နိုင်စွမ်းရှိသော ဦးခင်မောင်သန်း၏ Thantronic Electronic Service Training ကို ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ ယင်းသင်တန်းတွင် အခြေခံတန်း၊ အဆင့်မြင့်တန်းဟူ၍ သီးသန့်ခွဲခြားထားခြင်းမရှိဘဲ အခြေခံမှ အဆင့်မြင့်ပြီးဆုံးတိုင်ထိ စာတွေ့၊ လက်တွေ့တို့ကို နေ့သင်တန်း၊ ညနေအထူးသင်တန်းအဖြစ် ပစ္စည်းကိရိယာအစုံအလင်ဖြင့် သင်ကြားပေးသွားမည် ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် (၃၅) လှည်းတန်းလမ်းမကြီး လှည်းတန်းဈေးရှေ့ ကမာရွတ်မြို့နယ် ဖုန်း- ၅၃၄၂၂၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ASEAN Special Senior Officials' Meeting
Popa/Bagan
4-6 August 2003

ကောဒသမအကြိမ် (၁၁)ကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

(က) မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး။

(ခ) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး။

(ဃ) မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး။

(င) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး။

(စ) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၆။ ဆင်ဖြူရှင်တံတား
၈:၂၀ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Learning English The Easy and Happy Way For Children and Begineers
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၂၅ ၃။ Practice in Reading
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ်(ဓာတုဗေဒ၊ရူပဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ဓာတုဗေဒ)
၅:၀၅ ၆။ သီချင်းကြီးပဒေသာ
၅:၂၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၄၅ ၉။ တေးဂီတအစီအစဉ်
၆:၀၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆:၁၅ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Milo Success in Soccer
၇:၁၀ ၁၅။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၇:၂၅ ၁၆။ တေးဂီတအစီအစဉ်
၇:၃၅ ၁၇။ နို့ချိုတိုက်ကျွေး ကမ္ဘာ့ရင်သွေး ငြိမ်းအေးမျှတကလေးသူငယ်ဘဝ
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာ (အပိုင်း-၁၀)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

❐ **ထုံးဘိုမြို့မှ**

ဆက်လက်ထွက်ခွာခဲ့ရာ လမ်းဆုံသို့ တစ်ခဏအတွင်း ရောက်ရှိကြသည်။

ရောက်ရှိ

ယင်းဥသျှစ်ပင်လမ်းဆုံမှ တည့်တည့်သွားလျှင် ရခိုင်ပြည်နယ် တောင်ကုတ်လမ်းသို့ လည်းကောင်း၊ ညာဘက်သို့ကွေ့သွားလျှင် ရွှေစက်တော် မုံရွာသို့ လည်းကောင်း၊ ဘယ်ဘက်သို့သွားလျှင် ထုံးဘိုသို့လည်းကောင်း ရောက်သည်။ မိမိတို့ကားမှာ ထုံးဘိုဘက်သို့ ချိုးကွေ့ခဲ့သည်။ လမ်းကောင်းသောကြောင့် ကားက ပို၍ မြန်မြန်မောင်းနှင်နိုင်သည်။ ၁၈မိုင်မျှ မောင်းနှင်ပြီးနောက် ထုံးဘိုမြို့သို့ ရောက်ရှိကြသည်။

ထုံးဘိုမြို့အဝင်၌ လယ်ယာစိုက်ပျိုးမှုများကို တွေ့မြင်ကြရ၏။ လက်ဆက်ကျေးရွာသို့ရောက်လျှင် သွပ်မိုး ကျွန်းလုံးတံတားကြီးကို ဖြတ်လျှောက်ခဲ့ရ၏။ ယင်းတံတား၏တိုင်များ အမိုးအကာများအားလုံး ကျွန်းသစ်များဖြစ်ကြောင်း ဒေသခံတစ်ဦးက ရှင်းပြ၏။

ရည်သန်လှူဒါန်း

နှစ်ပေါင်းကြာမြင့်ပြီ ဖြစ်သည့် တိုင်အောင် ပျက်စီးယိုယွင်းမှု ဘာမျှမဖြစ်သေး၊ အလှူရှင် ဦးကွန်းမိသားစုက အများပြည်သူ ရှင်လူရဟန်း ဖြတ်သန်းသွားလာနိုင်ရန် ရည်သန်လှူဒါန်းထားခြင်းဖြစ်ကြောင်း၊ ဆွေမျိုးအစဉ်အဆက်ကုသိုလ်ကောင်းမှုဖြစ်ကြောင်း သိရသည်။ ယင်းတံတားမှ ဖြတ်သန်း၍ ဝင်ခဲ့လျှင် ထုံးဘိုမြို့သို့ ရောက်ပေမည်။

ထုံးဘိုသည် မြို့ကွက်လှ၏။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းနံဘေးက မြို့ကလေးတစ်မြို့ဖြစ်ပြီး မြို့တွင်းမြို့ပြင် ရှုခင်းသာယာလှ၏။

ထုံးဘိုမြို့ ဧရာဝတီမြစ်ဆိပ်ကမ်းသို့ တစ်ခဏတွင်း ရောက်ရှိကြပြီး မော်တော်ဗုံး၍ မြစ်ကြောင်းမှ လှမ်း၍မြင်ရသော အကောက်တောင်ကြီးဆီ ထွက်ခွာခဲ့ကြသည်။

မိုးကရွာနေဆဲ၊ တစ်ခဏမျှ ရွာသွန်းပြီး မိုးတိတ်သွားသည်နှင့် နေရောင်ခြည်က လင်းလက်တောက်ပလာသည်။ အကောက်တောင်နံရံပေါ်ရှိ ဘုရားရုပ်ပွားတော်များကား ဖူးမြော်၍မဝ။ ဆန်းကြယ်စွာလှပနေသော မြင်ကွင်းကို မှတ်တမ်းတင်ရန် မြစ်လယ်မော်တော်ပေါ်မှပင် ဓာတ်ပုံတဖျပ်ဖျပ် ရိုက်ခဲ့ရ၏။ တောင်ပေါ်တွင် တည်ထားသော ရွှေမြင်တင် စေတီတော်မှာလည်း မြစ်လယ်မှ ဖူးရသည်ပင် ကြည်ညိုဖွယ်ရာ ဖြစ်နေသည်။

ပဲခူးတိုင်း၏အဆုံး ဧရာဝတီတိုင်း၏ အစတွင် အကောက်တောင်က တည်ရှိနေသည်။ အကောက်တောင်ပေါ်တွင် ဘုန်းတော်ကြီးကျောင်းနှင့် စေတီတော်တို့ရှိကြောင်း ဒေသခံများက ပြောပြသည်။

အကောက်တောင် နံရံပေါ်မှ ဗုဒ္ဓရုပ်ပွားတော်များနှင့် စပ်လျဉ်း၍ ဦးပဥ္စင်း ဦးရေဝတက ရှင်းပြမိန့်ကြားရာတွင် ယခင်က ဂူပြင်နံရံများတွင် ဘုရားမုဒြာ ပုံတော်အမျိုးမျိုး ပူဇော်ထားရှိခဲ့ကြောင်း၊ အပြင်ဘက်တွင် ထုလုပ်ရန် နေရာမရ၍ ဂူတွင်းသို့ဝင်၍ ပူဇော်ထုလုပ်ခဲ့ကြကြောင်း၊ အကောက်တောင် ကျောက်စွန်းအနီး ဧရာဝတီမြစ်ထဲတွင် လွန်စွာဆိုးသော ကျောင်းကြီးဝဲခေါ် ဝဲတစ်ခုရှိကြောင်း၊ ယင်းကျောင်းကြီးဝဲ၏ အန္တရာယ်ကြောင့် ရေလမ်းခရီးသွားသော လှေသူကြီး၊ လှေထိုးသားများသည် အကောက်တောင်တွင် ရေလှည့်စောင့်၍ နားခိုရလေ့ရှိကြောင်း။

အများအပြား

ယင်းသို့ နားခိုရာတွင် လှေဖြင့်ပါလာသော ပန်းပုပညာရှင်များက ကျောက်တောင်ကြီးကို ထွင်းထု၍ နှောင်းလူတို့ ပူဇော်နိုင်စေရန် မိမိတို့တတ်မြောက်ထားသော ပညာဖြင့် လုပ်အားဒါနပြုကာ ဗုဒ္ဓရုပ်ပွားတော်များကို ထုဆစ်ကြကြောင်း၊ ဂူတွင်း၊ ဂူပြင်မကျန် ထွင်းထုကြကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်များ များပြားလှသဖြင့် ဆန်တစ်တင်းချက်ဆွမ်းကို ကြေးဇွန်းတစ်ဇွန်းဖြင့် လပြည့်နေ့တိုင်း ဆွမ်းကပ်လှူရာ ဆွမ်းသာကုန်သွားပြီး ရုပ်ပွားတော်များစွာ ကျန်နေရကြောင်း။

မြစ်ရေကြီးမှုနှင့် မြေလျှောင်ဒဏ်များကြောင့် ပြင်ပဂူနံရံကြီး ပြိုကျသွားပြီး ဗုဒ္ဓရုပ်ပွားတော်အများအပြား ရေသို့ ခခဲ့ရကြောင်း ဦးပဥ္စင်း ဦးရေဝတက မိန့်ကြားရှင်းလင်းသည်။ မြစ်ရေထဲ ရောက်ရှိနေသည်ဆိုသည့် ရှေးလက်ရာများကို ဖူးမြင်ချင်စိတ်ပင် ပေါ်လာမိ၏။

ကြည့်ရှုလေ့လာ

မြစ်တွင်း ထိုးထွက်သော ကျောက်တန်းကြီးများရှိနေခြင်းသည် ကျောင်းကြီးဝဲ ဖြစ်ပေါ်လာရခြင်းကြောင်းပင် ဖြစ်သည်။ ယင်းဝဲကြီးကို ဖြတ်ကျော်နိုင်ရန် ရေသေရက်၊ ရေထရက်ကို စောင့်ရကြောင်း သိရသည်။ ဝါဆိုလပြည့်နှင့် သီတင်းကျွတ်လပြည့်တိုင်းဆီမီး၊ ဆွမ်းကပ်လှူပူဇော်ကြပြီး ဒေသခံရဟန်းရှင်လူများက ရွှေသင်္ကန်း၊ ထုံးသင်္ကန်း ကပ်လှူပူဇော်သူများ အမြဲမပြတ်ရှိကြောင်း၊ ပြည်ပကမ္ဘာလှည့်ခရီးသည်များ အမြဲမပြတ် လာ၍ကြည့်ရှုလေ့လာလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရှေးဟောင်းကျောက်ထွင်း လက်ရာများကို ပြည်မြို့အနီး ထုံးဘိုမြို့ရှိ အကောက်တောင်ရွှေမြင်တင်ဘုရားနှင့် မုံရွာတစ်ဖက်ကမ်း ယင်းမာပင်မြို့နယ်ရှိ ဖိုလ်ဝင်တောင်၊ ရွှေဘတောင်တို့တွင် ဖူးမြော်နိုင်ကြပါကြောင်း မှတ်တမ်းတင် ရေးသားတင်ပြလိုက်ရပါသည်။

(ကြေးမုံ)

ဘုရားပုံတော် များပြားစွာ အကောက်တောင်တော် ကျောက်ထွင်း ဗုဒ္ဓရုပ်ပွားတော်များနှင့် တောင်တော်၏အလှ။

ဓာတ်ပုံ–
ကျော်မြင့်သန်း(လမ်းမတော်)

အထွေထွေရောဂါကုဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း) ကလေးကုသဆောင် လေးထပ်ဆောင်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၅

ကျန်းမာရေးဝန်ကြီးဌာန အထွေထွေရောဂါကုဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း) ကလေးကုသဆောင် လေးထပ်ဆောင်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်ရှိ အဆိုပါဆေးရုံကြီး ကလေးကုသဆောင် လေးထပ်ဆောင်ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ အထွေထွေရောဂါကုဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း) ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စည်တော်အဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ဘင်ခရာအဖွဲ့၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိန်နှင့် အလှူရှင် ဦးဝေရား၊ ဒေါ်ကျင်အေး မိသားစုကိုယ်စား သား ဦးသိန်းလှိုင်တို့က ကလေးကုသဆောင် လေးထပ်ဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကလေးကုသဆောင်၊ လေးထပ်ဆောင် မျက်နှာစာရှိ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကလေးကုသဆောင် လေးထပ်ဆောင်အတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို လေးထပ်ဆောင်ခန်းမ၌ ကျင်းပရာ အလှူရှင် ဦးဝေရား၊ ဒေါ်ကျင်အေး မိသားစုကိုယ်စား သား ဦးသိန်းလှိုင်က ကလေးကုသဆောင် လေးထပ်ဆောင် ဆောက်လုပ် လှူဒါန်းရခြင်းအတွက် ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် အလှူရှင်များ ကိုယ်စား ဦးသိန်းလှိုင်က အဆိုပါအဆောင်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဝန်ကြီး ဒေါက်တာကျော်မြင့်အား လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အထွေထွေရောဂါကုဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း) ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် အထွေထွေရောဂါကုဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း)၊ အရိုးရောဂါကုဆေးရုံနှင့် ကလေးဆေးရုံကြီးများအတွက် သန့်ရှင်းရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့် ဆေးပဒေသာပင် အလှူငွေများ စိုက်ထူလှူဒါန်းပွဲကို အထွေထွေရောဂါကုဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း) ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိန်က ဆေးရုံကြီးများသို့ သန့်ရှင်းရေးသုံးပစ္စည်းများနှင့် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အထွေထွေရောဂါကုဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း)၊ အရိုးရောဂါအထူးကုဆေးရုံနှင့်ကလေးဆေးရုံကြီးတို့၏ ဆေးရုံအုပ်ကြီးများအား သန့်ရှင်းရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ထို့နောက် အထွေထွေ ရောဂါကုဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း)နှင့် အရိုးရောဂါ အထူးကုဆေးရုံတို့အတွက် ဆေးပဒေသာပင် အလှူငွေများအဖြစ် လူမှုထူးချွန်ပထမဆင့် သီဟသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်း၊ သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ ဒေါ်နီမိသားစု ရွှေသံလွင်ကုမ္ပဏီက ငွေကျပ်သိန်း ၃၀၊ Central Development Co., Ltd မှ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဒါရိုက်တာအဖွဲ့က ငွေကျပ် ၁၆သိန်း၊ ဦးကျော်နိုင်ဦး Naing Group ဆောက်လုပ်ရေးနှင့် ချယ်ရီဦးနာရီ ရောင်းဝယ်ရေးက ငွေကျပ် ၁၀သိန်း၊ Fresh Airconditioner Co., Ltd ကငွေကျပ် ၁၀သိန်း၊ ဒေါက်တာအေးကျော် – ဒေါက်တာခင်စန်းဝေ (ကျော်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) က ငွေကျပ်ငါးသိန်း၊ မန်နေဂျင်းဒါရိုက်တာ ဦးဇေယျာသူရမွန် Gunkul Engineering Co., Ltd က ငွေကျပ် ၃၇၄၀၀၀၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးသိုင်းဝင်း၊ ဒေါ်ဌေးဌေးညွန့် (ဘီတီဘီကုမ္ပဏီ)၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်–သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ သမ္မတသင်္ကန်းတိုက်နှင့် မန်နေဂျင်းဒါရိုက်တာ ဦးကိုကိုထူး (မြန်မာစက်မှုဆိပ်ကမ်း)တို့က ငွေကျပ်သုံးသိန်းစီ၊ သီရိမင်္ဂလာဈေး သာယာရေးကော်မတီက ငွေကျပ်နှစ်သိန်း အပါအဝင် အလှူရှင် ၂၅ဦးတို့က စုစုပေါင်း အလှူငွေကျပ် ၈၈သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လက်ခံကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ အလှူငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အထွေထွေ ရောဂါကုဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း) ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းက ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

အထွေထွေရောဂါကုဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း) ကလေးကုသဆောင် လေးထပ်ဆောင်ကို တာဝန်ရှိသူများနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)



❀ **မြန်မာ့ရိုးရာမှ**

မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမတွင် ဩဂုတ် ၉ရက်မှ စတင်ခင်းကျင်းပြသသွားမည်ဖြစ်ရာ တိမ်မြုပ်ပျောက်ကွယ်နေသော တူရိယာပစ္စည်းများကို ပြန်လည်ဖော်ထုတ်ပြသခြင်း၊ ပျောက်ကွယ်သွားသည့် တူရိယာများကို သရုပ်ပြ တီးမှုတ်ပြသခြင်း၊ ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးရာတူရိယာများ ခင်းကျင်းပြသခြင်းနှင့်အတူ သရုပ်ပြ တီးမှုတ်ပြသခြင်း စသည့် အစီအစဉ်များနှင့်အတူ စိတ်ဝင်စားဖွယ် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ကျော်ကျော်ဝင်း၊လွင်ဦး၊ဌေးအောင်တို့အား သင်ကြားပြသနေသောမြန်မာ့လက်ရွေးစင် နည်းပြချုပ် ဦးတင်ဟန်။ (ဓာတ်ပုံ၊စိုးညွန့်-ကြေးမုံ)

❍ အာရှဘောလုံးပြိုင်ပွဲမှ

ထို့ကြောင့် ယနေ့အချိန်အခါတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ယခင်ရွှေခေတ်ကကဲ့သို့ အောင်မြင်မှုများ ပြန်လည်ရရှိရေးအတွက် အထူးကြိုးစား ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာ့ဘောလုံးလောက အဆင့်အတန်းတိုးတက်မြင့်မားလာစေရေးနှင့် တစ်ချိန်က ရွှေခေတ်အချိန်အခါသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် အထူးအလေးထား ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် မြန်မာလူငယ်အသင်းများက ရွှေဆုများ ပြန်လည်ရယူနိုင်လာပြီဖြစ်ရာ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏ အောင်မြင်မှုသည်လည်း မဝေးတော့ဟု ဆိုနိုင်သည်။

ပြင်ဆင်လေ့ကျင့်

အာရှတိုက်ဒေသအတွင်းရှိ လက်ရွေးစင်အသင်းများ၏ လိုချင်တပ်မက်ဆုံး၊ အဆင့်မြင့်ဆုံး အာရှဖလားရွှေဆုကြီးကို အရယူနိုင်ရေး နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက်နိုင်ရေး ဒုတိယအဆင့်ခြေစစ်ပွဲကို အောက်တိုဘာလအတွင်း၌ ကျင်းပတော့မည်ဖြစ်ရာ ဒုတိယအဆင့် ခြေစစ်ပွဲဝင် ခွင့်ရထားသော အသင်းများအားလုံး အကောင်းဆုံး ယှဉ်ပြိုင်နိုင်ရေး ပြင်ဆင်လေ့ကျင့်လျက်ရှိသည်။

မလေးရှား၊ အီရတ်၊ ဘာရိန်းတို့နှင့်အတူ ဒုတိယအဆင့်ခြေစစ်ပွဲဝင်ရမည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည်လည်း ခြေစစ်ပွဲအောင်မြင်ရေး အစွမ်းကုန်ကြိုးစား လေ့ကျင့်လျက်ရှိရာ ယခုဆိုလျှင် ၁၀ရက်ပင် ကျော်နေခဲ့ပြီဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ပဏာမ ကစားသမားများရွေးချယ်ပြီး လေ့ကျင့်ပေးနေရာ ပထမဆင့် ခြေစမ်းပွဲအောင်မြင်ခဲ့သည့် အသင်းမှ ကစားသမား ၂၀ဦးစလုံး ပါဝင်လာပြီး လူသစ် ၁၀ဦး စုစုပေါင်း ၃၀ဦးဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။ နည်းပြ ဆရာလေးဦးစလုံးမှာလည်း အသစ်ရွေးချယ်ထားသော နည်းပြများဖြစ်သည်။

ပရိသတ်စိတ်ဝင်စား

နည်းပြဆရာအသစ်များဖြင့် အာရှဖလားခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အကြောင်းကိုပရိသတ်များအထူးစိတ်ဝင်စားလျက်ရှိရာ ကြေးမုံက မြန်မာ့လက်ရွေးစင်အသင်းများ၏ နည်းပြဆရာများဖြစ်သော နည်းပြချုပ် ဦးတင်ဟန်၊ လက်ထောက်နည်းပြ ဦးတင်မြင့်အောင်နှင့် ဦးစိုးနိုင်၊ ဂိုး-နည်းပြ ဦးစိုင်းမောင်မောင်ဦးတို့အား အသင်း လေ့ကျင့်ပြင်ဆင်နေပုံများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ နည်းပြချုပ် ဦးတင်ဟန်အား မေးမြန်းရာတွင် "ယခုလက်ရှိ မြန်မာ့လက်ရွေးစင်အသင်းကို လေ့ကျင့်ရာမှာ ဦးတင်မြင့်အောင်က ဘောလုံးကျွမ်းကျင်မှုအပိုင်း၊ ဦးစိုးနိုင်က ကြံ့ခိုင်မှုအပိုင်းနှင့် ဦးစိုင်းမောင်မောင်ဦးက ဂိုးသမားများကို တာဝန်ယူလေ့ကျင့်ပေးလျက်ရှိပါတယ်။ လေ့ကျင့်လျက်ရှိရာမှာ ယခင်လက်ရွေးစင်အသင်း၏ ပုံသဏ္ဌာန်ကို ချက်ချင်းမပြောင်းဘဲ တဖြည်းဖြည်းမှ ကိုယ်လိုချင်တဲ့ အပိုင်းကို လုပ်ဆောင်သွားမှာပါ။ မိမိတို့စတင်လေ့ကျင့်ချိန်မှ ငါးပတ်အတွင်း ကြံ့ခိုင်မှုကိုအဓိကထားလုပ်ဆောင် သွားမှာပါ။ ထိုအတွင်း လျင်မြန်မှုအပိုင်း၊ ဘောလုံးပညာအပိုင်းကို အလျဉ်းသင့်သလို ထည့်သွင်းလေ့ကျင့်ပေးပါတယ်။ ထို့နောက်ပိုင်းမှာ အုပ်စုလိုက်ကစားခြင်း၊ နည်းဗျူဟာအပိုင်းကစားကွက်တို့ကို လေ့ကျင့်ပေးသွားမှာပါ။ ယခုကစားသမားတွေကို စိတ်ဓာတ်ကောင်းအောင်၊ စည်းကမ်းကောင်းအောင် ပြုပြင်ပေးပါတယ်။ ထို့ပြင် ကစားချင်အောင်လည်း စည်းရုံးမှုတွေ ပြုလုပ်ပေးပါတယ်။

ဒဏ်ရာရသူများနေ

အသင်းကိုတစ်နေ့လျှင် နှစ်ကြိမ်လေ့ကျင့်ပေးပါတယ်။ နံနက်ပိုင်းကို ၇နာရီခွဲမှ အစောဆုံး ၁၀နာရီအထိ၊ ညနေပိုင်း၄နာရီမှ ၆နာရီအထိ လေ့ကျင့်ပေးပါတယ်။လက်ရှိအသင်းမှာ ဒဏ်ရာရတဲ့ ကစားသမားများနေပါတယ်။ စိုးမြတ်မင်း၊ ကျော်ခိုင်ဝင်း၊ ဇော်ထိုက်၊ အောင်ကျော်မိုး၊ ဝင်းထိုက်တို့ ဒဏ်ရာအသီးသီးရနေကြ၍ လေ့ကျင့်မှုတွေ မပြုလုပ်နိုင်သေးပါဘူး။ အချိန်မီပြန်ကောင်းလာမည်ဟု မျှော်လင့်ရပါတယ်။

ခြေစစ်ပွဲမှာယှဉ်ပြိုင်ရမည့် သုံးသင်းအနက် လောလောဆယ် မလေးရှားအသင်း၏ ကစားပုံကိုသာ သိရှိထားပါတယ်။ ပရီမီယာလိဂ်အာရှဖလားဝင်ခဲ့သည့် မလေးရှားအနေအထားကို ကြည့်ရလျှင် ကျွမ်းကျင်မှုတွေ၊ အသင်းလိုက်တွေကောင်းတာတွေ့ရပါတယ်။ သူတို့ရဲ့ကောင်းကွက်တွေကို ပိတ်ဆို့နိုင်အောင်၊ ဟာကွက်တွေကထိုးစစ်ဆင်နိုင်အောင် ကလေးတွေကို မလေးရှားရဲ့ ကစားပုံကိုကြည့်ခိုင်းပြီး သင်ကြားပြသထားပါတယ်။

အသင်းတစ်သင်းတည်ဆောက်ရာမှာ စိတ်ဓာတ်၊ စည်းကမ်းကောင်းမှသာ လေ့ကျင့်မှု၌ ကောင်းလာပြီး၊ အသင်းလိုက် နားလည်မှုရှိမှသာ အသင်းဟာ မြိုင်ဆိုင်လာမှာပါ။ ထို့အတွက် မိမိအသင်းကို ထိုကဲ့သို့ဖြစ်ရေး အစွမ်းကုန်ကြိုးစားသွားမှာပါ။ နိုင်ငံတော်ကလည်း ဘောလုံးအားကစားနည်းကို အံ့မခမ်းအားပေးလျက်ရှိရာ မိမိတို့အသင်းကလည်း အကောင်းဆုံးအနေအထားသို့ ရောက်ရှိပြီး အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင်ကြိုးစားဆောင်ရွက်သွားပါ မည်"ဟုပြောကြားသွားသည်။

ထိုးထွင်းသိမှုအားနည်း

ထို့နောက်အသင်း၏ ဘောလုံးနည်းစနစ် ကျွမ်းကျင်မှုအပိုင်းကို တာဝန်ယူသင်ကြားပေးလျက်ရှိသော ဦးတင်မြင့်အောင်အား မေးမြန်းခဲ့သည်။ ဦးတင်မြင့်အောင်က ပြောကြားရာတွင် "လက်ရှိ ကစားသမားလေးတွေထဲမှာ ဘောလုံး ကျွမ်းကျင်မှုတွေရှိသင့်သလောက်ရှိကြပါတယ်။ သို့သော် အချို့ကျွမ်းကျင်မှု အပိုင်းတွေရယ်၊ ထိုးထွင်းသိမြင်နိုင်တဲ့ အပိုင်းတွေမှာ အားနည်းနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့က သူတို့အားနည်းတဲ့အပိုင်းကို အဓိကထား လေ့ကျင့်ပေးတယ်။ လိုအပ်နေသော စိတ်ဓာတ်အပိုင်းကိုလည်း အဓိကထား၍ မြှင့်တင်ပေးပါတယ်။ ကျွန်တော်တို့ လိုချင်တာကတော့ ပင်ကိုစွမ်းရည်၊ ကျွမ်းကျင်မှု၊ ခွန်အားတို့ပေါင်းစပ်ပြီး Team Work ကောင်းအောင်လုပ်မယ်။ ထို့မှတစ်ဆင့်တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိအောင်၊ညီညွတ်မှုရှိအောင်၊ နေရာယူတတ်အောင်လုပ်မယ်။ အဓိကအနေနဲ့ကတော့ ဘောလုံးက လူကိုကြိုက်သလိုကစားခြင်း မဟုတ်ဘဲ လူက ဘောလုံးကို ကြိုက်သလိုကစားနိုင်အောင် လေ့ကျင့်ပေးရမှာပါ။

ဇယားဆွဲလေ့ကျင့်

လေ့ကျင့်ပေးရာမှာလည်း လေ့ကျင့်ချိန်ဇယားဆွဲပြီး လေ့ကျင့်ပေးပါတယ်။ စက်တင်ဘာလလယ် လောက်ကျရင် ခြေစမ်းပွဲတွေကစားဖို့ စီစဉ်ထားပါတယ်။အဲဒီခြေစမ်းပွဲတွေကမှ လိုအပ်တာတွေကို ထပ်မံပြင်ဆင်ဦးမှာပါ။ ခြေစစ်ပွဲမှာ တွေ့ရမယ့် မလေးရှားအသင်းကို လေ့လာထားရသလောက် ကျွမ်းကျင်မှုအပိုင်းကို ဦးစားပေးကစားတယ်။ ပါဝါရှိတဲ့လူ နည်းတယ်။ ထို့ကြောင့် မလေးရှားအသင်းကို ကြောက်စရာမလိုသလို အထင်သေးစရာလည်း မလိုပါဘူး။

နှစ်လကျော်သာလိုတော့တဲ့ အချိန်တိုတိုအတွင်းမှာ အသင်းကိုအကောင်းဆုံး ပုံစံဖြစ်ရေး မိမိတတ်စွမ်းထားသော အတတ်ပညာဖြင့် အစွမ်းကုန်ကြိုးစားသွားပါမယ်" ဟုပြောကြားသွားသည်။

ဦးတင်မြင့်အောင်သည် မြန်မာ့လက်ရွေးစင်အသင်း၌ ၁၉၈၉ခုနှစ်မှစ၍ ၂၀၀၀ပြည့်နှစ်အထိ ပါဝင်ကစားခဲ့သူဖြစ်သည်။ မိခင်ကလပ် ဘဏ္ဍာ/အခွန်အသင်းတွင် တစ်နှစ်ကျော် လက်ထောက် နည်းပြတာဝန် ထမ်းဆောင်လျက်ရှိပြီး မြန်မာ့လက်ရွေးစင်အသင်း နည်းပြအဖြစ် ယခုစတင် ကိုင်တွယ်ခြင်းဖြစ်သည်။

အတုယူသင်ပေး

ဆက်လက်၍ မြန်မာ့လက်ရွေးစင်အသင်း၏ ကြံ့ခိုင်မှုအပိုင်းကို တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသော ဦးစိုးနိုင်အား မေးမြန်းသည်။ ဦးစိုးနိုင်သည် မြန်မာ့လက်ရွေးစင်အသင်း နောက်တန်း၌ ၁၉၈၇ခုနှစ်မှ ၁၉၉၇ခုနှစ်အထိ ပါဝင်ကစားခဲ့သူဖြစ်သည်။ မိခင်ကလပ် ဘဏ္ဍာ/အခွန်အသင်း၌ ယခုတိုင် ဘောလုံးကစားနေရာမှ ယခုပထမဦးဆုံးသော နည်းပြတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သည်။ ဦးစိုးနိုင်က ကြေးမုံသို့ ပြောကြားရာတွင် "အသင်းကစားသမားများ၏ ကြံ့ခိုင်မှု၊ သက်လုံပိုင်းတို့ကို အဓိကထားလေ့ကျင့် ပေးပါတယ်။ လေ့ကျင့်ပေးရာတွင်လည်း မိမိလက်ရွေးစင်ဘက်မှ တွေ့ကြုံခဲ့ရသော နိုင်ငံခြားနည်းပြဆရာတွေရဲ့ လေ့ကျင့်မှုတွေ၊ နည်းပညာတွေကို အတုယူပြီး ပြန်လည်သင်ကြား ပေးပါတယ်။ ကစားသမားတွေ ကြံ့ခိုင်မှု၊ သက်လုံ၊ ခွန်အားကောင်းစေရေး အတွက် ဒိုက်ထိုးခိုင်းတယ်။ လိုအပ်သလိုလေ့ကျင့်ပေးတယ်။ ကစားသမားတစ်ဦးမှာ စိတ်ဓာတ်၊ စည်းကမ်းပိုင်းကောင်းဖို့ကလည်း အရေးကြီးပါတယ်။ ဒါကြောင့် အရင်ဆုံး စိတ်ဓာတ်ကောင်းအောင်လုပ်ပေးတယ်။

နောက် စည်းကမ်းပိုင်းကောင်းအောင် လုပ်ပေးရတယ် အကျိုဝတ်တာ၊ ခြေအိတ်ဝတ်တာကအစ ကွင်းထဲမှာရော၊ ကွင်းပြင်မှာပါ စည်းကမ်းကောင်းအောင် ကြပ်ကြပ်မတ်မတ်ပြုလုပ်ပေးပါတယ်။ လေ့ကျင့်မှုပြုလုပ်ရာမှာလည်း မခိုမကတ်နှင့် နည်းပြဆရာခိုင်းတဲ့အတိုင်း လုပ်နိုင်မှသာ ကစားသမားကောင်းတစ်ဦး ဖြစ်လာမှာပါ။ မိမိကိုင်တွယ်လေ့ကျင့်ပေးတဲ့ အသင်းအောင်မြင်မှုရအောင် အစွမ်းကုန်ကြိုးစားသွားပါမယ်" စသည်ဖြင့် ကြေးမုံသို့ ပြောကြားသွားသည်။

ဖြည့်ဆည်းလေ့ကျင့်

ယင်းနောက် ဂိုးနည်းပြ ဦးစိုင်းမောင်မောင်ဦးအား မေးမြန်းခဲ့သည်။ "ယခု ပဏာမ ရွေးချယ်ထားသော အောင်အောင်ဦး၊ ဟိန်းဇေယျာကျော်၊ ယဉ်မင်းအောင်တို့ သုံးဦးစလုံး အခြေခံရှိပြီးထားသူများဖြစ်၍ လိုအပ်တာတွေကိုသာ ဖြည့်ဆည်းလေ့ကျင့်ပေးရပါတယ်။ ဂိုးသမားလေးတွေအနေနဲ့ လျင်မြန်ဖျတ်လတ်လာအောင်၊ အမှားနည်းလာအောင်၊ ဂိုးဖမ်းတိကျအောင်၊ အဝင်အထွက် မှန်ကန်အောင်လည်း လေ့ကျင့်ပေးပါတယ်။ ၎ လေ့ကျင့်မှုအပိုင်းမှာလည်း အင်္ဂါနေ့တွင် အမြင့်ဘော၊ ကြာသပတေးနေ့တွင် အနိမ့်ဘောတွေကို အဓိကထားလေ့ကျင့်ပြီး ကျန်နေ့များတွင် လိုအပ်တာများကို လေ့ကျင့်ပေးပါတယ်။ ခြေစစ်ပွဲ၌ တွေ့ရမည့် သုံးသင်းစလုံးမှာ အသင်းကောင်းများဖြစ်၍ ပေါ့ဆ၍မရဘဲ သတိဝီရိယကြီးစွာဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပါတယ်။ ဂိုးသမားလေးတွေကို အကောင်းဆုံး အနေအထားသို့ ရောက်အောင် လေ့ကျင့်ပေးသွားမှာပါ" ဟူ၍ ကြေးမုံသို့ပြောကြားသွားသည်။ ဦးစိုင်းမောင်မောင်ဦးသည် ၁၉၉၁ခုနှစ်မှ ၁၉၉၇ခုနှစ်အထိ မြန်မာ့လက်ရွေးစင်အသင်း၌ ပါဝင်ကစားခဲ့သူဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ယခုမှ စတင်ကိုင်တွယ်ခြင်းဖြစ်သည်။

မလေးရှား၌ကျင်းပ

မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်ရမည့် ဒုတိယအဆင့် ခြေစစ်ပွဲ၏ ပထမအကျော့ပွဲစဉ်များကို မလေးရှားနိုင်ငံတွင်ကျင်းပမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို ဘာရိန်းနိုင်ငံ၌ ကျင်းပမည်ဟုသိရသည်။

မြန်မာ့လက်ရွေးစင် အသင်း၌ ပဏာမ ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော အားကစားသမား ၃၀ဦးမှာ အောင်အောင်ဦး၊ ဟိန်းဇေယျာကျော်၊ ယဉ်မင်းအောင်၊ စိုးမြတ်မင်း၊ မင်းသူ၊ ခင်မောင်ထွန်း၊ ကျော်ဒွန်း၊ ဇော်လင်းထွန်း၊ ဌေးအောင်၊ ကျော်ခိုင်ဝင်း၊ အေးမင်းထွန်း၊ ကျော်ကျော်ဝင်း၊ အောင်စိုးမိုး၊ သက်နိုင်စိုး၊ စိုးလင်းထွန်း၊ အောင်ကျော်မြင့်၊ တင့်နိုင်ထွန်းသိန်း၊ လွင်ဦး၊အောင်ကျော်ထွန်း၊ အောင်ကျော်မိုး၊ ကျော်မင်းသက်၊ တင်မင်းထွန်း၊ ဇော်ထိုက်၊ ရန်ပိုင်၊ ဇော်ဇော်၊ ဝင်းထိုက်၊ အောင်မိုးဦး၊ ကျော်သူရ၊ စန်းမောင်နှင့် မင်းမင်းထက်တို့ဖြစ်ကြသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှ ကစားသမားများအနေဖြင့် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အပတ်တကုတ် ကြိုးစားကာ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရယူပြီး တစ်ချိန်က ဟိုးဟိုးကျော်ခဲ့သော မြန်မာ့ဘောလုံး ရွှေခေတ် အခြေအနေသို့ အရောက်လှမ်းနိုင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။ ။ **(ကြေးမုံ)**

မိမိလက်ရွေးစင်ဘဝ၌ တွေ့ကြုံခဲ့ရသော လေ့ကျင့်မှုနည်းပညာများနှင့် ပြန်လည် သင်ကြားပေးလျက်ရှိသူ ဟုဆိုသူ လက်ထောက်နည်းပြ ဦးစိုးနိုင်။ (ဓာတ်ပုံ၊စိုးညွန့်-ကြေးမုံ)

ခြေစစ်ပွဲတွင်သုံးသင်းစလုံး ပေါ့ဆ၍ မရဘဲသတိကြီးစွာယှဉ်ပြိုင် ရမည် ဟုဆိုသည့် ဂိုး-နည်းပြ ဦးစိုင်းမောင်မောင်ဦး။ (ဓာတ်ပုံ၊စိုးညွန့်-ကြေးမုံ)

အကောင်းဆုံး အနေအထားသို့ ရောက်ရှိရေး မိမိတတ်စွမ်းထားသော ပညာများဖြင့် ကစားသမားများအား အစွမ်းကုန်သင်ကြားပေးမည်ဟု ဆိုသည့် လက်ထောက်နည်းပြ ဦးတင်မြင့်အောင်။ (ဓာတ်ပုံ၊စိုးညွန့်-ကြေးမုံ)

ခြောက်တိုင်းလည်း မကြောက်နဲ့

Myanmar Laws (1993-1994) စာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၅

ရှေ့နေချုပ်ရုံးက အင်္ဂလိပ်ဘာသာပြန်ဆို၍ ပုံနှိပ်ထုတ်ဝေသော Myanmar Laws (1993-1994) စာအုပ်ကို ရှေ့နေချုပ်ရုံးက ၂၀၀၃ ခုနှစ် ဇူလိုင်လမှစ၍ ထုတ်ဝေလျက်ရှိသည်။

ယင်းစာအုပ်များကို ရှေ့နေချုပ်ရုံး ဥပဒေစာအုပ်အရောင်းဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အင်းဝစာအုပ်ဆိုင်များတွင် တစ်အုပ်ကျပ်၉၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ **(အောက်ပုံ)** (က-ပ)



တိုင်းဥပဒေအရာရှိ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဩဂုတ် ၅

ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများ၏ (၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံများ ရှင်းလင်းပွဲကို ယနေ့ နံနက်၁၀နာရီက ရန်ကုန်တိုင်း ဥပဒေရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဥပဒေအရာရှိ ဦးဟန်ညွန့်က ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် ခရိုင်ဥပဒေအရာရှိများက ဆက်လက်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများကပြန်လည် တင်ပြကြ ရှေ့လုပ်ငန်းစဉ်များကို ချမှတ် ဆုံးဖြတ်ကြသည်။ (ကြေးမုံ)



နမ့်စန်–ပွန်ချောင်း ရထားလမ်းဖောက်လုပ်

နမ့်စန်–ပွန်ချောင်း ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်း ခွင် တောင်ပိုင်းဒေသ၌ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် မြေဖို့လုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြစဉ်။ (ဝဲပုံ)

(ဓာတ်ပုံမှတ်တမ်း– ရေချမ်းမြင့်)

ပြည်ထောင်စုတစ်ခွင်

နယ်စပ်ဒေသမကျန်

တည်ဆောက်မြှင့်တင်

ဂုတ်တွင်းကားလမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးအတွက် လမ်းဟောင်းများပြုပြင်ခြင်း၊ လမ်းသစ်များဖောက်လုပ်ခြင်း စသောလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (အပေါ်ပုံ)တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တောင်ပေါ်လမ်းဖြစ်သည့် နာမည်ကျော် ဂုတ်တွင်းကားလမ်းကြီးကို ဤသို့ချောမွေ့စွာ တွေ့ခဲ့ရသည်။ (ယင်းလမ်းကို တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်ဖြစ်သည့် အေးရှားဝေါလ် ကုမ္ပဏီက တာဝန်ယူပြုပြင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။)

(ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)

ဓာတ်ပုံမှတ်တမ်း

ခရမ်းစိုးမြင့်
ရေချမ်းမြင့်
စက်မှု(၂)

ကားဘီးခွေအလုပ်ရုံ

ပဲခူးတိုင်း အင်းတကော်စက်မှုဒေသ၌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ကားဘီးခွေအလုပ်ရုံမှ ထရပ်ကားဘီးခွေ၊ ဂျစ်ကားဘီးခွေ၊ ထွန်စက်ဘီးခွေနှင့် နောက်တွဲယာဉ်ဘီးခွေများကို တစ်နှစ်လျှင် ၃၄၅၀၀ ထုတ်လုပ်ပြီး ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သိရသည်။ (အပေါ်နှင့်ယာပုံ)(ဓာတ်ပုံမှတ်တမ်း–စက်မှု–၂)

❐ **ဒီဇယ်စက်ခေါင်းများမှ**

သို့သော် ထိုအချိန်က ဖြစ်ပွားနေသော ဒုတိယကမ္ဘာစစ်၏ ဗုံးဒဏ်ကြောင့် စက်ရုံအဆောက်အအုံနှင့် စက်ကိရိယာများ ချို့ယွင်းပျက်စီးသွားခဲ့ရသည်။

ပြန်လည်တည်ထောင်

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက် ပြန်လည်ထူထောင်ရန်အတွက် "ဆင်းမလား" စီမံကိန်းကို အိန္ဒိယပြည်၌ ရေးဆွဲခဲ့ပြီး စက်ရုံခွဲပေါင်း ၁၀ရုံ၊ အလုပ်သမားပေါင်း ၁၆၀၀ ခန့်ဖြင့် ၁၉၄၅ခုနှစ်တွင် ပြန်လည်တည်ထောင်ခဲ့သည်။ ယခု အင်းစိန်စက်ခေါင်းစက်ရုံတွင် အလုပ်ရုံခွဲ ၁၆ရုံ၊ ကာယဉာဏလုပ်သားပေါင်း၁၀၉၈ဦးတို့ရှိပြီး ရေနွေးငွေ့စက်ခေါင်းများနှင့် ဒီဇယ်ရထားစက်ခေါင်းများအကြီးစားနှင့် အလတ်စား ပြင်ဆင်ခြင်း၊ ပြန်လည် တည်ဆောက်ခြင်း၊ ဒီဇယ်ရထား စက်ခေါင်းများအတွက် အရန်ပစ္စည်းများထုတ်လုပ်ခြင်း၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းဘိုဂီနှင့် ထရပ်ရှာမော်တာများ ပြုပြင်ခြင်းနှင့် ခရီးတိုနှင့် တာလတ်သုံး အလတ်တန်းစား စက်ခေါင်းများနှင့် တွဲဆိုင်းများ တီထွင်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုနေ့က အင်းစိန်မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ၏ ရှင်းလင်းဆောင်၌ ကြေးမုံသတင်းအဖွဲ့ကို ကြိုနေကြသော စက်ရုံကြီး၏ ဒုတိယအထွေထွေမန်နေဂျာ ဦးစောဗယ်လင်တိုင်း၊ လက်ထောက် အထွေထွေမန်နေဂျာ ဦးခင်ဇော်၊ လက်ထောက်မန်နေဂျာ (ဆက်ဆံ/သက်သာ) ဦးသောင်းချစ်တို့နှင့် တွေ့ဆုံခဲ့ရသည်။

တီထွင်ထုတ်လုပ်မှု

စက်ရုံကြီး၏ ဒုတိယအထွေထွေမန်နေဂျာ ဦးစောဗယ်လင်တိုင်းက အင်းစိန် စက်ခေါင်းစက်ရုံကြီးကို အထွေထွေမန်နေဂျာတစ်ဦးက အုပ်ချုပ်သော်လည်း ယခုအခါ အထွေထွေမန်နေဂျာမှာ မြန်မာ့မီးရထားရုံးချုပ်တွင် တွဲဖက်တာဝန် ထမ်းဆောင်နေ၍ မလာရောက်နိုင်သဖြင့် မိမိအားတာဝန်ယူ ရှင်းပြသွားရန် တာဝန်ပေးထားသဖြင့် ရှင်းပြရကြောင်းတို့ကို ပဏာမအစပျိုး၍ စက်ရုံကြီး၏ တီထွင်ထုတ်လုပ်မှုများနှင့် နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိ စက်ရုံ၏နောက်ခံသမိုင်းများကို ရှင်းပြ၍ အထက်တွင် ရေးသား ဖော်ပြခဲ့သည့်အတိုင်း သိရှိခဲ့ရပါသည်။

၎င်းနောက် စက်ရုံကြီး၏ အလုပ်ရုံခွဲများ တည်ရှိရာသို့ ဒုတိယအထွေထွေမန်နေဂျာ ဦးစောဗယ်လင်တိုင်းက ဦးဆောင်၍ ကြေးမုံသတင်းအဖွဲ့နှင့် ဓာတ်ပုံအဖွဲ့ကိုခေါ်ဆောင်ပြသခဲ့သည်။ ပထမဆုံးတွေ့ရသည်က စက်ရုံဝင်းအတွင်းရှိ သံလမ်းပေါ်တွင် အင်းစိန်စက်ခေါင်းရုံက တည်ဆောက်ထုတ်လုပ်ထားသော ခရီးတိုသွား DMU-303 တွဲဆိုင်းနှင့် LRBEစက်ခေါင်းတို့ဖြစ်သည်။

စက်ခေါင်းစက်ရုံ အင်းစိန်တွင် စက်ခေါင်းများ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းအပြင် ထပ်တိုးရည်မှန်းချက်အား အကောင်အထည်ဖော်သည့် အနေဖြင့် ခရီးတိုသွား DMU တွဲဆိုင်းနှင့် ခရီးတာလတ်သုံး အလတ်တန်းစား စက်ခေါင်းများကိုလည်း တည်ဆောက်ပေးခဲ့သည်။ ၁၉၉၂ခုနှစ်မှစ၍ ယနေ့အထိ ခရီးတာလတ်သုံး အလတ်တန်းစား LRBE ရထားစက်ခေါင်း၁၄လုံး ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ခရီးတိုသွား လူစီး DMU- 303 တွဲဆိုင်းတို့ကို တည်ဆောက် ပေးခဲ့သည်ဆို၏။

ယခုအခါ အဆိုပါ DMU-303 တွဲဆိုင်းမှာ တည်ဆောက်ပြီးစီးနေပြီး သင့်တော်သော လမ်းပိုင်းတွင် အသုံးပြုနိုင်ရန် စမ်းသပ်မောင်းနှင်လျက်ရှိသည်။ ခရီးတာလတ်သုံး LRBEစက်ခေါင်းများမှာလည်း လူစီးနှင့်ကုန်တွဲ ခရီးတိုသွား လော်ကယ်ရထား ဒီဇယ်စက်ခေါင်းများနေရာတွင် အစားထိုးပြေးဆွဲလျက်ရှိသည်။

ခရီးတိုသွား စက်ခေါင်းများကို လက်ရှိ MECHA - NICAR TRASMISSION မှ အရည်အသွေးပိုမို ကောင်းမွန်သော HYDRAULIC TRASMISSION ကို သုံးခြင်း နည်းပညာအသစ်များဖြင့် ပိုမိုထိရောက်အောင် ဆောင်ရွက်ပြီး ခရီးသည်များနှင့် ကုန်စည်များကို မြန်မြန်ပို့ဆောင်နိုင်ရေးအတွက် ဆက်လက် တီထွင်ဆောင်ရွက်သွားမည်ဟု သိရသည်။

ဒီဇယ်စက်ခေါင်း

မြန်မာ့မီးရထားသည် စစ်ကြိုခေတ်၌ ရေနွေးငွေ့ စက်ခေါင်း ၃၆၅ လုံးဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကို ဆောင်ရွက်ခဲ့ပြီး ရေနွေးငွေ့စက်ခေါင်းများတွင် အသုံးပြုရမည့် လောင်စာစရိတ်သည် တဖြည်းဖြည်း ကြီးမြင့်လာသည်နှင့်အမျှ လောင်စာစရိတ်သက်သာစေရန်အတွက် ရည်ရွယ်၍ အသုံးပြုသက်တမ်းကြီးရင့်ပြီး ဖျက်သိမ်းရမည့် ရေနွေးငွေ့ စက်ခေါင်း၏နေရာတွင် အစားထိုးအသုံးပြုရန် ၁၉၅၈ခုနှစ်တွင် ဒီဇယ်စက်ခေါင်းခြောက်လုံးကို ပြင်သစ်နိုင်ငံ အယ်စသွန်ကုမ္ပဏီမှ ဝယ်ယူခဲ့ပြီး ၎င်းစက်ခေါင်းများကို ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၄ရက်မှ စတင်ပြေးဆွဲစေခဲ့ပေသည်။

(ဆက်လက်ဖော်ပြပါမည်။)

ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပထမလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၃ခုနှစ် ပထမလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်၂ရက် နံနက်၈နာရီက ကျိုင်းတုံမြို့ စည်ပင်သာယာရေးဦးစီးဌာန စည်းဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တွဲဖက် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဖေသိန်းက ပထမလေးလပတ် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျိုင်းတုံခရိုင်၊ မိုင်းဆတ်ခရိုင်၊ မိုင်းဖြတ်ခရိုင်၊ တာချီလိတ်ခရိုင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက မိမိတို့ဆိုင်ရာ မြို့နယ်များအလိုက် ၂၀၀၃ခုနှစ် လေးလပတ်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ တင်ပြချက်များနှင့် ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးတင်မြင့်က ပြန်ကြားဆွေးနွေးသည်။ (က-ပ)



ထုတ်လုပ်စမ်းသပ်

မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ (အင်းစိန်)တွင် ဒီဇယ်စက်ခေါင်းကြီးများကို အကြီးစား၊ အလတ်စား ပြုပြင်တည်ဆောက်ပေးလျက်ရှိသလို ရထားစက်ခေါင်းသုံး အရန်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိသည်။ (အပေါ်ပုံတွင် ကွန်ပရက်ဆာနှင့် မော်တာများ ထုတ်လုပ်စမ်းသပ်နေသည်ကို စက်ရုံတွင်း၌ ဤသို့ တွေ့ခဲ့ရသည်။) (ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်)

စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၅

United Engineering Co.,Ltd (Myanmar)၊ Informatics Holding Co., Ltd (Singapore)၊ Sumitomo Corporation (Singapore) တို့ ပူးပေါင်း ဖွင့်လှစ်သည့် မြန်မာနိုင်ငံ၌ ၁၉၉၆ခုနှစ်မှစ၍ ပထမဦးဆုံး ဖွင့်လှစ်ခဲ့သော ပုဂ္ဂလိက စီမံခန့်ခွဲမှုပညာ သင်တန်းကျောင်းဖြစ်သည့် Thames Management Centre ၌ ယခုအခါ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်မှုကို အထောက်အကူပြုစေရန်နှင့် နိုင်ငံသားတိုင်း အဆင့်မြင့်စီမံခန့်ခွဲမှုပညာရပ်များကို လွယ်လင့်တကူ တက်ရောက်သင်ကြားနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

DCS, IDCS, ADCS, IADCS, ABE, CIM, LCCI III အောင်မြင်ပြီးသူများနှင့် လုပ်ငန်းအတွေ့အကြုံရှိသူများအတွက် ကင်းလွတ်ခွင့် Exemption များတောင်းခံနိုင်ကြောင်း သိရသည်။ Diploma in Business Administration Diploma in Marketing and Public Relation, Higher Diploma in Business Administration, Advanced Diploma in Business Administrationသင်တန်းများကို ဩဂုတ် ၂၂၊ ၂၃ နှင့် ၂၄ ရက်များတွင် ဖွင့်လှစ်မည်ဖြစ်သည်။ ကြိုတင်စာရင်း ပေးသွင်းသူများအတွက် Discount အစီအစဉ်များရှိပြီး စိတ်ပါဝင်စားသူများ ကြိုတင်စာရင်းပေးသွင်းလိုသူများသည် အမှတ် ၂၂၀-၂၂၂ ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ်၊ ဖုန်း- ၂၀၀၃၄၃၊ ၂၀၃၁၈၈နှင့်၂၉၆၈၂၉တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အင်္ဂလိပ်စာ ရေးဖတ်ပြော သင်တန်းများ ဖွင့်မည်

ရန်ကုန် ဩဂုတ် ၅

MAY Int'l Education & Training Center မှ နိုင်ငံတာကျောင်းဝင်ခွင့် လျှောက်ထားရာတွင် မရှိမဖြစ်လိုအပ်သည့် TOEFL နှင့် LELTSစာမေးပွဲပြင်ဆင်မှု သင်တန်းများနှင့် အခြေခံ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြောသင်တန်းများကို စနေ၊ တနင်္ဂနွေ တန်းခွဲသစ်များနှင့် တနင်္လာမှ သောကြာတန်းခွဲသစ်များကို ဩဂုတ်လ ပထမပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ အသေးစိတ်သိလိုပါက အမှတ်(၉၁/က) ဗညားဒလလမ်း (တာမွေလမ်း) ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၄၂၂၄ နှင့် ၅၄၅၃၇၅ တို့သို့ နံနက် ၇နာရီမှ ည၇နာရီအတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကွန်ပျူတာကွန်ရက် သင်တန်းများတက်ရောက်နိုင်

ရန်ကုန် ဩဂုတ် ၅

Microsoft Certified Professional (MCP) များ ကိုယ်တိုင် ကွန်ရက်ဆိုင်ရာ အထောက်အကူပြုပစ္စည်း၊ စာအုပ်စာတမ်း စုံလင်စွာဖြင့် သင်ကြားပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းမှ ကြီးမှူးကျင်းပသော MCSA Networkစာမေးပွဲကိုလည်း ဝင်ရောက်ဖြေဆိုနိုင်မည် ဖြစ်သည်။ အခြား နိုင်ငံတကာအသိအမှတ်ပြု စာမေးပွဲများဖြစ်သော MCP, MCSE, MCSA,4+, Network+ Certification courses များနှင့် အခြေခံသင်တန်းများဖြစ်သော Office 2002, D.T.P, ACCPAC Plus, C&C++များကိုလည်း လစဉ်တန်းခွဲ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက် ရှိသည်။ သင်တန်းတက်ရောက်လိုသူများ ProNetComputerCentre အမှတ်-၄၀ အခန်း ၂၀၁ အောင်သပြေလမ်း ယုဇနပလာဇာ အနောက်ဘက် မင်္ဂလာတောင်ညွန့် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၀၇၄၇၊ လိုင်းခွဲ ၇၃၁၆ သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၈-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၂၅	၅။	မျိုးချစ်တပ်မတော်
၄:၃၅	၆။	ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
၄:၄၅	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၈။	အခြေခံပညာရေးပို့ချမှု အစီအစဉ် (က) တတိယနှစ်(ဘောဂဗေဒ) (ခ) တတိယနှစ် (အင်္ဂလိပ်စာ)
၅:၃၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	မြန်မာ့ရှုခင်း
၆:၄၀	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အဏ္ဍဝါချစ်သူ (အပိုင်း-၁၄)**
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၉။	လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။	**အရှင်ဇနကာဘိဝံသ-ထေရုပ္ပတ္တိမှတ်တမ်း (အပိုင်း-၁) တောင်သမန်အင်းစောင်းမှ အုန်းမောင်းသံ**
	၂၁။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား (အပိုင်း-၄၀)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

ဩဂုတ် ၁ရက်က လူမှုဝန်ထမ်းဦးစီးဌာန မြောက်ဥက္ကလာပမြို့နယ် မူလတန်းကြိုကျောင်း ဆိုင်းဘုတ်တင်ပွဲ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းနှင့် မူလတန်းကြိုကျောင်း တာဝန်ခံဆရာမ ဒေါ်လှလှဝင်းတို့က ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အလက(၄)တွင် ကျောင်းကျန်းမာရေးနေ့အဖြစ် ဆေးလိပ်ကင်းဝေးရေး ကျောင်းဆိုင်းဘုတ်တင် ဖဲကြိုးဖြတ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ရက် နံနက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့် ဦးစီး၍ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်ပေးကြစဉ်။ (က-ပ)

ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်း အမှတ်(၁၃)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၅

မှုခင်းတပ်ဖွဲ့ (စီအိုင်ဒီ)မှ ထုတ်ဝေသော ဖြစ်ရပ်မှန် စုံထောက်မဂ္ဂဇင်း အမှတ်(၁၃) စက်တင်ဘာလထုတ်တွင် လူသတ်ပြီးအလောင်းကို မီးရှို့ဖျောက်ဖျက်၍ ဒေါ်လာနှင့် ရွှေချောင်းများကို ယူဆောင် တိမ်းရှောင်သွားသော လူသတ်သမားနှင့် တရုတ်နိုင်ငံမှာ ငါးမိနစ်ကြာ ဖြစ်ရပ်မှန် သတင်းဝတ္ထု၊ ဓာတ်သိမ်းပိုင်း၌ တရုတ်နိုင်ငံ ရဲတပ်ဖွဲ့ထံမှ တရားခံလွှဲပြောင်းရယူပုံနှင့် တရားခံထံမှ ဒေါ်လာနှင့် ရွှေချောင်းများ ပြန်လည်ရရှိစေရန် အကွက်ဆင်ဖန်တီးခဲ့ရသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ချက်များ၊ အနိုမ်ခံဘဝမို့ မခံနိုင်လို့ ဓားစွမ်းပြလိုက်တဲ့ နှစ်လောင်းပြိုင် လူသတ်မှု၊ ရန်ကုန်မြို့လယ်မှာ ရာဇဝင်ကြွေးကို ဓားနှင့်ဆပ်သည့် လူသတ်သမားစသည့် ဖြစ်ရပ်မှန်များ အပါအဝင် ဆရာကြီး မင်းသိင်္ခ၏ ဆားပုလင်းနှင်းမောင်နှင့် မင်းဂွတ်သီး သုံးလုံး ဝတ္ထုရှည်စဆုံးနှင့်အတူ အခြားစိတ်ဝင်စားဖွယ် ဥပဒေစကားဝိုင်းကဏ္ဍ၊ စုံထောက်ဒိုင်ယာရီ စသည့် သုတ၊ ရသဝတ္ထု၊ ဆောင်းပါးကဗျာ၊ ကာတွန်းများ ဝေဝေဆာဆာဖြင့် ပြုံးပန်းတစ်ရာစာပေ ဖုန်း–၂၄၅၃၆၀ နှင့် ၂၅၂၅၃၈ တို့က ဖြန့်ချိထားသည်။ **(အပေါ်ပုံ)** (က–ပ)

အောင်မြင်စာပေ အမှတ် ၁၊ အောင်ဘာလေလမ်း၊ တာမွေ၊ ရန်ကုန်မြို့၊ ဖုန်း–၅၄၁၇၄၅ မှ ထုတ်ဝေသော Aung Myint (M.E, Australia) ၏ Windows XPစာအုပ်မျက်နှာဖုံး။

(က–ပ)

ကွန်ပျူတာသင်တန်းများတိုးချဲ့ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၅

ကွန်ပျူတာနှင့်ပတ်သက်ပြီး အခြေခံမှစ၍ စနစ်တကျ တတ်မြောက်လိုသူများအတွက် Level အဆင့်ဆင့် သင်တန်းများ၊ လက်တွေ့လုပ်ငန်းခွင်တွင် အသုံးပြုလိုသူများအတွက် Computer Basic Course သင်တန်းများ၊ စာစီစာရိုက်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် DTP Course သင်တန်းများ၊ Programming Course များဖြစ်သော C/C++, Java, Microsoft Access, VB စသော သင်တန်းများကို လစဉ် တန်းခွဲများအနေနှင့်သော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း၊ အတွေ့အကြုံရှိသော ဆရာဆရာမများက မင်္ဂလာတောင်ညွန့်မြို့နယ် တိုက်(၇) အခန်း(၂၁) စံပြဖဆပလအိမ်ရာဝင်း ဖုန်း–၂၅၀၃၅၂ရှိ ပင်မ Centre အပြင် စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၁၃၀) ဖုန်း–၅၀၀၈၆၁ရှိ Miracle၊ ဗိုလ်တထောင်မြို့နယ် အမှတ် ၁၄၉ ဗိုလ်ချုပ်လမ်းမ ၄၆လမ်းနှင့် ၄၇လမ်းကြားရှိ Matrix နှင့် ကျောက်တံတားမြို့နယ် အမှတ်(၁၅၁) ပထပ် ၃၄လမ်း၊ ဖုန်း–၂၄၁၀၉၄ရှိ Master တို့နှင့်ပူးပေါင်း၍ ကွန်ပျူတာသင်တန်းများ တိုးချဲ့ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ တန်းခွဲသစ်များကို ဩဂုတ်လတွင်ဖွင့်လှစ်ရန်စီစဉ်ထားသည်။ အသေးစိတ် စုံစမ်းသိရှိလိုပါက အထက်ပါလိပ်စာများအတိုင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

စီးပွားရေးလောက ရယ်စရာဟာသစာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၅

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ စီးပွားရေးလောက ရယ်စရာဟာသ (နိုင်ငံတကာဟာသများ) စာအုပ်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၄လမ်း၊ အမှတ် ၁၄၂၊ ဖုန်း–၂၄၂၃၀၄ နှင့် ၂၉၉၀၇၆၊ Friendship စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(ယာပုံ)** (က–ပ)

နှလိုင် ၅ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသည့် ရက်သတ္တပတ် အထူးအရောင်းပွဲကို ဒဂုံမြို့သစ်မြောက်ပိုင်း (၄၀)ရပ်ကွက် စနစ်သစ်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်တွင်ကျင်းပရာ အစုပေါ်အမြတ်နှင့် ဟင်းရွက်ဆီအမြတ် ၅၀ ရာခိုင်နှုန်းကို အသင်းဥက္ကဋ္ဌ ဦးစိုးမြင့်က အသင်းသားများအား ထုတ်ပေးစဉ်။

(က–ပ)

ဝယ်သူ့စိတ်ကြိုက်ဂျာနယ် အတွဲ(၄) အမှတ်(၇)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၅

မြန်မာနေရောင်ခြည် ဝန်ဆောင်မှုကုမ္ပဏီ လီမိတက်က ထုတ်ဝေ၍ အယ်ဒီတာချုပ် နွယ်ဦးလှိုင် စီစဉ်တည်းဖြတ်သော ဝယ်သူ့စိတ်ကြိုက် ဂျာနယ် အတွဲ(၄) အမှတ်(၇)ကို ဖြန့်ချိထားသည်။

အဆိုပါဂျာနယ်၌ စာဖတ်သူများ ဗဟုသုတ ဖြစ်ဖွယ်ရာများနှင့်တကွ ယနေ့ ကားပေါက်ဈေး ကားအကြောင်း အပါအဝင် မြန်မာပြည်၏ ဆိုင်ကယ်မြို့တော်၊ အိမ်ခြံမြေဈေးကွက် အကြောင်း သိကောင်းစရာ၊ လုံခြုံမှုရှိသော ဘီအမ်ဒဗလျူ၊ မော်တော်ယာဉ်နှင့် ကျော်ကြားသူတို့၏ အဖြစ်ဆိုးများ၊ ယာဉ်မောင်းသူတို့အတွက် ယာဉ်စည်းကမ်းထိန်းသိမ်းမှု ကြီးကြပ်ရေးကော်မတီ၏ သတိပေးကြေညာချက်၊ လိပ်ခုံးကားများ၏ ခရီးဆုံး၊ ကားစီးရင်းညောင်းညာတတ်လျှင်၊ ကားဝယ်ရောင်းသမားများအတွက် အကောင်းဆုံးယတြာ၊ မြန်မာပြည်တွင်းဈေးကွက် စီးပွားရေးသတင်းများနှင့် ပြည်တွင်း/ပြည်ပမှ နောက်ဆုံးရရှိသော သတင်းများပါဝင်ပြီး အမှတ်(၂၇/၂၈)သီရိမွန်လမ်း သီရိမွန်ပလာဇာ မရမ်းကုန်းမြို့နယ် ရန်ကုန်က တစ်ပြည်လုံးသို့ ဖြန့်ချိကြောင်းသိရသည်။ (က–ပ)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၅

Aung Tharaphu GCE Training Center တွင် အင်္ဂလိပ်ဘာသာရပ်များဆိုင်ရာ GCE, TOEFL & IELTS စသည့် နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ရသင်တန်းများနှင့် English Language Speaking သင်တန်းများကို လစဉ်ပုံမှန် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် TOEFL စာမေးပွဲအတွက် Mock Tests များကိုလည်း ကျောင်းသားများအတွက် အပတ်စဉ် စီစဉ်ပေးလျက်ရှိသည့်အပြင် TOEFL စာမေးပွဲကိုလည်း လစဉ်ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အမှတ်(၁၀၅) လမ်းမတော်လမ်း သံဈေးရှေ့ ဖုန်း–၂၁၂၃၅၇ နှင့် ၂၅၂၈၂၁ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။

(က–ပ)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Myanmar Educare Co.,Ltd မှ Yangon International Educare Centre တွင်ခန့်ထားရန် အောက်ပါဝန်ထမ်းအလိုရှိပါသည်။

1. **Math Teacher** **1 Post**
   - M.Sc (Mathematics)
   - Experienced in International Curriculum in Mathematics.
   - Prefer University Lecturers who can teach in English
   - Part Time(or) Full Time

W-22၊ မြကန်သာလမ်းမကြီး၊ မြကန်သာအိမ်ရာ၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်သို့ တစ်ပတ်အတွင်း နံနက် ၈:၃၀ မှ ၁၅:၃၀နာရီကြား လူကိုယ်တိုင်လာရောက်လျှောက်ထားရန်ဖြစ်ပါသည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူ ပါရှိရမည်။

(လစာကို မြန်မာကျပ်ငွေဖြင့်ပေးမည်။)

ချော့တိုင်းလည်း မပျော့နဲ့

အရောင်းစာရေး(၂)ဦး အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(၁) ပညာအရည်အချင်းဘွဲ့ရ(သို့)အနည်းဆုံး(၁၀)တန်းအောင်ရမည်။
(၂) မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်နှင့် သန်းခေါင်စာရင်းမိတ္တူများ ပါရှိရမည်။
⇨ ကြော်ငြာသည့်နေ့မှစ၍ အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
* အမှတ်(၁၆၂/ဘီ)၊ ဓမ္မစေတီလမ်း၊ UP Auto Service၊ ဗဟန်းမြို့နယ်။

ဒေါက်တာ ခင်မောင်ဆွေ (မူးယစ်)
(မန္တလေး)
ပန်းကြည့်မှန်
[မူးယစ် HIV/AIDS ဆိုင်ရာ ပညာပေး ဝတ္ထုဆောင်းပါးများ]
ဖြန့်ချိရေး
ရန်ကုန်–စာပေလောက၊ မန္တလေး–ထွန်းဦးစာပေ။

GoodNews JOURNAL
ဂျာနယ်
အတွဲ(၁) အမှတ်(၂၅)
- CDMA ဖုန်း အသုံးပြုနည်းသစ်များ
- KMD ဈေးကွက်
MK MEDIA



ထွန်းရွှေဝါ –

စပါးအထွက် တိုးတက်စေမည့် ဇီဝမြေသြဇာနှင့် သဘာဝမြေသြဇာ

သတင်းဆောင်းပါး–ကျော်စိန်
ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)

ရန်ကုန် သြဂုတ် ၅

ကောက်ရိုးသဘာဝ မြေသြဇာကို စပါးစိုက်ပျိုးမြေ၌ ထည့်သွင်းအသုံးပြုခြင်းဖြင့် မြေဆီလွှာ တိုးတက်ကောင်းမွန်ရန် စပါးအထွက်တိုးစေမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ အလားတူပင် အေးမြသောရေကန်များ၊ ရေအိုင်များတွင် ပေါက်လေ့ရှိသော ရေကျောက်ခက်ဇီဝမြေသြဇာကို မွေးမြူအသုံးပြုခြင်းသည်လည်းစပါး အထွက်နှုန်း ပိုမိုထွက်သည်ကို ဂျပန်နိုင်ငံနှင့် ဂျာမနီနိုင်ငံမှ ပါရဂူဘွဲ့ယူလာကြသော ပညာရှင်များ တွေ့ရှိကြသည်။

(ယမန်နေ့မှအဆက်)

ကောက်ရိုးတွင် ပါဝင်ဖွဲ့စည်းထားသော သြဂဲနစ်ပစ္စည်းများကို လယ်ကွင်းထဲရှိ အဏုဇီဝသက်ရှိများက ကောင်းစွာချေဖျက်ပြီး စပါးပင်များအတွက် အာဟာရဓာတ်များ (N,P,K) ပိုမိုများပြားလာစေသည့်အပြင် အောက်ဖော်ပြပါ အကျိုးကျေးဇူးများရရှိနိုင်ကြောင်း။

တင်းတစ်ရာ

ကောက်ရိုးသဘာဝမြေသြဇာကို အသုံးပြုခြင်းဖြင့် မြေဆီလွှာ တိုးတက်ကောင်းမွန်ပြီး တစ်ဧက အထွက်နှုန်း တင်းတစ်ရာ ထွက်နိုင်ကြောင်း ဒေါက်တာချိုချိုထွန်းက ကြေးမုံကို ရှင်းပြသည်။ ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)

(က)မြေဆီလွှာ မြေသားတည်ဆောက်ပုံ ပိုမိုကောင်းမွန်လာစေခြင်း၊

(ခ)လေထုထဲရှိ နိုက်ထရိုဂျင်ဓာတ်ငွေ့ကို အပင်များ အာဟာရအဖြစ် သုံးနိုင်သော နိုက်ထရိုဂျင် ဓာတ်ပေါင်းများအသွင်သို့ ပြောင်းလဲဖြစ်စေမှုကို တိုးတက်လာစေခြင်း၊

(ဂ)အပင်အတွက် အဆိပ်သင့်စေနိုင်သည့် မီသိန်းဓာတ်ငွေ့များ ပြင်ပလေထုထဲသို့ ရောက်ရှိစေခြင်း၊

(ဃ)မြေဆီလွှာ ထက်သန်မှုကို ကာလရှည်ကြာစွာ ထိန်းသိမ်းစေနိုင်ပြီး လယ်ယာသီးနှံအမျိုးမျိုး ဆက်တိုက်စိုက်ပျိုးမှုကို အထောက်အကူဖြစ်စေခြင်း၊

(င)မြေဆီလွှာ အတွင်းရှိ အဏုဇီဝသက်ရှိများ(Micro-oranisms)များ၏ မျိုးပြား(Varieties) များလည်း တိုးပွားဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

ရရှိနိုင်မည့် အကျိုးကျေးဇူးများမှာ ကောက်ရိုးဆွေးများကြောင့် မြေဆီလွှာတွင် အပင်အတွက် လိုအပ်သော အာဟာရဓာတ်များသည် စပါးပင်က ပိုမိုစုပ်ယူရရှိနိုင်ပြီး သီးနှံအထွက်နှုန်း ပိုမိုကောင်းမွန်လာစေကြောင်း၊ လယ်ယာထွက်ကုန် စွန့်ပစ်ပစ္စည်းများကို ဤနည်းဖြင့် တောင်သူများပြန်လည်အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ စပါးစိုက်မြေတွင် ကောက်ရိုးအစရှိသော လယ်ယာထွက်ကုန် အကြွင်းအကျန်များကို အကျိုးရှိရှိ ပြန်လည်အသုံးချခြင်းသည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုစနစ်၌ ရေရှည်ကောင်းမွန်တည်တံ့နိုင်သော မြေဆီလွှာရှင်သန်မှု (Long term Soil fertility)ကို ဖြစ်ထွန်းစေပါသည်ဟု ရှင်းပြသည်။ မြန်မာတောင်သူ လယ်သမားကြီးများအနေဖြင့် မိမိ လက်တစ်ကမ်းမှ အလွယ်တကူရရှိနေသော ကောက်ရိုးများကို အကျိုးရှိရှိ အသုံးပြုသင့်သည်။ စာရေးသူ ယခုရက်ပိုင်းအတွင်း မန္တလေးသို့ သွားရောက်ခဲ့ရာ နွေစပါးရိတ်သိမ်းရာမှ ထွက်ရှိလာသော ကောက်ရိုးများသည် ထောင်ပုံ၊ ရာပုံရှိနေသည်ကို မြင်ခဲ့ရသည်။ တချို့မှာ ကောက်ရိုးများမီးရှို့၍ ဓာတ်မြေသြဇာရအောင် လုပ်နေကြသည်။

ရေကျောက်ခက် ဇီဝမြေသြဇာ

၎င်းနောက် စိုက်ပျိုးရေးတက္ကသိုလ်မှ ကထိက ဒေါက်တာမီမီအောင်အား တွေ့ဆုံမေးမြန်းရာတွင် စပါးအထွက်တိုးရေးအတွက် ကုန်ကျစရိတ်သက်သာပြီး အကျိုးရှိသည့် ရေကျောက်ခက်ဇီဝမြေသြဇာ မွေးမြူအသုံးပြုနည်းကို ရှင်းလင်းပြသည်။

ရေကျောက်ခက်ခေါ် (Azolla) အဇိုလာများမှာ အရိပ်အာဝါသရ၍ အေးမြသောရေကန်များ၊ ရေအိုင်များ၊ ရေမြောင်းများနှင့် ရေဝပ်သည့် ချိုင့်ဝှမ်းများတွင် ပေါက်ရောက်လေ့ရှိသည့် ရေပေါ်တွင်ပေါ်နေသည့် ရေမှော်ကဲ့သို့သော အစိမ်းရောင် အပင်ကလေးများဖြစ်ကြောင်း၊ ရေကျောက်ခက်သည် သဘာဝအားဖြင့် အေးမြသော ရာသီဥတုကို နှစ်သက်သော အပင်မျိုးဖြစ်ကြောင်း၊ ၎င်းအပင်ကလေးများကို မြန်မာပြည်ဒေသအများအပြားတွင် တွေ့မြင်နိုင်ကြောင်း၊ အထူးသဖြင့် ရှမ်းပြည်နယ်တွင် ပိုမိုတွေ့မြင်နိုင်ကြောင်း။

ပိုမိုရှင်သန်

ရေကျောက်ခက်များသည် သန့်ရှင်းသောရေများထက် ညစ်ညမ်းသောရေများတွင် ပိုမိုရှင်သန်ကြကြောင်း၊ အချဉ်ဓာတ်များသော ဒေသများတွင် နေရောင်ခြည်အနည်းငယ်ရရုံဖြင့် ပွားများနိုင်ကြသော်လည်း အငန်ဓာတ်များပါက နေရောင်ခြည်များများရရန် လိုအပ်ကြောင်း၊ ရေအပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်ထက်များပါက အစိမ်းရောင်မှ နီညိုရောင်သို့ပြောင်းလဲလာ၍ မျိုးပွားနှုန်း ကျဆင်းလာတတ်ကြောင်း၊ ၂၃ဒီဂရီစင်တီဂရိတ်တွင် ပွားများမှု အကောင်းဆုံးဖြစ်ကြောင်း။

ရေကျောက်ခက်သည် အခြားသော သစ်ပင်များကဲ့သို့မဟုတ်ဘဲ လေထဲရှိ နိုက်ထရိုဂျင်ဓာတ်ကို စုပ်ယူနိုင်သဖြင့် ရေကျောက်ခက်အစိုတွင် နိုက်ထရိုဂျင်ဓာတ် သုညဒသမ ၂ ရာခိုင်နှုန်းခန့် ပါဝင်ကြောင်း၊ ယင်းအပင် ကလေးများသည် နူးညံ့ပျော့ပျောင်းသောကြောင့် တမန်းတွင် မြှုပ်ပေးပါက လျင်မြန်စွာကြေပျက်၍ နိုက်ထရိုဂျင်ဓာတ်နှင့် သစ်ဆွေးဓာတ် ၄၈ ရာခိုင်နှုန်းကို လွယ်ကူစွာ ရရှိစေနိုင်ကြောင်း။

ရေကျောက်ခက်သည် ၎င်းကြိုက်နှစ်သက်သော အပူချိန်၊ အလင်းရောင်နှင့် အာဟာရဓာတ်များ ရရှိနိုင်ပါက ငါးရက်မှ ခုနစ်ရက်အတွင်း နှစ်ဆ ပွားများနိုင်ကြောင်း၊ တစ်ဧကလျှင် ရေကျောက်ခက် နှစ်တန်ထည့်သွင်း၍ မျိုးပွားပါက နှစ်ပတ်ခန့်အကြာတွင် အစိုအလေးချိန် ရှစ်တန်ခန့် ရရှိနိုင်ကြောင်း၊ ထိုကာလအတွင်း နိုက်ထရိုဂျင်ဓာတ် ၁၆ ပေါင် သို့မဟုတ် ယူရီးယား ၃၅ ပေါင်၊ ယူရီးယားဓာတ်မြေသြဇာ တစ်အိတ်ကျော်ခန့်နှင့် ညီမျှသော နိုက်ထရိုဂျင်ဓာတ်အပြင် မြေဆွေးဓာတ်ကိုလည်း ရရှိစေနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ ရေကျောက်ခက်ကို မွေးမြူ၍ စပါးစိုက်ပျိုးရာတွင် စနစ်တကျ အသုံးပြုပါက စပါးအထွက်နှုန်း ပိုမိုထွက်ရှိကြောင်း တွေ့ရှိရကြောင်း။

စနစ်တကျမျိုးပွား

လယ်ကွက်များတွင် အသုံးမပြုမီ ရေကျောက်ခက်များကို စနစ်တကျမျိုးပွားရန် လိုအပ်ကြောင်း၊ အရိပ်အာဝါသရှိသော စတုရန်းပေ ၂၅၀ ခန့်ရှိ လယ်ကွက်တစ်ကွက်ကို ပေါင်းမြက်များ၊ အမှိုက်သရိုက်များ ရှင်းလင်း၍ ရေအနက်ခြောက်လက်မအထိ ရေသွင်းပေးရမည်ဖြစ်ကြောင်း၊ ထို့နောက် တီစူပါတစ်ဇကေ ၁၀ ပေါင်နှုန်းထားဖြင့် ပင်နီဆီလင် ပုလင်းသုံးပုလင်းခန့် ထည့်ပေးရမည်ဖြစ်ကြောင်း၊ ရေကျောက်ခက် ပေါင် ၃၀ ကို တစ်ကွက်လုံး ညီညာစွာကြဲပက်ပေးရန် လိုအပ်ကြောင်း၊ နှစ်ပတ်ခန့်ကြာသောအခါ ရေကျောက်ခက် အစိုပေါင်ချိန် ၁၀၀ ထက်မနည်း ရရှိလာမည်ဖြစ်ကြောင်း၊ ယင်းပေါင် ၁၀၀ကို နောက်ထပ်အကွက်လေးကွက်ထပ်မံတိုးချဲ့၍ မွေးမြူသွားပါက နှစ်ပတ်ခန့်ကြာသောအခါ ရေကျောက်ခက်ပေါင်ချိန် ၄၀၀ ထက်မနည်း ရရှိလာမည်ဖြစ်ကြောင်း၊ ဤနည်းဖြင့် မိမိလိုအပ်သောအရေ အတွက်ကို ကန်များတိုးချဲ့၍ မွေးမြူသွားနိုင်ကြောင်း၊ အကယ်၍ ပိုးမွှားရောဂါကျပါက ပိုးသတ်ဆေး၊ မှိုသတ်ဆေးများ ပက်ဖျန်းပေးရန် လိုအပ်ကြောင်း။

သစ်ရွက်ဆွေး မြေသြဇာအဖြစ် အသုံးပြုလိုပါက စပါးခင်းတွင် ထွန်ယက်အပြီး ကောက်မစိုက်မီရေသုံးလက်မခန့်ထား၍ တစ်ဧကလျှင် တီစူပါမြေသြဇာ ၁၀ ပေါင်အထိ ကြဲပက်ပေးရန်လိုကြောင်း၊ ထို့နောက် ရေကျောက်ခက် ပေါင်ချိန် ၃၀၀၀၊ ၄၀၀၀ကို ကြဲပက်ပေးလျှင် ၁၀ ရက်မှ ရက် ၂၀ ကြာလျှင် တစ်ဧကလုံး ရေကျောက်ခက်များဖြင့် ပြည့်နေမည်ဖြစ်ကြောင်း၊ ထိုအချိန်တွင် ရေထုတ်ပစ်ပြီး ထွန်ဖြင့်မွှေ၍ ရေကျောက်ခက်များကို မြေမြှုပ်ပေးရန်လိုကြောင်း၊ မြေမြှုပ်ပြီး ခုနစ်ရက်မှ ၁၀ ရက်ခန့်ကြာလျှင် ကောက်စိုက်ပါ၊ ကောက်စိုက်ပြီး ၁၄ ရက်ခန့်ကြာလျှင် နောက်တစ်ကြိမ် အထက်ပါနှုန်းအတိုင်း ထပ်ကြဲပေးပါ။ ရေကျောက်ခက်များ ပြည့်လာသောကြောင့် ဒုတိယအကြိမ် မြေမြှုပ်ပေးပါ၊ ရေကျောက်ခက် နှစ်ကြိမ် မြေသြဇာကျွေးခြင်းဖြင့် တစ်ဧကလျှင် နိုက်ထရိုဂျင်ဓာတ် ပေါင် ၂၀ မှ ၃၀အထိ ရရှိနိုင်ကြောင်း၊ အရေးကြီးသောအချက်မှာ တီစူပါ မြေသြဇာများကို ခုနစ်ရက်တစ်ကြိမ် ၁၀ ပေါင်မှန်မှန် ကြဲပက်ပေးမှသာ ရေကျောက်ခက်များ ပွားများနှုန်း တိုးတက်လာမည် ဖြစ်ကြောင်း။

ပြုလုပ်နည်း

သဘာဝမြေသြဇာကို အသုံးပြုခြင်းဖြင့် စပါးသီးနှံအထွက်တိုးနိုင်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ကောက်ရိုးမှ သဘာဝမြေသြဇာ ပြုလုပ်နည်းကို ပြသထားစဉ်။
ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)

ခရိုတ်သက်သာ

စပါးအထွက်တိုးရေးအတွက် ကုန်ကျစရိတ် သက်သာပြီး အကျိုးရှိသည့် ရေကျောက်ခက် ဇီဝ မြေသြဇာသည် နိုက်ထရိုဂျင်ဓာတ်အပြင် မြေဆွေးဓာတ်ရရှိနိုင်ကြောင်း ဒေါက်တာမီမီအောင်က ကြေးမုံသို့ ရှင်းပြသည်။
ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)

လက်တွေ့ပြသ

ကောက်ရိုး သဘာဝမြေသြဇာ ပြုလုပ်ပုံကို မြန်မာ့ဆန်စပါး သုတေသနခန်းမ၌ ပြုလုပ်သော ဆွေးနွေးပွဲတွင် လက်တွေ့လုပ်ကိုင်ပြသစဉ်။
ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)

ရေကျောက်ခက်များကို အသုံးပြုခြင်းအားဖြင့်–

(က) ရေကျောက်ခက် သုံးတန်မှ ခြောက်တန်အထိ အသုံးပြုခြင်းအားဖြင့် တစ်ဧကလျှင် စပါးပင်အတွက် နိုက်ထရိုဂျင်ဓာတ် ပေါင် ၃၀ မှ ၆၀ အထိ ရရှိနိုင်၍ စပါးအထွက်နှုန်းကို ၃၀ ရာခိုင်နှုန်း မြှင့်တင်နိုင်ကြောင်း၊

(ခ) လယ်မြေတွင် သစ်ဆွေးဓာတ် တိုးပွားစေ၍ မြေဆီလွှာဖွဲ့စည်းမှုနှင့် လေဝင်လေထွက်ကောင်းမွန်စေကြောင်း၊

(ဂ) ရေကျောက်ခက် ရှင်သန်ကြီးထွားမှု အခြေအနေကိုကြည့်၍ လယ်မြေတွင်ဖော့စဖရပ်ဓာတ် ချို့တဲ့မှု ရှိ၊ မရှိ သိနိုင်ကြောင်း၊

(ဃ) ရေကျောက်ခက်ကို မွေးမြူပြီး ယာသီးနှံများတွင် သစ်ရွက်စိမ်းမြေသြဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊

(င) ရေကျောက်ခက်ကို တိရစ္ဆာန်အစာအဖြစ်လည်း အသုံးပြုနိုင်ကြောင်းဖြင့် ရှင်းပြသည်။

အဆိုပါနည်းစနစ်ကို အထက်မြန်မာနိုင်ငံ တောင်သူလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် ဂျပန်နိုင်ငံ၊ ဂျာမနီနိုင်ငံတို့မှ စိုက်ပျိုးနည်းပညာများ လေ့လာခဲ့ကြသော ပညာရှင်များသည် မန္တလေးတိုင်း ကျောက်ဆည်မြို့ ဗဟိုစိုက်ပျိုးရေးခြံတွင် သရုပ်ပြပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိခဲ့ရပေသည်။ ။

(ကြေးမုံ)

မိုးကုတ်မြို့ စခန်းသာ တံတားသစ် ဖွင့်ပွဲကျင်းပ

မိုးကုတ် ဇူလိုင် ၂၅

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့ ရှောလီဝိုင်းရပ်ကွက်ရှိ စခန်းသာတံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၇ နာရီခွဲက အဆိုပါတံတားသစ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် တက်ရောက်အားပေးသည်။

ရှေးဦးစွာ စခန်းသာတံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ကျော်က ရှင်းလင်းတင်ပြသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် ပြင်ဦးလွင်ခရိုင် အင်ဂျင်နီယာမှူး ဒေါ်တင်ထွေးနှင့် အလှူရှင် ဦးသိန်းထွန်းတို့က စခန်းသာ တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

စခန်းသာတံတားသစ်သည် မိုးကုတ်မြို့ လီရှောဝိုင်းရပ်ကွက် မိုးကုတ်–မိုးမိတ်လမ်း ရေနီချောင်းပေါ်တွင် တည်ဆောက်ထားပြီး တံတားမှာ အရှည်ပေ ၄၀၊ အကျယ် ၁၂ ပေရှိ ဘေလီတံတားအမျိုးအစားဖြစ်သည်။

နှစ်လမ်းမောင်းသွားလာနိုင်

ယခင် မိုးကုတ်–မိုးမိတ်လမ်း ရေနီချောင်းပေါ်တွင် တံတားတစ်စင်းသာ ရှိသဖြင့် လူ၊ ယာဉ် ဖြတ်သန်းသွားလာမှုများပြားသောကြောင့် လမ်းပိတ်ဆို့မှုဖြစ်ရာမှ ယခု တံတားသစ်ဖွင့်လှစ်လိုက်၍ ယာဉ်များ အန္တရာယ်ကင်းရှင်းစွာဖြင့် နှစ်လမ်းမောင်း သွားလာနိုင်ပြီဖြစ်သည်။ (၄၆၉)

ကျောင်းဆောင်သစ်ဖွင့်လှစ်

ဇူလိုင် ၁၈ ရက်က မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေ၊ မိဘပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ပူးပေါင်း၍ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးခဲ့သည့် သာစည်မြို့နယ် ရွာကုန်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအေးလှနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်မေဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၄၂၅)

မွန်ပြည်နယ် တိုင်းရင်းဆေးဆရာအသင်းခွဲ ဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပ

မော်လမြိုင် ဇူလိုင် ၂၆

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဖွဲ့စည်းပုံစည်းမျဉ်း ရှင်းလင်းပွဲနှင့် မွန်ပြည်နယ် တိုင်းရင်းဆေးဆရာအသင်းခွဲ ဖွဲ့စည်းခြင်းအခမ်းအနားကို ဇူလိုင် ၁၇ ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမဆောင်တွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် တိုင်းမှူးကိုယ်စား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးလှက အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က ဖွဲ့စည်းပုံစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မွန်ပြည်နယ်တိုင်းရင်းဆေးဆရာအသင်းခွဲ ဖွဲ့စည်းတာဝန်ပေးအပ်ရာ ဥက္ကဋ္ဌအဖြစ် ဦးတင်ရွှေ(နတ်သြဇာ)အပါအဝင် အဖွဲ့ဝင် ၁၅ ဦးအား ရွေးချယ်တာဝန်ပေးအပ်သည်။ (၂၅၇)

အင်္ဂပူတန်ဆောင်းတော်ကြီး

ဒေးဒရဲမြို့ ပြည်တော်သာလမ်း အမှတ်(၁၆)နေ ဦးမောင်စိန်–ဒေါ်တင်လှတို့က ငွေကျပ်သိန်း ၅၀ အကုန်အကျခံ အသစ်ပြန်လည်တည်ဆောက်လှူဒါန်းသော ဒေးဒရဲမြို့ ကျိုက်ဒေးရုံစေတီတော်မြတ်ကြီး၏ မြောက်ဘက်အာရုံခံ အင်္ဂပူတန်ဆောင်းတော်ကြီးကို ဇူလိုင် ၂၇ ရက်က တွေ့မြင်ရစဉ်။ (၁၆၃)

မြို့နယ်သတင်းများ

ကော်ဖီခြံများ ကွင်းဆင်းကြည့်ရှု

ပြင်ဦးလွင် ဇူလိုင် ၂၃

မြန်မာ့စိုက်ပျိုး မွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး မြင့်ရွှေသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်အတွင်းရှိ နိုင်ငံပိုင်ကော်ဖီခြံများ၊ ပုဂ္ဂလိကကော်ဖီခြံများ၊ အဖွဲ့အစည်းအလိုက် ကော်ဖီခြံများသို့ သွားရောက်ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သော အကူအညီများကို ဖြည့်ဆည်းပေးခဲ့သည်။ (၄၂၁)

ကောလင်း–တောင်မော်လမ်း အဆင့်မြှင့်ပြုပြင်

ကောလင်း ဇူလိုင် ၂၇

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ အလှူရှင်များ လှူဒါန်းငွေများဖြင့် ကောလင်း–တောင်မော် ကျေးလက်လမ်း အရှည် ၆ မိုင် ၂ ဖာလုံကို သဲကျောက်ခင်းခြင်းနှင့် လမ်းအရှည် ၁ မိုင် ၄ ဖာလုံကို အကျယ် ၁၂ ပေ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

ကွင်းဆင်းကြီးကြပ်

အဆိုပါ ကောလင်း–တောင်မော်လမ်း အဆင့်မြှင့်ပြုပြင်ခြင်းလုပ်ငန်းသို့ ဇူလိုင် ၂၁ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်၍ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြသည်။ (ယာပုံ) (၂၁၄)

ငှက်ဖျားနှိမ်နင်းရေး ပညာပေးဟောပြော

ကသာ ဇူလိုင် ၂၁

စတုတ္ထအကြိမ် ငှက်ဖျားရောဂါနှိမ်နင်းရေး ရက်သတ္တပတ် လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက်က ကသာခရိုင် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်ထွေးက ရက်သတ္တပတ်လှုပ်ရှားမှု ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့မကျန်းမာရေးမှူး ဒေါ်စက်မေက ငှက်ဖျားရောဂါ ကာကွယ် နှိမ်နင်းရေး ပညာပေးဟောပြောသည်။ (၄၈၄)

ကယားပြည်နယ် လွိုင်ကော်မြို့နယ်မြေခံတပ်ရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇူလိုင် ၁၁ ရက်က ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးစိန်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (လဝက)

တောင်ကုတ်စည်ပင်သာယာ မြို့တွင်းလမ်းများ ပြုပြင်

တောင်ကုတ် ဇူလိုင် ၂၄

တောင်ကုတ်မြို့တွင် ဖွန်လအတွင်းက မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ပျက်စီးလျက်ရှိသော အရှည်ပေ ၁၂၃၀၊ အကျယ် ၁၂ ပေရှိ လျှပ်စစ်လမ်းနှင့် မြို့တွင်းလမ်းအချို့ကို မြို့နယ်စည်ပင် သာယာအမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် အင်ဂျင်နီယာ ဦးဝင်းအောင်တို့က ဇူလိုင်လဆန်းမှစ၍ ကြီးကြပ် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၆၆)

ချောက်မြို့နယ် အမျိုးသမီးရေးရာကော်မတီ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

ချောက် ဇူလိုင် ၂၀

ချောက်မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က လုပ်ငန်းဆပ်ကော်မတီများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများက မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်ပြန်/ဆက်)**

လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်စိုးပိုင်**နှင့် ကျွန်မ **မခင်ခင်မိုး(ခ)မပေါက်**တို့သည် ကြည့်မြင်တိုင်မြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ တရားဝင်လက်ထပ်ပြီးဖြစ်ပါကြောင်း။

မောင်စိုးပိုင်–မခင်ခင်မိုး(ခ)မပေါက်။

မွေးနေ့ဆုတောင်း
ဗိုလ်လောင်း စိုးသူအောင်(ပြင်ဦးလွင်)

ချစ်သားကြီး **ဗိုလ်လောင်း စိုးသူအောင်** ၏ ၆–၈–၂၀၀၃ရက်နေ့တွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ထူးချွန်ထက်မြက်ပြီး အောင်မြင်မှုတွေနဲ့ ပြည့်စုံသော သားကောင်းရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် . . .။

ဖေဖေ – ဦးသာအောင်(ငြိမ်း)(အထက–၁၊ ဘားအံ)
မေမေ – ဒေါ်ကြည်ကြည်အေး(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)
ညီမလေး– မအေးမြတ်မြတ်သူ (အထက–၁၊ ဘားအံ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာမီးရထား စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

1. Spare part for Diesel Engine, Axle Drive and Driving Gear Box for Car
2. Electrical Parts, Braking System and other for Car
3. M.S Plate, Bolt & Nut, Spring Washer
4. Paint and Painting accessories

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် –၁၂–၈–၂၀၀၃ (၁၂:၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် –၁၂–၈–၂၀၀၃ (၁၄:၀၀)နာရီ

၂။ ချိပ်ပိတ်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၆–၈–၂၀၀၃နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း:–၂၉၁၉၈၂၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၄၊ ၆၁၃။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ(Sealed Tender) များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

1. သံထည်ပစ္စည်း
2. ပိုက်နှင့်ပိုက်ဆက်ပစ္စည်း
3. Ply Wood
4. Screw, Bolt, Nut
5. သုတ်ဆေးနှင့်ဆက်စပ်ပစ္စည်းများ
6. Rubber ပစ္စည်း

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၁၂–၈–၂၀၀၃(၁၂:၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် – ၁၂–၈–၂၀၀၃(၁၄:၀၀)နာရီ

၂။ ချိပ်ပိတ်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၆–၈–၂၀၀၃နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
☎–၂၉၁၉၈၂၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၄၊ ၆၁၃။



ရှုလိုင်မောင်နှမသို့ဆုတောင်း

အဖေ ဦးကံမြင့်ဝင်း (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ)–အမေ ဒေါ်မူအေးတို့၏ သမီးကြီး **ယုယုဝင်း(တ–နှစ် စီးပွားရေး)**နှင့် သားလတ် **မျိုးမင်းနိုင် (ရေကြောင်းအရာရှိလောင်း)**တို့၏ ရှုလိုင်လတွင် ကျရောက်သော မွေးနေ့မှသည် နှစ် ၁၀၀ တိုင် အောင်မြင်မှုသရဖူဆောင်းနိုင်ပါစေ . . .။

ဖေဖေ – မေမေနှင့်
ညီမလေး ဆုရည်ဝင်း(နဝမတန်း အထက သပိတ်ကျင်း)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
ရေကြောင်းပညာသိပ္ပံ

ကြော်ငြာစာ

၁။ ရေကြောင်းပညာသိပ္ပံတွင်(၂၀၀၃–၂၀၀၄)ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါ သင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုမြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားအိမ်ထောင်မရှိ(လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ ရေကြောင်းပညာသိပ္ပံ၊ ကျောင်းအုပ်ကြီးထံသို့(၁၉–၉–၂၀၀၃)နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
(က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း
Nautical Cadet
(ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း
Engineering Cadet

၂။ **ပညာအရည်အချင်းကန့်သတ်ချက်**
တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ်အနည်းဆုံး(၃၆၀)ရှိရမည်။

၃။ **အသက်နှင့်အခြားကန့်သတ်ချက်။**
(က)၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အသက်(၁၉)နှစ်ထက်မကျော်လွန်စေရ။
(ခ)အရပ်အမောင်း(၅ပေ၊ ၄လက်မ)အနည်းဆုံးရှိရမည်။
(ဂ)ကိုယ်အလေးချိန် ပေါင်(၁၀၀) အနည်းဆုံးရှိရမည်။
(ဃ)ရင်အုပ်(၃၂လက်မ) နဂိုအနေအထား အနည်းဆုံးရှိရမည်။
(င)မျက်မှန်၊ မျက်ကပ်မှန် တပ်ထားသူများမဖြစ်စေရ။
(အင်ဂျင်နီယာအရာရှိလောင်းများမပါ)

၄။ **ရွေးချယ်ရေးအဖွဲ့မှ အောက်ပါများကို ဆက်လက်စစ်ဆေးသွားမည်။**
(က) နားစစ်ဆေးခြင်း၊ အထွေထွေကျန်းမာရေးစစ်ဆေးခြင်း။
(ခ) မျက်စိစစ်ဆေးခြင်း(အရောင်ခွဲခြားနိုင်မှု ရှိ/မရှိစစ်ဆေးခြင်း)။
(ဂ) လူတွေ့စစ်ဆေးခြင်း။

၅။ **လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်။**
(က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)
(ခ) အမည်။
(ဂ) နိုင်ငံသားစိစစ်ရေးအမှတ်။
(ဃ) မွေးနေ့သက္ကရာဇ်။
(င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ။
(စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သောခုနှစ်/ခုံအမှတ်/မြို့နယ်၊ တိုင်း/ဘာသာရပ်အလိုက် ရရှိသည့်အမှတ်စာရင်းနှင့်စုစုပေါင်းအမှတ်။
(ဆ) အဘအမည်နှင့်အလုပ်အကိုင်။
(ဇ) အမိအမည်နှင့်အလုပ်အကိုင်။
(ဈ) နေရပ်လိပ်စာအပြည့်အစုံ။
(ည) ဆက်သွယ်ရန် စကားပြောကြေးနန်းအမှတ်နှင့် နေရပ်လိပ်စာ။

၆။ **လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။**
(က) လိုင်စင်ဓာတ်ပုံ(၂)ပုံ။
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/ တိုင်း/ မြို့နယ်ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း။
(ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ကျောင်းအုပ်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်း တင်ပြရမည်။
ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ် ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း(မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ယူရန်)
(င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ကြောင်း ကတိခံဝန်ချက်။
(နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပူးတွဲတင်ပြနိုင်ရမည်)
(စ) ပဏာမအဆင့် ရွေးချယ်ခြင်းခံရသော သင်တန်းသားများသည် ရေကြောင်း ပညာသိပ္ပံ၏ စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံစာစစ်အဖွဲ့၏ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် မိတ္တူတင်ပြရမည်၊ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၈။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်း မရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၉။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း သင်တန်းကြေး၊ အဆောင်ကြေး၊ ဝတ်စုံစရိတ်နှင့် လစဉ်စားစရိတ် အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၀။လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့သော စာရွက်စာတမ်းများကို ပြန်လည်ပေးပို့ခြင်း၊ ရွေးချယ်ခြင်းမခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်းပြုမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သည့် ရေကြောင်းပညာသိပ္ပံတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်နေ့တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၁။သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပြီး သင်တန်းတက်ရောက်နေစဉ်အတွင်း အခြားသင်တန်းတစ်ခုပြောင်းတက်ရန်အတွက် ဤသင်တန်းမှ နုတ်ထွက်ခွင့်ပြုမည်မဟုတ်ပါ။

၁၂။သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက ရေကြောင်းပညာသိပ္ပံ၊ သင်တန်းဌာန၊ တယ်လီဖုန်းအမှတ်(၅၃၆၁၆၆၊ ၅၃၆၁၃၈/ ၅၃၉၄၆၄/ ၅၃၉၄၆၅ လိုင်းခွဲ–၁၂၀)တွင် စုံစမ်းမေးမြန်းနိုင်သည်။

ကျောင်းအုပ်ကြီး
ရေကြောင်းပညာသိပ္ပံ။

ကျေးဇူးတင်ရှိခြင်း

၁၅–၇–၂၀၀၃(အင်္ဂါနေ့)တွင် အမြွှာမောင်နှမ သုံးဦးတို့အား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့သော အလုပ်သမားဆေးရုံအုပ်ကြီး၊ မေ့ဆေးဆရာဝန်ကြီး၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့အားလည်းကောင်း၊ နေ့၊ ညမပြတ် ဂရုတစိုက်စောင့်ရှောက်ပေးသော သူနာပြုအဖွဲ့အားလည်းကောင်း၊ ဝိုင်းဝန်း ကူညီပေးကြသော ဆေးရုံဝန်ထမ်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

အမြွှာမောင်နှမ သုံးဦးနှင့်
ဦးမျိုးမြင့် – ဒေါ်ကေသီကျော်။

အမည်ပြောင်းခြင်း

ဦးကျော်မြင့်၏သား ရွှေဘိုမြို့ အထက(၃) သတ္တမတန်း(D)မှ မောင်ဆူးကိုကိုကျော်အား မောင်ကျော်ဇေယျဟု လည်းကောင်း၊ ရွှေဘိုမြို့၊ အမက(၃)မှ မောင်သီဟကိုကိုကျော်အား မောင်ကျော်သီဟဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မိဘအမည်မှန်

မင်္ဂလာတောင်ညွန့် အထက(၄) အဋ္ဌမတန်း(A) မှ မောင်ထူးအောင်ရင်၏ မိဘအမည်မှန်မှာ ဦးလေးနိုင်ဖြစ်ပါကြောင်း။

ဦးလေးနိုင်။

အမည်ပြောင်းခြင်း

လပွတ္တာမြို့မှ ဦးခင်သန်း–ဒေါ်သန်းကြည်တို့၏သား အထက(၂) လပွတ္တာ နဝမတန်း(A)မှမောင်အောင်ကျော်စိုးအား မောင်ထက်ပိုင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထက်ပိုင်ကျော်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ခ/၅၈၃၂ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ခ/၇၂၅၁ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်အင်သန်းစိန်[၁၂/ဥကတ(နိုင်)၀၁၃၇၉၉]၁၁/၃၇၃/ခ၊ ရတနာလမ်း၊ တောင်ဥက္ကလာပမြို့နယ်နေ၏ သမီးငယ်ဖြစ်သူ မသဇင်ကြူ[၁၂/ဥကတ(နိုင်)၀၁၃၈၀၀]သည် မိခင်မှဆိုးမဖြစ်သူအား အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ အသက်အန္တရာယ်နှင့်ကျန်းမာရေးထိခိုက်အောင် ပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးတင်စိန်
တရားရုံးချုပ်ရှေ့နေ(၅၅၀၈)
ဘီ၊ အေ၊ ဘီအက်စ်၊ စီ–အိုင်ချ်–ဂျီ–ပီ၊ အာရ်၊ အယ်လ်
၁၄/၂၀၃၊ သံသုမာလမ်း၊ တောင်ဥက္ကလာပမြို့။
ဖုန်း–၅၆၅၅၅၁–အိမ်၊ ၀၉ ၅၀ ၂၁၂၁၂။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ လမ်း(၂၀)၊ (၈၇ x ၈၈လမ်းကြား)၊ အမှတ်(၁၂၃)ရပ်နေ ဦးလှပေါ်–ဒေါ်ကျင်မေတို့၏သား

ဗိုလ်ကြီးမင်းအောင် B.E(Electronics)

တပ်မတော်(လေ)

နှင့်

ညောင်ဦးမြို့၊ လမ်းမတော်နေ ဦးမြင့်ဆွေ(အုပ်ချုပ်ရေးမှူး၊ စည်ပင်၊ ငြိမ်း)–ဒေါ်အမာတို့၏သမီး

မကျော့ကျော့သီ B.Sc(Chemistry)

ဒု–ဦးစီးမှူး၊ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့

တို့ကို ၃–၈–၂၀၀၃ရက်နေ့တွင် ကရဝိက်နန်းတော်၊ ဒက္ခိဏာဆောင်၊ ရွှေဝါခန်းမတွင် နှစ်ဖက်သောဂုဏ်သရေရှိ မိဘဆွေမျိုးမိတ်သင်္ဂဟများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးမင်းအောင်–မကျော့ကျော့သီ။

— — — —

ခေ့စပ်မင်္ဂလာကျေးဇူးတင်လွှာ

ကျွန်တော်–ကျွန်မတို့၏ ၃–၈–၂၀၀၃ရက်နေ့တွင် ကရဝိက်နန်းတော်၊ ရွှေဝါခန်းမ၌ ကျင်းပပြီးစီးသော စေ့စပ်မင်္ဂလာပွဲကို ကြွရောက်ချီးမြှင့်သော ဒုတိယဗိုလ်မှူးကြီးသန်းလှိုင်(စစ်ဦးစီးမှူး–ပထမတန်း)ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)နှင့် ဇနီးဒေါ်ခင်ထွေးထွေး၊ ဗိုလ်မှူးအေးလွင်(ယာယီဒုတိယဗိုလ်မှူးကြီး)နှင့် ဇနီး ဒေါ်စန်းစန်းငွေ၊ ဦးဆန်းထွန်း(ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်)နှင့် ဇနီးအားလည်းကောင်း၊ ဦးမျိုးအောင်(ဒု–ညွှန်ကြားရေးမှူး၊ ငြိမ်း၊ တရားရုံးချုပ်)နှင့် ဇနီး၊ ဦးခင်မောင်လင်း (လ/ထညွှန်ကြားရေးမှူး–ပြည်ထဲရေးဝန်ကြီးဌာန)နှင့် ဇနီး၊ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မိဘဆွေမျိုးများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဗိုလ်ကြီးမင်းအောင်–မကျော့ကျော့သီ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

[တရားမကျင့်ထုံးကိုခဥပဒအမိန့် – ၅၊ နည်းဥပဒေ–၂၀(၁)]

တောင်ဥက္ကလာပမြို့နယ်တရားရုံး

၂၀၀၃ခုနှစ်၊ တရားမကြီးမှုအမှတ်–၉

မခင်မာမာဝင်း	**နှင့် ကိုမြင့်ဇော်**
အမှတ်(၃၅၁)၊ ရတနာလမ်း၊	အမှတ်(၃၅၁)၊ ရတနာလမ်း၊
(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊	(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
တရားလို	**တရားပြိုင်**

အထက်အမည်ပါ တရားပြိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက "လင်မယားကွာရှင်းပြတ်စဲစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၀၃ခုနှစ် ဩဂုတ်လ၂၀ရက်(၁၃၆၅ခု ဝါခေါင်လပြည့်ကျော် ၈ရက်)နေ့ မွန်းမတည့်မီ(၁၀)နာရီအချိန်တွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုစွဲချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၃ခုနှစ် ဩဂုတ်လ ၁ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်ပါသည်။

သန်းလွင်(တွဲဖက်မြို့နယ်တရားသူကြီး–၂)

တောင်ဥက္ကလာပမြို့နယ်တရားရုံး။

ရောင်းမည်

၁၂၅ပေ X ၄၅ပေ၊ ၅လွှာ၊ ၂၇လမ်း၊ ပြင်ဆင်ပြီး၊ ကိုယ်ပိုင်မီတာ၊ မော်တာ။

ဖုန်း–၇၂၀၄၈၁။

အမြန်ရောင်းမည်

ယခုလက်ရှိ အသုံးပြုနေသော 25 KVA မီးစက်ကြီးတစ်လုံး လျှော့ဈေးဖြင့် အမြန်ဆုံးရောင်းမည်။

ဆက်သွယ်ရန် ဖုန်း–၅၆၀၅၀၁။





နှစ်ဦးသဘောတူကွာရှင်းပြီးစီးခြင်း

ကျွန်တော် ညီညီလွင်[၁၂/တမန(နိုင်)၀၇၆၆၂၇]နှင့်မနီနီမိုး[၁၂/တမန(နိုင်)၀၄၁၈၂၂]တို့သည် အစ္စလာမ်တရားတော်နှင့်အညီ တွလာတေဗာ အိန်သုံးတွလာက်မိုဂလ်လဇ္ဇာအဖြစ် နှစ်ဦး သဘောတူ ၁၅–၇–၂၀၀၃ နေ့တွင် ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။

နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးဝတာဝန်မယူပါကြောင်း။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ကိုညီညီလွင်။

တရားဝင်ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မတင်တင်ရွှေ(ခ)မနှင်းနှင်းခိုင် [၁၂/ဥကတ(နိုင်)၀၂၉၈၂၃]သည် ကျွန်တော်မရှိခိုက်တွင် ပိုင်ဆိုင်သော ငွေကြေးပစ္စည်းများကို ယူဆောင်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါ၍ ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါ။ **(မေးမြန်းခြင်းသည်းခံပါ)**

မောင်ထွန်းမြင့်[၁၂/ဗဟန(နိုင်)၀၄၃၉၇၈]

အသုံးပြုပြီး ပစ္စည်းရောင်းရန်

YAMHA.630.(KB)
CASIO. CT-670(KB)
Nago Super Twin 2400 W စပီကာ
NPE Mixer . DA 100
Digital echo Mixer K 500A
Honda SGB 2800 HX မီးစက်
Jinma 18+7.5 Kilo မီးစက်
10 KV Manual မီးမြှင့်စက်
10 KV Auto မီးမြှင့်စက်
09 80-21825

ဒေါ်ခင်လေး (၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ အမှတ်(၄၃)၊ အောင်ဇေယျ(၅)လမ်းနေ (ဦးဘိုးဝန်–ဒေါ်အေးမယ်)တို့၏ သမီးထွေး၊ (ဦးဘတု)–ဒေါ်သောင်းတို့၏ ညီမ၊ (ဦးကျော်ညွန့်၊ ငြိမ်း၊ အကျဉ်းဦးစီး)၏ ဇနီး၊ ဦးစိုးသန်း(အကျဉ်းဦးစီး)–ဒေါ်စန်းစန်းညွန့်၊ ဦးသန်းစိုး(ပြည်တွင်းအခွန်/အောင်ဘာလေ)–ဒေါ်စန္ဒာလင်း(မစဘာ–ရုံးချုပ်၊ သုတ/ဆက်ဆံဌာန)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၄–၈–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၆–၈–၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုက်လတ်မြို့နယ်အသင်း
ဘုရား၊ ကျောင်း၊ ရဟန်းအမကြီး

ဒေါ်အုံးကြည် အသက်(၈၀)

ကိုက်လတ်မြို့နေ (ဦးဖိုးလူ–ဒေါ်နှန်းခင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက်(၈)၊ အခန်း(၁၀)နေ (ဦးအေး)၏ဇနီး (ရာ/အသင်းဝင်) ဒေါ်အုံးကြည်သည် ၃–၈–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၅–၈–၂၀၀၃ (အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဒေါ်ခင်ဆွေတင့်(လီလီရင်) အသက်(၅၆)နှစ်

(နတ်တလင်း)
စိန့်ဂျိုးဇက်ကျောင်းသူဟောင်း

ရန်ကုန်မြို့နေ (ဦးဘရင်၊ မီးရထားသွားလာ ကြီးကြပ်ရေးအုပ်ကြီး–ဒေါ်တင်တင်၊ လ/ထဦးစီး၊ကုန်သွယ်ရေး)တို့၏သမီး၊ မိုးညိုမြို့နေ (ဦးထွန်းလင်း–ဒေါ်သန်း)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၁၆)၊ ဗဟန်း(၁)လမ်းနေ ဦးသောင်း (အင်/ယာမှူးကြီး၊ လျှပ်စစ်၊ မြန်မာ့လေကြောင်း)၏ ချစ်လှစွာသောဇနီး၊ ဦးနေမျိုးအောင် (ဒု–အကောက်ခွန်မှူး)–ဒေါ်စောမြတ်နွယ်၊ ဦးအောင်သန်းလှိုင် (Eastwind Shipmanagement Pte., Ltd.)–ဒေါ်အေးမြတ်ခိုင်၊ ဦးစောလင်းထိုက် (သားငယ် J/E MTM Shipmanagement Pte.,Ltd.)၊ ဦးကျော်စိုးလှိုင်(C/O Marina Shipmanagement Pte., Ltd.)–ဒေါ်စောယုထွေး(2nd Years Eco၊ စီးပွားရေးတက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်၊မဆုမြတ်အောင်(VIII-A၊ အထက–၁၊ဒဂုံ)၊ မအိမ့်သံသာအောင် (တီချယ်နီလာ)တို့၏ အဘွားသည် ၄–၈–၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ခွဲစိတ်ကုသဆောင်၌ ကွယ်လွန်ပါ၍ ၆–၈–၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းလွင် (၅၃)နှစ်

မြို့နယ်ဥပဒေအရာရှိ
ထန်းတပင်မြို့နယ်ဥပဒေရုံး
(ပဲခူးတိုင်း)

ရေစကြိုမြို့နေ (ဦးကျောက်ပြင်)–ဒေါ်ကြင်သန်းတို့၏ သား၊ ဒေါ်သိန်းဆွေ၏ ခင်ပွန်း၊ ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ် ဥပဒေအရာရှိ ဦးသန်းလွင်သည် ၄–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကိုကြည်စိုး (၃၆)နှစ်

(ပုသိမ်၊ သာပေါင်းမြို့)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၈)၊ (တတိယထပ်ယာ)၊ လသာလမ်းနေ ဦးကျင်ပြုံး–ဒေါ်ခင်သန်းတို့၏ ဆဋ္ဌမမြောက်သား၊ ဒေါ်ခင်စန်းရီ–ဦးအောင်ကျော်၊ ဦးမောင်မောင်စိုး–ဒေါ်တင်တင်အေး၊ ဦးခင်စိုး၊ ဦးဇော်ဝင်း–ဒေါ်ဌေးဌေးရီ၊ ဦးထွန်းထွန်း–ဒေါ်ခင်ပြုံးရီ၊ ဒေါ်စန်းစန်းမြင့်–ဦးမောင်မောင်လေး၊ ဦးဝင်းအောင်တို့၏ ညီ/မောင်၊ ဒေါ်မိုးမိုးခိုင်–ဦးဝင်းထိန်၊ ဒေါ်စိုးစိုးခိုင်–ဦးအောင်လင်း၊ ကိုဇော်အောင်ထွန်းတို့၏ အစ်ကို ကိုကြည်စိုးသည် ၃–၈–၂၀၀၃ရက်တွင် ဆိပ်ကမ်းသာမြို့၌ ကွယ်လွန်ပါ၍ ၄–၈–၂၀၀၃ရက်တွင် ကြံခင်းသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉–၈–၂၀၀၃ (စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်ကိုး (၉၁)နှစ်

(B.A.,B.Ed.)
အငြိမ်းစားကျောင်းအုပ်ဆရာကြီး
(ယခင်အောင်သိပ္ပံအလွတ်ပညာသင်ကျောင်း)
မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း

စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ်(၁)၊ တတိယအလွှာနေ (ဦးဘိုးကာ–ဒေါ်ငွေတင့်)တို့၏သား၊ (ဒေါ်တင်တင်)၏ခင်ပွန်း၊ ဦးခင်မောင်မြင့်(အား/ကာဦးစီးဌာန)–ဒေါ်ခင်ဌေးဝင်း(လ/ထမန်နေဂျာစက်မှုစား/ကုန်)၊ ဦးသန်းမြင့်(ဒု–အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)–ဒေါ်ရင်မေ၊ ဦးမြင့်ဝေ–ဒေါ်ခင်ဖြူဝင်းအောင်(အထပြ၊ ငြိမ်း)၊ ဦးစိုးညွန့်–ဒေါ်အိအိခိုင်(ခေတ္တဂျာမနီ)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ ဘိုးဘိုးသည် ၅–၈–၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇–၈–၂၀၀၃ရက် မွန်းတည့်၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ကြာဝင်းအသက်(၈၀)

(ဆားချက်ရွာ၊ သံတွဲ)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၁၈/ဒီ)ရပ်ကွက်၊ အမှတ်(၉၂)၊ သုခရတနာလမ်း၊ ခြံအမှတ်(၁၀၂၇)နေ (ဦးသက်ဖေ၊ ငြိမ်း၊ တိုင်းတာရေးဌာနခွဲ၊ ဆိပ်ကမ်းအာဏာပိုင်)၏ ဇနီး၊ (ဦးနေဝင်း)–ဒေါ်ချစ်အုံတို့၏ ညီမ၊ ဦးချစ်ဖေ၊ ဦးမောင်ဝင်း–ဒေါ်ချစ်ဝင်း၊ (ဦးလှဖေ)–ဒေါ်ဝင်းကြည်တို့၏ အစ်မ၊ ကိုဖေဦး(ကျိုင်းတုံ)၊ (ကိုဝင်းဦး)၊ (မသက်ဝင်း)၊ (ကိုကြာဖေ)၊ ကိုဖြူဖေဝင်း(ရေကြောင်းဌာန၊ ဆိပ်ကမ်းအာဏာပိုင်)–မမိုးမိုးသန်းတို့၏ မိခင်၊ မောင်ရဲဝင်းထွဋ်၏ အဘွားသည် ၄–၈–၂၀၀၃ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၆–၈–၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် အင်းစိန်အရှေ့ချင်းနှစ်ခြင်းဘုရားကျောင်းမှ ခရစ်ယာန်ဂိုဏ်းပေါင်းစုံရေဝေးသုသာန်သို့ ပို့ဆောင်မြေမြှုပ်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်သန်းသန်းနု(ဒေါ်တူး) အသက်(၆၄)နှစ်

(မအူပင်အသင်း)

မအူပင်မြို့နေ (ဦးသိန်းအောင်–ဒေါ်တင်တင်လှ)တို့၏သမီး၊ (ဦးတင်မောင်စိန်) ၏ ညီမ၊ (ဦးတင်မောင်အေး)၊ (ဦးတင်မောင်လေး)၊ ရွှာမလျှပ်စစ်ဝင်း C-13နေ ဦးရွှေအောင်(ကမာရွတ်၊ ကြည့်မြင်တိုင်၊ MEPE)–ဒေါ်တင်တင်အေး(MEPE၊ ရုံးချုပ်)၊ ဦးတင်အောင်ချို(ဆည့်မြောင်း)တို့၏ အစ်မကြီး၊ (ဦးမြင့်အောင်၊ ရေလှောင်ကန်မှူး၊ ငြိမ်း)၏ဇနီး၊ (အပါအောင်)၊ ကိုညီညီအောင်၊ (ကိုငယ်ငယ်အောင်)–သဇင်နွယ်(ခ)မီးမီးတို့၏ မိခင်၊ ကိုဝေမျိုးအောင်(ဒုဦးစီးမှူး၊ ကွန်းချောင်းရေအားစီမံကိန်း)၊ မောင်ရဲဝင့်အောင်တို့၏ ကြီးတော်သည် ၅–၈–၂၀၀၃ရက် နံနက် ၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇–၈–၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့်လွင် (၅၈)နှစ်

(Brian)
ဦးစီးအရာရှိ
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန(ရန်ကုန်တိုင်း)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂၂၈)၊ ဆိပ်ကမ်းသာလမ်းနေ (ဦးမှတ်၊ အလုပ်သမားအရာရှိ၊ ငြိမ်း၊ သမိုင်းချည်မျှင်နှင့် အထည်စက်ရုံ)–ဒေါ်စောကြည်တို့၏ သားကြီး၊ (ဦးအုန်းရွှေ)–ဒေါ်ကြည်တို့၏ သားသမက်၊ အမှတ်(၃၇)၊ 5-B၊ သတိပဋ္ဌာန်လမ်း၊ ဌေး/ကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်ဝေဝေမြ(ဦးစီးအရာရှိ၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန)၏ ခင်ပွန်း၊ မသပြေ၊ မဝင်းလဲ့သူတို့၏ ဖခင်၊ ဒေါ်စန်းစန်း (လက်ထောက်အထွေထွေမန်နေဂျာ၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၊ ဦးကျော်မိုးလွင် (ယွန်းဗီဒီယိုရိုက်ကူးရေး)၊ ဒေါ်သက်သက်ဌေး(ဌာနစုမှူး၊ စည်ပင်သာယာ)၊ ဒေါ်ခင်ချိုမြင့်(ကြီးကြပ်ရေးမှူး၊ စက်မှုစီမံကိန်းဦးစီးဌာန၊ စက်မှု–၁)တို့၏ မောင်/အစ်ကို၊ မမိုးစုမွန်၊ မောင်မိုးပိုင်စိုးတို့၏ ဦးလေးသည် ၅–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၇–၈–၂၀၀၃ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုအောင်စိုးမိုး အသက်(၃၂)နှစ်

ဒုတိယနှစ်(ဥပဒေ)၊ ဒဂုံတက္ကသိုလ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၁၃၅)နေ ဦးသန်းထွန်း–ဒေါ်သန်းစိန်တို့၏ သားငယ်၊ ကိုထွန်းလှ၊ မစန္ဒာ၊ ကိုသက်နိုင်ထွန်းတို့၏ ညီ/မောင်သည်၄–၈–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၆–၈–၂၀၀၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး

ဦးစိုးညွန့် (၈၇)နှစ်

(ပြွန်တန်ဆာ)

ပြွန်တန်ဆာမြို့နေ (ဦးချိုလေး–ဒေါ်ကျင်သန်း) တို့၏သား၊ ဦးကြည်စိန်၏ညီ၊ ဒေါ်လွမ်း၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၃၈/B)၊ မစိုးရိမ်ကျောင်းလမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ညွန့်၏ခင်ပွန်း၊ (ဦးခင်မောင်ကြည်)–ဒေါ်ခင်အေးတင့်၊ ဦးသက်လွင်–ဒေါ်ခင်ဝင်းကြည်၊ ဦးသန်းအောင်(အမှုဆောင်အင်ဂျင်နီယာ၊ M.O.G.E)–ဒေါ်ညွန့်ညွန့်ဝင်း(ကောင်းကွယ်ကျောက်မျက်ရတနာ)၊ ဦးသန့်ဇင်–ဒေါ်ခင်စမ်းကြည်၊ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ကကယာ)–ဒေါ်ခင်စိုးကြည်၊ ဒုတိယဗိုလ်မှူးကြီးဇော်လင်း–ဒေါ်ခင်ထွေးကြည်(ကထိက၊သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ကျေးဇူးရှင်ဖခင်သည် ၄–၈–၂၀၀၃(တနင်္လာနေ့) ည၈း၃၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၈–၈–၂၀၀၃ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မစိုးရိမ်ကျောင်းလမ်းနေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးပု(ဦးပုလေး) အသက်(၈၄)နှစ်

(ဓနီးကုန်း)

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဘီအိုစီ(၁)လမ်း၊ အမှတ်(၅၁)နေ ဒေါ်သိန်းတင်၏ ခင်ပွန်း၊ အရခဗမြင့်ရွှေ(ဓာတ်မှန်ဌာန၊ တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး)–ဒေါ်လှမြင့်၊ ဦးမြကြီး–ဒေါ်လှမြင့်၊ ဗိုလ်မှူးကြီးဉာဏ်ထွန်း(ကကရေ)–ဗိုလ်ကြီးဒေါ်ခင်အေးမြင့်(တပ်မတော်ဆေးရုံကြီး၊မင်္ဂလာဒုံ)၊ ဦးရွှေကို၊ ဒေါ်သန်းသန်းဌေးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဦးအောင်သန်း–ဒေါ်ကြည်အေး၊ ခွဲတကကကျော်မြင့်–ဒေါ်တင်စိုး(ကျန်းမာရေးဆရာမ၊ မှော်ဘီ)တို့၏ အစ်ကိုကြီး၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၅–၈–၂၀၀၃ရက် နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၈–၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် တပ်မတော်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်နွဲ့ (၆၂)နှစ်

လ/ထညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း

ပဲခူးတိုင်း၊ မင်းရွာနေ (ဦးထွေးမောင်)–ဒေါ်ခင်မြင့်တို့၏ သမီးငယ်၊ ကသာမြို့နေ (ဦးဘဒင်–ဒေါ်သောင်း)တို့၏ သမီးချွေးမ၊ ပဲခူးတိုင်း၊ ကျောက်တန်းကျေးရွာနေ (ဦးမင်းဟန်)–ဒေါ်တုတ်တို့၏ ညီမ၊ တောင်ဥက္ကလာပ၊ (၉)ရပ်ကွက်၊ (၂၅)လမ်း၊ အမှတ်(၂၁)နေ ဦးကိုလေး[စက်ရုံမှူး၊ ငြိမ်း၊ ကြွေ(၂) စက်မှုထွေ/ထိန်း]၏ ဇနီး၊ ဦးကျော်မင်းဌေး(MSAI)–ဒေါ်ထူးထူးကို(ဘခရေ၊ ဓာတ်ခွဲခန်း)၊ ဒေါ်ထွေးထွေးကို(Myanmar Kuok Oils & Grains Ltd.)၊ ဒေါ်မိုးမိုးကို (Rothmans Of Pall Mall Myanmar Pte Ltd.)တို့၏ မိခင်သည် ၄–၈–၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးမြင့် (၄၂)နှစ်

(B.A Geography)
JAT အမက(၂၅)၊ ဗဟန်း
(ကျိုက်ထော်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၃၈)၊ ဓာတိကလမ်း၊ ကျောက်မြောင်း၊ ဌေးကြွယ်(က)ရပ်ကွက်နေ ဦးသောင်း–(ဒေါ်ကျင်အေး)တို့၏ သမီး၊ ဦးအောင်ဇော်လင်း၏ ဇနီး၊ ဒေါ်နုနု၊ ဦးသိန်းအောင်၊ ဦးသိန်းမောင်(JE၊ဆောက်လုပ်ရေး၊ ရေ/သန့်)–ဒေါ်နုနုကြည်၊ ဒေါ်ခင်ခင်ရွှေ(ငွေစာရင်းဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးသိန်းထွန်း–ဒေါ်ကျင်လှ(ရွှေနေစားသောက်ဆိုင်)၊ ဦးလှရွှေ–ဒေါ်မြင့်မြင့်သန်း၊ ဦးထိန်ဝင်း(JSM Co., Ltd)၊ ဒေါ်သိန်းသိန်းညွန့်(ဝိုင်း) (ကထိက၊ သတ္တဗေဒဌာန)၊ ဦးအေးချို(Mikko Co., FOFFEE Mix)–ဒေါ်တင်တင်ဝင်း(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးပြုံး–ဒေါ်ရွှေဝါတို့၏ ညီမထွေးသည် ၅–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၇–၈–၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဆွေတင့်(လီလီရင်) အသက်(၅၆)နှစ်

စိန့်ဂျိုးဇက်ကျောင်းသူဟောင်း
(နတ်တလင်း)

ရန်ကုန်မြို့နေ (ဦးဘရင်၊မီးရထားသွားလာကြီးကြပ်ရေးအုပ်ကြီး–ဒေါ်တင်တင်၊ လ/ထဦးစီး ကုန်သွယ်ရေး)တို့၏သမီး၊ မိုးညိုမြို့နေ (ဦးထွန်းလင်း–ဒေါ်သန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့ အမှတ်(၁၆)၊ ဗဟန်း(၁)လမ်းနေ ဦးသောင်း (အင်/ယာမှူးကြီး၊ လျှပ်စစ်၊ မြန်မာ့လေကြောင်း)၏ ချစ်လှစွာသောဇနီး၊ (ဦးကျော်နိုင်–ဒေါ်ချိုချိုသန်း)၊ ဦးဝင်းအောင်(ဒု–ညွှန်ချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းဌာန)–ဒေါ်ယဉ်ယဉ်အုန်း၊ ဦးစံလှဘော်(MICCL)–ဒေါ်ခင်ဆွေမြင့်တို့၏ ညီမ၊ ဦးဝင်းနိုင်–ဒေါ်တင်တင်ရွှေ၊ ဦးရဲဝင်း–ဒေါ်ခင်ဆွေသန်း (မြန်မာ့မီးရထား၊ သွား/လာပစ္စည်းဌာနစိတ်)တို့၏ အစ်မသည် ၄–၈–၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ခွဲစိတ်ကုသဆောင်၌ ကွယ်လွန်ပါ၍ ၆–၈–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[အမှတ် ၁၆၊ ဗဟန်း(၁)လမ်းမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်စုစုဝင်း (၄၅)နှစ်

(B.Econ Stats) 1980
ပြင်သစ်ဒေသိုလမ်းညွှန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်း၊ အမှတ်(၁၆၀)နေ (ဗိုလ်မှူးကြီးလူမော်၊ ငြိမ်း)–ဒေါ်ခင်ခင်(အထက–၁၊ ဒဂုံ၊ ငြိမ်း)တို့၏ သမီးလတ်၊ ဦးဇော်တင့်(E.E PCL Pte Ltd.)–ဒေါ်ခင်မျိုးမြင့်၊ (ဦးကျော်လွင်)–ဒေါ်နီနီမော်တို့၏ ညီမ၊ ဆရာလေးဇေသိကာ(သန်လျင်ဖားအောက်တောရရိပ်သာ)၊ ဦးမြတ်ထွန်းကျော်–ဒေါ်လှကေသီစော (NICE Restaurant)တို့၏အစ်မ၊ မေမီကျော်၊ မေသူဇော်၊ အေးရည်မွန်အောင် (အထက–၁၊ ဒဂုံ)၊ မင်းမန်ထက်ကျော် (ILBC)တို့၏ ချစ်လှစွာသော အဒေါ် ဒေါ်စုစုဝင်းသည် ၅–၈–၂၀၀၃(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါ ကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၁–၈–၂၀၀၃ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာယူမည် ဖြစ်ပါ၍ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ တန်ဆောင်း၊
ရဟန်းဒါယကာ

ဦးကျင်စု အသက်(၈၀)

(ဇင်းကျိုက်၊ မော်လမြိုင်)

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်ကျေးရွာနေ (ဦးဖေ–ဒေါ်ငွေယုံ)တို့၏သား၊ ဒေါ်မြစိန်၏ခင်ပွန်း၊ ဦးကျင်စိန်–ဒေါ်ရင်နု၊ ဦးစိုးကြည်–ဒေါ်ခင်ကြည်တို့၏ အစ်ကိုကြီး၊ ဒေါက်တာမိုးဇော်–ဒေါက်တာစုစုရီ၊ ဦးလှမြင့်မောင် (ဒု–ညွှန်မှူး၊ M.P.P.E)–ဒေါ်စုစုတီ (စရတနာဗိုလ်ချုပ်ဈေး)၊ ဦးဌေးကြည်–(ဒေါ်တင်မြင့်)၊ ဦးအေးကြည်(စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်)–ဒေါ်ဌေးဌေးဝင်း၊ ဒေါ်အုန်းမြင့်၊ ဦးလှမြင့်အောင် (M.P.P.E)–ဒေါ်ခင်အုန်းမြင့်၊ ဦးဌေးအောင်၊ ဦးဝင်းဗိုလ်၊ ဦးဉာဏ်သိန်း–ဒေါ်စုစုလွင်၊ ဦးဉာဏ်ထွန်း–ဒေါ်သူဇာထွန်းတို့၏မွေးသဖခင်၊ မြေး ၁၈ယောက်တို့၏ အဘိုးသည် ၄–၈–၂၀၀၃ရက်တွင် ရန်ကုန်မြို့ ရွှေဗဟိုအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၈–၈–၂၀၀၃(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(အမှတ်–၇၀/က)၊ တက္ကသိုလ်ရိပ်သာ လမ်း ဦးလှမြင့်မောင်–ဒေါ်စုစုတီနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀–၈–၂၀၀၃ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ကြပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

အုပ်ခွဲတပ်ကြပ်ကြီးစောကလစ်ဖော့

ကပအမ–၁၆၁၂၀/ (ပညာ ၆၂)

အသက်(၄၈)နှစ်

တပ်မတော်(ရေ)

ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်၊ လွိုကထိကျေးရွာနေ သင်းအုပ်ဆရာ (ဦးစံထူး–ဒေါ်လေးလေ)တို့၏ ပဉ္စမမြောက်သား၊ ရန်ကုန်မြို့နေ (ဦးစောလုံ–ဒေါ်စောမြတ်)တို့၏သားသမက်၊ အမှတ်(၆)၊ ကာယ(၁၂)လမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်နေ နော်မူးမူ၏ခင်ပွန်း၊ စောကျော်စံလင်း၏ ဖခင်သည် ၄–၈–၂၀၀၃ရက်တွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၆–၈–၂၀၀၃ မွန်းတည့်၁၂နာရီတွင် ဝတ်ပြုပြီး မင်္ဂလာဒုံ အအေးတိုက်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး

ဦးစိုးညွန့် (၈၇)နှစ်

(ပြွန်တန်ဆာ)

ပြွန်တန်ဆာမြို့နေ (ဦးချိုလေး–ဒေါ်ကျင်သန်း)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၃၈/ B)၊ မစိုးရိမ်ကျောင်းလမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ညွန့်၏ ခင်ပွန်း၊ မောင်ဇော်ဝင်း–မအေးသက်ဦး၊ မောင်ကျော်မျိုးထိုက်–မယုယုလွင်၊ မအိအိလွင်၊ မောင်ကျော်ဇင်တိုး–မဝန်းသော်တာအောင်၊ မောင်ကိုကိုလင်း–မသီရိစန္ဒာ၊ မောင်မင်းဟိန်းထက်၊ မောင်ကုဋေကောင်းဆက်၊ ဗိုလ်ကျော်ထက်၊ မအေးမြသန္တာ၊ မစုမွန်ရည်၊ မောင်ရဲနောင်ကိုကို၊ မဝင်းသီရိအောင်၊ မခေမာလင်းဇော်၊ မဝေမာလင်းဇော်တို့၏ ချစ်လှစွာသော အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၄–၈–၂၀၀၃ရက်တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၈–၈–၂၀၀၃(သောကြာနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မစိုးရိမ်ကျောင်းလမ်းနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရင်(ခ)ဒေါ်သန်းသန်း အသက်(၇၉)နှစ်

(မြစ်သား)

မြစ်သားမြို့နေ (ဦးမောင်သန့်–ဒေါ်မြမေ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၃)လမ်း၊ အမှတ်(၉၇/၃)နေ (ဗိုလ်မှူးဇေယျကျော်ထင်ထွန်းမြိုင်)၏ဇနီး၊ ဦးရဲဝင်း–ဒေါ်ကျင်နုတို့၏အစ်မ၊ ဒေါက်တာဦးဟန်တင်–ဒေါ်မြင့်မြင့်ထွန်း၊ ဦးခင်မောင်မြင့်–ဒေါ်လွင်လွင်ထွန်း၊ ဦးချိုထွန်း–ဒေါ်ခင်မေသန်း၊ ဦးခင်မောင်စိုး–ဒေါ်သင်းသင်းမာထွန်း၊ ဦးဇင်ထွန်း–ဒေါ်အေးအေးငြိမ်းတို့၏ချစ်လှစွာသောမိခင်၊ သန့်ဇော်ထွန်း၊ ကောင်းမြတ်စိုး၊ ဟန်ဇော်ထွန်း၊အေးသီတာမွန်၊ သူရိန်စိုး၊ နှင်းပန်းဖြူဖြူတို့၏ ချစ်လှစွာသော အဘွားသည် ၅–၈–၂၀၀၃ရက်တွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၇–၈–၂၀၀၃ရက် နံနက် ၁၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ဗိုလ်ချုပ်လမ်းနှင့် (၃၃)လမ်းထိပ် ရထားလက်မှတ်ရုံမှ နံနက် ၉း၃၀နာရီတွင် ဆေးရုံသို့ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင် (၇၆)နှစ်

ပေါင်းလောင်းအသင်းဝင်
(ရွှေကျင်–ဒုံဇရစ်)

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာနေ (ဦးခ–ဒေါ်ချိုးရွက်)တို့၏ သား၊ (ဒေါ်အုံးမြိုင်)၏ခင်ပွန်း၊ ဦးငွေစိုး–ဒေါ်ဇင်ဇင်ဝေတို့၏ဦးလေး၊ ရွှေကျင်မြို့နယ်၊ ဒုံဇရစ် ကျေးရွာနေ ဦးလှအောင်–ဒေါ်မြင့်ကြည်၊ ဦးအောင်မြင့်–(ဒေါ်ယဉ်ယဉ်သန်း)၊ ဦးဟံတိုး–ဒေါ်ကြည်သန်း၊ ဦးဌေးနိုင်–(ဒေါ်ခင်မာညို)၊(ဦးတင်ဌေး)–ဒေါ်သန်းသန်းဆင့်၊ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)၊ (၈၈)ရပ်ကွက်နေ ကိုတင်စိုး–မနီနီမာ၊ ကိုတင်အေး–မဝင်းဝင်းခိုင်၊ ကိုဇော်ဝင်း–မရီရီချို၊ မောင်တင့်ဇော်၊ မောင်ကျော်ဇော်လွင် – မချိုချိုခိုင်၊ မောင်ရန်နောင်စိုး(ခ)တာတီးတို့၏ ဖခင်၊ မြေး ၂၁ယောက်၊ မြစ်၁၀ယောက်တို့၏ အဘိုးသည် ၄–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် (၈၈)ရပ်ကွက်၊ အမှတ်(၅၇၉/က)၊ စကားဝါလမ်းနေအိမ်မှ ကျည်စုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကျောင်း၊ ရဟန်းဒါယိကာမကြီး

ဒေါ်တင်ရီ (၇၆)နှစ်

(သိမ်ကြီးဈေး)

ရန်ကုန်မြို့၊ အမှတ်(၁၃၂)၊ ရွှေတောင်တန်းလမ်းနေ (ဦးကျေး–ဒေါ်ဆိုင်)တို့၏ ဒုတိယသမီး၊ (ဦးအေးကြည်–ဒေါ်ခင်ကြည်)၊ (ဦးလှစိန်)–ဒေါ်တင်ကြည်တို့၏ ညီမ၊ ဦးမွန်ရိုက်–ဒေါ်နွဲ့နွဲ့တို့၏ အစ်မ၊ ဦးခင်မောင်ကျော်(ရွှေပုစွန်ကုမ္ပဏီလီမိတက်)–ဒေါ်မာလာစိန်(စက်မှုဆေးဝါး)တို့၏ အဒေါ်၊ မောင်ကျော်ဇင်ဦး(အထက–၃၊ ဒဂုံ)၏ အဘွားသည် ၄–၈–၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ဦးကြည် အသက်(၇၀)

(တညောင်)

မကွေးတိုင်း၊ စလင်းမြို့နယ်၊ တညောင်ရွာနေ (ဦးဘသန်း–ဒေါ်လှသောင်း)တို့၏ သမီး၊ (ဦးဘထွန်း–ဒေါ်သိန်းညွန့်)တို့၏ ချွေးမ၊ တညောင်ရွာနေ(ဦးမျိုးညွန့်)–ဒေါ်ဝင်းဌေး၊ ဦးဌေးလွင်ဦး–ဒေါ်လဲ့လဲ့သန်း၊ အမှတ်(၁၆)၊ (၅၂/ခ)၊ (၂၅)လမ်း၊ နဝဒေးဥယျာဉ်၊ လှိုင်သာယာ၊ ရန်ကုန်မြို့နေ ဦးကိုကိုလွင်–ဒေါ်လှလှဌေး၊ ဦးထွန်းညွန့်ဦးတို့၏ မွေးသမိခင်၊ မြေး ရှစ်ယောက်တို့၏ အဘွားသည် ၄–၈–၂၀၀၃ရက်တွင် ရန်ကုန်မြို့မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၆–၈–၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ကောသလ္လ သိက္ခာတော်(၅၀)၊ သက်တော်(၇၀)

ချောက်မြို့၊ ငွေတောင်တိုက်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဥပနာယက၊ မြို့နယ် သံဃနာယကအဖွဲ့(အကျိုးတော်ဆောင်) ဘဒ္ဒန္တကောသလ္လ(သာသနဓဇဓမ္မာစရိယ) မဟာဂန္ထဝါစကပဏ္ဍိတဆရာတော်အရှင်သူမြတ်သည်(၁၃၆၅–ခု ဝါခေါင်လဆန်း ၆ရက်)၊ ၃–၈–၂၀၀၃(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၉–၈–၂၀၀၃ရက်တွင် အန္တိမအဂ္ဂိဈာပနပူဇော်ပွဲကျင်းပ ပြုလုပ်မည်ဖြစ်ပါကြောင်း ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ပဓာနနာယကဆရာတော်ဘဒ္ဒန္တ နရပတိအရှင်မြတ်နှင့် ဈာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အရှင်ကုသလသာမိ (ဦးမောင်မှဲ့)

(ရမ်းဗြဲမြို့နယ်၊ ထန်းပြိန်)

သိက္ခာတော်(၈)ဝါ၊ သက်တော်(၇၁)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ အလတ်ချောင်းရပ်ကွက်၊ ချောင်းဝကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်တော်မူသော အရှင်ကုသလသာမိ(ထန်းပြိန်)သည် (၁၃၆၅–ခု၊ ဝါခေါင်လဆန်း ၈ရက်)၊ ၅–၈–၂၀၀၃ (အင်္ဂါနေ့) နံနက် ၉နာရီတွင် ချောင်းဝကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်၍ ကျန်ရစ်သော ရုပ်ကလာပ်တော်ကို (ဝါခေါင်လဆန်း ၁၀ရက်) ၇–၈–၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အလတ်ချောင်းသုသာန်၌ အဂ္ဂိဈာပနသဘင်ဆင်ယင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဆရာတော်နှင့်တပည့်ဒါယကာဒါယိကာမများ၊ အလတ်ချောင်းရပ်ကွက်။

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးသိန်းဌေးဝင်း(ငြိမ်း)(ခ)ဦးဗိုလ်

လက်ထောက်အထွေထွေမန်နေဂျာ
မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန

၄–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးတင်ထွဋ်–ဒေါ်မြင့်မြင့်သန်း
ဦးဌေးဦး–ဒေါ်ကြူကြူမြင့်
ရွှေချမ်းသာဒေါင်းမင်းဂေဟာမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ကိုအောင်စိုးမိုး(ဒုတိယနှစ်ဥပဒေ–ဒဂုံတက္ကသိုလ်)သည် ၄–၈–၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယနှစ်(ဥပဒေ)
(၂၀၀၀)အောင်ကျောင်းသူ၊ကျောင်းသားများ။

ရဟန်းအမ

ဒေါ်ရွှေ (၇၂)နှစ်

သတင်းစာကိုယ်စားလှယ်(အင်းစိန်)

ဧရာဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ ငွေ့တန်းကျေးရွာနေ (ဦးထွန်းကျော်–ဒေါ်မယ်စိန်)တို့၏ သမီး၊ အင်းစိန်မြို့၊ ပိန္နဲကုန်းရပ်ကွက်၊ ဘောဓိရိပ်သာလမ်း၊ အမှတ်(၂၃၉)နေ (ဦးစန်းဦး)၊ ကိုမြင့်ဦး(ထွေ/အုပ်၊ အင်းစိန်)–မနွဲ့နွဲ့ရီ၊ မမြင့်မြင့်ဦး၊ ကိုစန်းလွင်–မမြမြဦး၊ မောင်ခင်မောင်အေး၊ မောင်လှဌေး–မနီလာသိန်း၊ မအေးအေးမြင့်၊ မောင်ယဉ်ထွေးတို့၏ မိခင်၊ မြေး ငါးယောက်တို့၏ အဘွား၊ (ဦးဒိုင်းမွန်း)၏ဇနီး ဒေါ်ရွှေသည် ၄–၈–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၆–၈–၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာ

ဗိုလ်မှူးသိန်းဌေးဝင်း(ငြိမ်း)

ကြည်း/၁၄၀၂၈
အသက်(၄၈)နှစ်
တော၈(၄)
လက်ထောက်အထွေထွေမန်နေဂျာ
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန
(မိုင်းရှူးမြို့)

တောင်တွင်းကြီးမြို့နယ်၊ ရွှေကြာအင်းရပ်နေဦးမြသောင်း–ဒေါ်ထွေးတို့၏ သား၊ သထုံမြို့နေ (ဦးမောင်အောင်–ဒေါ်အေးညွန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တိုက်(၄)၊ အခန်း(၄၀)၊ မြို့ပြအိမ်ရာ တောင်ဘက်၊ (၈)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ခင်မော်၏ ချစ်လှစွာသောခင်ပွန်း၊ မယဉ်မွန်ဝင်း (စီးပွားရေးတက္ကသိုလ်၊ ပထမနှစ်)၊ မောင်အောင်ကိုကို၊ မောင်အောင်ညီညီ (X.G၊ အထက–၂၊ကမာရွတ်)၊မစုမွန်ဝင်း (IV-B၊ အထက–၂၊ ကမာရွတ်)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ ရန်ကုန်မြို့နေ ဦးကျော်ညွန့်–ဒေါ်စန်းစန်းဝေ (M.F.T.B)၊ဦးကြည်ကို(မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အင်းစိန်)–ဒေါ်ခင်ခင်ဝေ၊ ဒေါ်လှလှကြူ(အထက–၁၊ တောင်ဥက္ကလာပ)၊ ဦးတင်ကို–ဒေါ်လှလှမူ၊ ဦးဝင်းကို–ဒေါ်သန်းသန်းမူ၊ ဦးဝင်းအောင်–ဒေါ်အေးအေးမော်၊ ဗိုလ်ကြီးကျော်စွာထွန်း–ဒေါ်သန်းသန်းခိုင်၊ ဒေါ်စန္ဒာအောင်(M.F.T.B)တို့၏ မောင်/အစ်ကိုသည် ၄–၈–၂၀၀၃ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၆–၈–၂၀၀၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၈–မိုင်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ငြိမ်း အသက်(၇၀)

ဆည်မြောင်းဦးစီးမှူး(ငြိမ်း)
(မိတ္ထီလာ)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၄)၊ ပထမထပ်(ဝဲ)၊ ပိတောက်ပင်အောက်လမ်း၊ကြည့်မြင်တိုင်မြို့နယ်နေ (ဦးမောင်–ဒေါ်ထား)တို့၏ သား၊ ရန်ကုန်မြို့နေ (ဒေါက်တာဦးကျော်လွင်)–ဒေါ်ဆွေဆွေလွင်၊ ဦးနေလင်းငြိမ်း–ဒေါ်ချိုချို၊ ဦးလှမျိုးငြိမ်း၊ ဒေါ်အုန်းမိမိ(မိတ္ထီလာ)၊ ဦးဇော်မြင့်–ဒေါ်ခိုင်မိုးငြိမ်း၊ ဦးသိန်းထွန်းငြိမ်း၊ ဒေါ်မော်မော်(မိတ္ထီလာ)၊ ဗိုလ်ကြီးသိုက်ထွန်း–ဒေါ်အေးမိုးငြိမ်းတို့၏ ဖခင်၊ မြေး ၁၃ယောက်တို့၏ အဘိုးသည် ၄–၈–၂၀၀၃ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၆–၈–၂၀၀၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာ

ဗိုလ်မှူးသိန်းဌေးဝင်း(ငြိမ်း)

ကြည်း/၁၄၀၂၈
အသက်(၄၈)နှစ်
တော၈(၄)
လက်ထောက်အထွေထွေမန်နေဂျာ
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန
(မိုင်းရှူးမြို့)

တောင်တွင်းကြီးမြို့နယ်၊ ရွှေကြာအင်းရပ်နေ ဦးမြသောင်း–ဒေါ်ထွေးတို့၏ သား၊သထုံမြို့နေ(ဦးမောင်အောင်–ဒေါ်အေးညွန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တိုက်(၄)၊ အခန်း(၄၀)၊ မြို့ပြအိမ်ရာ တောင်ဘက်၊ (၈)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ခင်မော်၏ ချစ်လှစွာသောခင်ပွန်း၊ မယဉ်မွန်ဝင်း (စီးပွားရေးတက္ကသိုလ်၊ ပထမနှစ်)၊ မောင်အောင်ကိုကို၊ မောင်အောင်ညီညီ (X.G၊ အထက–၂၊ကမာရွတ်)၊မစုမွန်ဝင်း (IV.B၊ အထက–၂၊ ကမာရွတ်)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ တောင်တွင်းကြီးမြို့နေ (ဦးခင်မောင်ဝင်း)–ဒေါ်ရီရီမြင့်၊ ဒေါ်ရီရီမြင့်တို့၏ မောင်၊ ဦးဝင်းမြင့်ဌေး၊ ဒေါက်တာသန်းဌေးဝင်းတို့၏ အစ်ကို၊ မမိုးမိုးသန့်၊ မဖြိုးဖြိုးသန့်၊ မြတ်မွန်မျိုး၊ ဘိုဘိုတို့၏ ဦးလေးသည် ၄–၈–၂၀၀၃ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၆–၈–၂၀၀၃ရက် ညနေ ၃နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၈–မိုင်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ဒီဇယ်စက်ခေါင်းများ၊ ခရီးတိုသွား တွဲဆိုင်းများ အောင်မြင်စွာ တီထွင်ထုတ်လုပ်ပေးနေသည့် အင်းစိန် မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ

သတင်းဆောင်းပါး
ခရမ်းခိုးမြင့်
ဓာတ်ပုံမှတ်တမ်း
ရေချမ်းမြင့်

ရန်ကုန် ဩဂုတ် ၅

မြန်မာ့မီးရထားပြန်ကြားရေးက လာကြိုသော ကားကလေးဖြင့် ကြေးမုံသတင်းအဖွဲ့သည် လွန်ခဲ့သော ဇူလိုင် ၂၄ ရက်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ အင်းစိန်သို့ ရောက်ရှိခဲ့ကြသည်။

မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ အင်းစိန်သည် မူလရည်မှန်းချက်၊ ထပ်တိုးရည်မှန်းချက် တာဝန်များဖြင့် မြန်မာ့မီးရထားအကျိုးသယ်ပိုးရင်း ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရန်ကုန်-အင်းစိန်လမ်းမကြီး၏ အနောက်ဘက် တစ်ဖာလုံခန့်အကွာတွင် တည်ရှိသည်။

အင်းစိန်စက်ခေါင်းစက်ရုံကြီးမှာ မြန်မာ့မီးရထားသမိုင်းတွင် မြန်မာနိုင်ငံ၌ ရထားစတင်ပြေးဆွဲရန် အကြိုလုပ်ငန်းအဖြစ် ပထမဆုံးတည်ဆောက်ခဲ့သော သက်တမ်း(၁၂၈)နှစ် ရှိနေပြီဖြစ်သည့် စက်ရုံကြီးတစ်ရုံဖြစ်သည်။ အကျယ်အဝန်းမှာ ၂၆ ဒသမ ၇၈ ဧကရှိပြီး လက်ရှိလုပ်ငန်းသဘာဝအပေါ်မူတည်၍ စက်ရုံခွဲများဖြင့် ဖွဲ့စည်းထားသည်။

စက်ရုံတည်ဆောက်ပြီးစတွင် ပုံသွန်းရုံ၊ တွင်ရုံ၊ စက်တည်ရုံ၊ ပန်းပဲရုံနှင့် စက်ဆင်ရုံများ ပါဝင်သော အလုပ်ရုံခွဲ ငါးရုံသာ ရှိခဲ့ရာမှ ၁၉၂၈ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်အတွင်း စက်ရုံခွဲ ၁၀ ရုံထိ တိုးချဲ့တည်ဆောက် လုပ်ကိုင်ခဲ့ကြသည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❒

အင်းစိန် စက်ခေါင်းစက်ရုံတွင် ဒီဇယ်လျှပ်စစ်စက်ခေါင်းကြီးများ အကြီးစားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိလာသော စက်ခေါင်းကြီးကို ဝန်ချီစက်ကြီးဖြင့် သယ်ယူ၍ အလုပ်ရုံအတွင်း ပို့ပေးနေသည်ကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အာရှဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်များ မလေးရှား၌ ကျင်းပမည် အောင်မြင်မှုရရှိရေး နည်းပြအဖွဲ့သစ်ဖြင့် လေ့ကျင့်

ရန်ကုန် ဩဂုတ် ၅

အာရှတိုက်၏ အဆင့်မြင့်ပြိုင်ပွဲတစ်ရပ်ဖြစ်သော အာရှဖလားဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် ခြေစစ်ပွဲများကို မကြာမီ လအနည်းငယ်အတွင်း ကျင်းပတော့မည်ဖြစ်သည်။

ပြင်းပြင်းထန်ထန်

ပထမအဆင့် ခြေစစ်ပွဲအောင်မြင်ထားသော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဒုတိယအဆင့် ခြေစစ်ပွဲအတွက် ပြင်ဆင်နေပြီဖြစ်သည်။ ဇူလိုင်လဝက်မှစ၍ ပဏာမကစားသမားများ ရွေးချယ်ကာ နည်းပြချုပ် ဦးတင်ဟန်၊ လက်ထောက်နည်းပြ ဦးတင်မြင့်အောင်နှင့် ဦးစိုးနိုင်၊ ဂိုး-နည်းပြအဖြစ် ဦးစိုင်းမောင်မောင်ဦးတို့က ကိုင်တွယ်ကာ ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အာရှဖလားပြိုင်ပွဲနှင့် မစိမ်းလှပေ။ တစ်ချိန်က ဒုတိယဆုအထိပင် ရရှိခဲ့ဖူးသော သာဓကရှိခဲ့သည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍

၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထား

ရန်ကုန် ဩဂုတ် ၅

၂၀၀၃ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့ စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့် ပုံစံများကို ၁၂-၈-၂၀၀၃ရက် (အင်္ဂါနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများကို ၁၂-၈-၂၀၀၃ ရက်မှ ၁-၉-၂၀၀၃ရက်အထိ (စနေ-တနင်္ဂနွေ) ရုံးပိတ်ရက်များ အပါအဝင် (ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။ အသေးစိတ်သိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၃၁၄၇၊ ၅၃၇၆၇၇၊ ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

သတင်းဆောင်းပါး
ညီညီစိုးညွန့်
ဓာတ်ပုံမှတ်တမ်း
စိုးညွန့်(ကြေးမုံ)

အနီးကပ် သင်ကြားပြသ

တိုက်စစ်မှူး ကျော်သူရအား အနီးကပ် သင်ကြားပြသနေသည့် နည်းပြချုပ် ဦးတင်ဟန်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ပဏာမမြန်မာ့လက်ရွေးစင်

အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲအတွက် လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ကစားသမားများ။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ယနေ့ထုတ်စောင်ရေ
၂၂၄၇၁၆